www.burmeseclassic.com

# မင်းတခ်ိ

Min Ta Khit



# ပဍုပိုင်ယာ

လုံးချင်းဝတ္ထု

Strange Love Reality & Story

www.burmeseclassic.com

www.burmeseclassic.com

မင်းတခေတ်

M i n T a K h i t

VAMPIRE

# ဗန်ပိုင်ယာ

(လုံး ချင်း ဝ တ္ထု သစ်)

**Strange Love Romance Story**

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ

ဒေါ်ခင်မာချို

(ပန်းဝေဝေစာပေ)

အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

Color King ပုံနှိပ်တိုက်

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်၊ ၂၀၁၂၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀ အုပ်

တန်ဖိုး - ၁၃၀၀ ကျပ်

ဖြန့်ချိရေး – **ရသစာအုပ်တိုက်**

အမှတ် ၇၇၊ စိန်ခြယ်လမ်း၊ (၅) ရပ်ကွက်၊ ဒဂုံအရှေ့။

ဖုန်း - ၀၉-၅၄၀၉၃၂၂၊ ၀၉-၄၉၂၂၀၉၅၉

၈၉၅.၈၃

မင်းတခေတ်

ဗန်ပိုင်ယာ / မင်းတခေတ် ။ - ရန်ကုန်၊

ပန်းဝေဝေ ၊ ၂၀၁၂ ။

၁၉၈ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) ဗန်ပိုင်ယာ

www.burmeseclassic.com

www.burmeseclassic.com

- ပန်းချီကားအတွင်းမှ ထူးဆန်းစွာ ပျောက်ဆုံးသွားသော မိန်းမပျိုလေးတစ်ဦး၊
- ကိုနိုစာတစ်ခုမှ လွတ်မြောက်အောင် အကူအညီပေးခဲ့မိ သော လူငယ်ဒါရိုက်တာလေးတစ်ဦး၊
- သုခုမမင်းသားလေးနှင့် ဒွေးမယ်နှော် နတ်သမီးလေးတို့ ကဲ့သို့ ချစ်ခင်သက်ဝင်မေတ္တာပွားသွားကြသော လူသား တစ်ဦးနှင့် နတ်သမီးလေးတစ်ပါး။
- ဂရိဒဏ္ဍာရီထဲမှ မြေနတ်သမီးလေး ဂိုယာ (Goea) နှင့် နတ်ဆိုးကိုင် ပိုက်သွန် (Python)
- မယ်တော်ကြီး၏အမိန့်ကို လွန်ဆန်မိ၍ အကျဉ်းချခံခဲ့ရသော မင်းသမီးလေးတစ်ပါးနှင့် အိပ်မက်ဆန်သော အချစ်တစ်ခုရဲ့ အကြောင်းတို့ကို ဖွဲ့စည်းထားသော လူငယ်စာရေးဆရာ

မင်းဇာနေဇော်

ရဲ့

**VAMPIRE**

www.burmeseclassic.com

www.burmeseclassic.com

❑ ♡Line ပေါ်တွင် . . .

နှတ်သီးတစ်ပါး Chatting ထိုင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိန်းရောပုံပြင်မှ မက်သမက်သစ် လိမ္မော်ရောင်

$$= \text{ရုပ်ပုံ} \frac{\text{စကားနု}}{\text{အချစ်}} + \text{ပန်းသီး} \frac{\text{အနမ်း}}{\text{ရင်ခွင်}} - \text{အလွမ်း} \frac{\text{နွေ}}{\text{ခြေရာ}}$$

$$= \frac{\text{ကောင်းကင်ဘုံ}}{\text{အချစ်}} + \frac{\text{မေတ္တာ}}{\text{ရင်ခွင်}} - \frac{\text{မျက်ရည်}}{\text{ခြေရာ}}$$

$$= \frac{\text{မျက်လုံး} + \text{အရိပ်} - \text{ဝေဒနာ}}{\text{ရသ}}$$

$$= \frac{\cancel{\text{ဥပေက္ခာ}}}{\cancel{\text{ရသ}}} \text{အိပ်မက်}$$

$$= \text{အိပ်မက်}$$



www.burmeseclassic.com

www.burmeseclassic.com

# (A)

ရန်ကုန်မြို့နှင့် မိုင် (၇၀) ခန့်သာကွာဝေးသော နယ်မြို့လေးတစ်မြို့တွင် ဖြစ်သည်။ ထိုနယ်မြို့လေး၏ တစ်ကျောင်းတည်းသော ဘုန်းတော်ကြီးကျောင်းဝင်းထဲတွင်ဆိုလျှင် ပိုတိကျပါမည်။

ထိုကျောင်းဝင်းထဲတွင် လူအတော်များများ စုရုံးနေကြ၏။ ကိစ္စတစ်ခုကိုလည်း ထင်မြင်ယူဆချက်အမျိုးမျိုးဖြင့် ပြောဆိုနေကြသည်။

"ဒီကိစ္စကို ဘယ်လိုထင်လဲ"

"ငါတော့ မပြောတတ်ဘူး၊ ဒါက ယုံရခက် မယုံရခက်ပဲကွ"

"အို ... ကျွန်မကတော့ ယုံတယ်၊ ရှင်တို့လည်း ညက အဖြစ်အပျက်ကို မြင်လိုက်ကြတာပဲ မဟုတ်လား"

ယောကျ်ားကြီးနှစ်ယောက်၏ထင်မြင်ချက်ကို မိန်းမကြီးတစ်ယောက်က မဆီမဆိုင်ဝင်ပြီး အတည်ပြုပေးလိုက်ခြင်း ဖြစ်သည်။ ပါးစပ်တလည်းတီးတိုး ပြောဆိုသွားခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာဇဝင်ထဲက နတ်သမီးလေး လွတ်မြောက်သွားပြီ"ဟဲ့။

(၂၁) ရာစုနှစ်ရဲ့လူသားတစ်ဦးအနေဖြင့် ထိုအဖြစ်အပျက်ကို လက်ခံလိုက်ရန်အတွက် အတော်ခက်ခဲလွန်းပါသည်။

သို့ပေမယ့် ...။

သည်ပါးစပ်ရာဇဝင်လေးကို ဟောဒီနယ်မြို့လေးတစ်မြို့လုံး မကြားဖူးသူ မရှိပါ။ အိပ်ရာဝင်ပုံပြင်လေးတစ်ပုဒ်အဖြစ်နှင့် အားလုံးကြားသိထားပြီးသားကိစ္စတစ်ခုဖြစ်သည်။

ယခုလို အမှန်တကယ်ဖြစ်ပေါ်လာမည်ကိုတော့ မည်သူမှ ထင်မှတ်မထားခဲ့ချေ။

ထိုနယ်မြို့ကလေးတွင် ညက အချိန်အခါမဟုတ်ပါဘဲ မိုးကြီးသဲသဲမဲမဲ ရွာသွန်းခဲ့သည်။ လျှပ်ပန်းလျှပ်နွယ်များနှင့် မိုးခြိမ်းသံတို့က ထူးဆန်းလွန်းနေသည်။ တစ်သက်မှာတစ်ခါ ကြုံရခဲ့သည့် အသွေးအရောင်တို့ကြောင့် တစ်မြို့လုံး ကြက်သီးပင်ထမိကြ၏။ နောက် ...။

ကောင်းကင်ယံမှ တောက်ပလင်းလက်လှသော အရာတစ်ခုသည် ထိုဘုန်းတော်ကြီးကျောင်းထဲသို့ ကြယ်ကြွေသလို ပြုတ်ကျလာခဲ့သည်ကို လည်း တစ်မြို့လုံးနီးပါး တွေ့မြင်လိုက်ကြရ၏။

ထိုအရာဝတ္ထု၏ ထူးဆန်းတောက်ပလှသော အလင်းတန်းကြောင့် မြေပြင်တစ်ခုလုံး တဒင်္ဂလင်းထိန်သွားခဲ့သည်။ နောက်တော့ ... အရာအားလုံးက ဘာမှမဖြစ်ခဲ့သလို ပကတိတိတ်ဆိတ်ငြိမ်သက်သွားသည်။ အားလုံးကတော့ ကြယ်ကြွေသည်ဟုပင် ရင်ထဲမှာ ကိုယ်စီမှတ်ချက်ပေးခဲ့ကြသည်။

နံနက်မိုးသောက် အလင်းရောက်မှ ထိုသတင်းက ပျံ့လွင့်လာခဲ့၏။

"ပန်းချီကားထဲက နတ်သမီးလေးပုံ ပျောက်သွားတယ်ဟဲ့"

"ပန်းချီကားထဲက မင်းသမီးလေး အသက်ဝင်သွားပြီ"

**ရသစာအုပ်တိုက်**

www.burmeseclassic.com


"ဒဏ္ဍာရီထဲက ကောင်မလေး လွတ်မြောက်သွားပြီ"

"...."

သံတူကြောင်းကွဲ သတင်းတွေဆိုပေမယ့် ဆိုလိုရင်းကတော့ တစ်ခုတည်းပင် ဖြစ်၏။ ထိုသတင်း စတင်ရာ အရင်းအမြစ်ကတော့ ကပ္ပိယကြီး ဦးဖိုးနီထံမှ ဖြစ်သည်။ ဦးဖိုးနီ၏ပြောပြချက်အရ ...

"ကျုပ်က ခင်ဗျားတို့လည်း သိတဲ့အတိုင်းပဲလေ၊ ဒီဘုန်းကြီးကျောင်းမှာနေလာခဲ့တာ အနှစ် (၄၀) ကျော်ပြီ၊ ဒီကျောင်းက အတော်ကျယ်ဝန်းတယ်ဆိုပေမယ့် ကျုပ် မရောက်ဖူးတဲ့နေရာ, ကျုပ်မဝင်ဖူးတဲ့အခန်းဆိုတာ မရှိဘူး၊ ပြီးတော့ မြို့ထဲမှာ သရဲခြောက်တယ်လို့ နာမည်ကြီးပြီး ညမှောင်ရီပျိုးတာနဲ့ အနားက ဖြတ်လျှောက်ဖို့တောင် မရဲကြတဲ့ ဟောဒီ 'ဗိမာန်' ဆိုတဲ့ အခန်းလေးထဲကိုလည်း ကျုပ်က ဝင်ထွက်နေခဲ့တာပါပဲ၊ အဲ ... ညဖက်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဆရာတော်ရဲ့အမိန့်နဲ့ ကျုပ်က တစ်ကျောင်းလုံးရဲ့သန့်ရှင်းရေးကို တာဝန်ယူထားရတော့ ဒီ 'ဗိမာန်' ဆိုတဲ့ အခန်းထဲကိုလည်း မဝင်မဖြစ်ဝင်ပြီး သန့်ရှင်းရေးလုပ်နေကျပဲ၊ ဒီအခန်းထဲမှာ ဒီပန်းချီကား ရှိနေတာကိုလည်း အားလုံးအသိပဲမဟုတ်လား၊ ဒီနေ့မနက် ကျုပ် သန့်ရှင်းရေးဝင်လုပ်တော့ ပန်းချီကားထဲမှာ မင်းသမီးလေးပုံ မရှိတော့ဘူး၊ မယ်တော်ကြီးတစ်ယောက်တည်းပဲ ရှိတော့တယ်၊ ကျုပ်တောင် သရဲခြောက်ခံရပြီဆိုပြီး ကြက်သီးတွေထနေတာ၊ ဆရာတော်ကြီးကတော့ ပုံကိုလာကြည့် ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာကလွဲပြီး ဘာမှမိန့်မသွားဘူး"

သို့ဖြင့် ...

ထိုကျောင်းဝင်းလေးထဲတွင် လူအများ စုရုံးရောက်ရှိနေကြ၏။ သတင်းရရှိထားသည့် ရန်ကုန်မြို့မှ ဂျာနယ်လစ်တချို့ပင် ရောက်ရှိလာပြီး ပန်းချီကားအပါအဝင် ဘုန်းကြီးကျောင်းနေရာအနှံ့ကို ကင်မရာဖြင့်ဖျပ်ဖျပ် လိုက်ရိုက်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com


တချို့က နယ်ခံများကို ပန်းချီကားနှင့်ဆက်စပ်သည့် ဒဏ္ဍာရီအကြောင်းကို မေးမြန်းသတင်းယူနေကြသည်။ ပန်းချီကားထဲက မိန်းကလေးတစ်ယောက် ပျောက်ဆုံးသွားတယ်ဆိုတာကလွဲပြီး မည်သူမျှ ရာဇဝင်ကို တိတိပပ မပြောနိုင်ကြချေ။

ကပ္ပိယကြီးအဆိုအရ ဆရာတော်ကြီးကတော့ ဒီရာဇဝင်ကို ကောင်းကောင်းသိထားသည်ဟု သိရ၏။

လောကမှာ သည်လိုအဖြစ်အပျက်မျိုး အမှန်တကယ် တည်ရှိနိုင်ပါ့မလား။ သည်လိုဆို ... ပန်းချီကားထဲက ကောင်မလေးက ဘယ်လို ပျောက်ဆုံးသွားခဲ့တာလဲ။

တွေးကြည့်လျှင် ရှုးသွားနိုင်လောက်သည့် အဖြစ်အပျက်တစ်ခုပင်။

တစ်စုံတစ်ယောက်က တစ်စုံတစ်ရာဆန္ဒကြောင့် ပန်းချီကားကို လုပ်ဇာတ်ထွင်လိုက်တာရော မဖြစ်နိုင်ဘူးလား။

တချို့က ဒီအဖြစ်အပျက်ကို လက်မခံနိုင်ကြ။ တချို့က ဒီအဖြစ်အပျက်ကို စူးစူးနစ်နစ် ယုံကြည်ကြသည်။ တချို့ကတော့ ...

မည်သို့ပင်ရှိစေကာမူ ထိုပန်းချီကားထဲမှ မိန်းကလေးတစ်ဦးသည် ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်၏။ ထိုထူးဆန်းသော အဖြစ်အပျက်တစ်ခုနှင့်အတူ အနည်းငယ်ထူးဆန်းသော ကိစ္စတစ်ခုလည်း ရှိပါသေးသည်။ ထိုအဖြစ်အပျက်နှစ်ခု တစ်ခုနှင့်တစ်ခု ဆက်စပ်ပတ်သက်နေ,မနေကိုတော့ မပြောတတ်ပါ။ ထိုအရာကတော့ မီးကျွမ်းနေသော SAMSUNG အမှတ်တံဆိပ် Hand phone တစ်လုံးပင် ဖြစ်လေတော့၏။

ထို phone ကိုလည်း ပန်းချီကားအောက်နားမှ ကပ္ပိယကြီး ဦးဖိုးနီပင် ကောက်ရခဲ့တာဖြစ်သည်။ ထို Hand phone က ဒီ 'ဗိမာန်' အသည်းရှိ အခန်းထဲကို ဘယ်လိုကြောင့် ရောက်လာခဲ့တာလဲ။

ပန်းချီကားနှင့် Hand phone မည်သို့ပတ်သက်ပါသနည်း။ ညက


www.burmeseclassic.com

www.burmeseclassic.com


ကြယ်ကြွေသလို ပြုတ်ကျခဲ့သည့် အလင်းတန်းကြီးနှင့်ရော မည်သို့သက် ဆိုင်နိုင်သနည်း။

တွေးလေ ဝေးလေ ဆိုသလို အဖြေရှာမရနိုင်ပါ။ ခေတ်ပညာတတ် တချို့ကတော့ . . .

"ညက လူတစ်ယောက်ယောက် ဒီအခန်းထဲကို မိုးခိုရင်းရောက် လာပြီး phone ပြောဖြစ်မယ်ဗျာ၊ phone လိုင်းနဲ့ လျှပ်စီးတို့ ပူးဝင်ပြီး မိုး ကြိုးပစ်ချလိုက်တာနေမှာပေါ့၊ အဲဒါကြောင့် အလင်းတန်းကြီး ထွက်လာတာ ရော မဖြစ်နိုင်ဘူးလား"

အားလုံးက တွေးတွေးဆဆနှင့် လက်ခံသလို ခေါင်းညိတ်ကြ၏။ သို့သော် . . .

"ဒီလိုဆိုရင် . . . ဖုန်းပိုင်ရှင်ရဲ့ မီးကျွမ်းနေတဲ့အလောင်းကို တွေ့ ရမှာပေါ့၊ ဘယ်မလဲ အလောင်း"

"ဟင်!"

စကားအဆုံးမှာတော့ အားလုံး ဆွံ့အသွားကြသည်။ သေချာသည် ကတော့ ဒီအဖြစ်အပျက်သည် ထူးဆန်းသော၊ ပဟေဠိဆန်သော အဖြစ် အပျက်တစ်ခုပင် ဖြစ်၏။

ဂျာနယ်လစ်အချို့ကတော့ ပန်းချီကားနှင့်ဆက်နွယ်သည့် ဒဏ္ဍာရီ ကို သိလိုသည်ကြောင့် ဆရာတော်သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်း ပေါ်သို့ တက်သွားကြပြီ ဖြစ်သည်။

ကျောင်းဝင်းလေးထဲကိုတော့ အနီးအနား ပတ်ဝန်းကျင်ရွာများမှ လူများအပါအဝင် လူအများ တဖွဲဖွဲရောက်ရှိလာနေပြီပင် ဖြစ်၏။

■


www.burmeseclassic.com

www.burmeseclassic.com

❑ လူများကို ဘယ်လိုလူစားမျိုးပါဆိုပြီး ကဲ့ရဲ့ဝေဖန်ပြောဆိုနေခြင်းဟာ ကိုယ် ဘယ်လိုလူစားမျိုးဖြစ်နေတယ်ဆိုတာကို ဖော်ပြနေခြင်းပါပဲ . . .။

As long as I respect myself, I don't need to be concerned with other's opinions.

❑ မိမိကိုယ်မိမိ လေးစားမှုရှိနေသ၍ တခြားသူတွေ မိမိကို ဘယ်လိုထင်မြင်နေတယ်ဆိုတာကို ဂရုစိုက်နေစရာ မလိုဘူး . . .။

www.burmeseclassic.com

www.burmeseclassic.com

# (B)

"ဘာကွ! မင်း ဘယ်လိုပြောလိုက်တာလဲ ထင်ရှား"

"ဟုတ်တယ် ဖေဖေ ... သား ဆေးကျောင်းမတက်ချင်ဘူး၊ သား ဝါသနာပါတဲ့ အနုပညာတက္ကသိုလ်ကိုပဲ တက်ချင်တယ်"

သူ့စကားကြောင့် အဖေဖြစ်သူ ဦးရှားလူတစ်ယောက် ပိုမိုဒေါပွသွားပုံရ၏။ နှာမှုတ်သံ တိုးလျှလျှကိုပင် ကြားနေရသည်။

သားကို သခင်၊ လင်ကို ဘုရားလို သတ်မှတ်နေလာခဲ့သည့် အမေဖြစ်သူ ဒေါ်ပုံရိပ်ထင်မှာတော့ လင်နှင့်သားကြားမှာ ဘာဝင်ပြောရမည်မသိ ဖြစ်နေရသည်။

"မင်း ရူးနေသလား မင်းထင်ရှား၊ သူများသားသမီးတွေမှာ ဆေးကျောင်းကို တက်ချင်လွန်းလို့ တစ်ပိုင်းကို သေနေတာပဲ၊ ဒါပေမဲ့ ဆေးမှတ်မမီကြဘူး၊ တချို့တွေကတော့ အမှတ်ကောင်းပေမယ့် ငွေကြေးပြဿနာကြောင့် ဆေးကျောင်းကို တက်ခွင့်မရကြဘူး၊ အခု မင်းအတွက် ဘာလိုအပ်



www.burmeseclassic.com

www.burmeseclassic.com



သလဲ ပြော၊ အားလုံးရေကန်အသင့် ကြာအသင့်ပဲ"

"ဆေးပညာကို သား စိတ်မဝင်စားဘူး ဖေဖေ၊ သားကို အနုပညာ တက္ကသိုလ်ကိုပဲ တက်ခွင့်ပြုပါ"

"တောက်! ကွာ"

မေမေ့ကို သူ စစ်ကူတောင်းသလို မျက်နှာရိပ်မျက်နှာကဲပြလိုက် သည်။ သို့နှင့် ...

"ဪ ကိုရှားလူရယ် ... သားလေးက သူ ဝါသနာပါတဲ့"

"တော် ... ဒေါ်ပုံရိပ်၊ မင်း ဘာမှ ငါ့ကို တရားလာချမနေနဲ့ ဟိတ်ကောင် မင်းထင်ရှား"

ဖေဖေက မေမေ့စကားမဆုံးခင် ဖြတ်ပြောပစ်လိုက်ပြီး သူ့ကို တစ်ဆက်တည်း ခေါ်လိုက်သဖြင့် ရိုရိုသေသေပင် ထူးလိုက်မိသည်။

"ဗျာ ... ဖေဖေ"

"မင်းကို ငါ နောက်ဆုံးအနေနဲ့ ပြောမယ်၊ မင်းဦးနှောက်နဲ့ မင်း ရွေးချယ်ဆုံးဖြတ်ပါ"

"ဟုတ်ကဲ့"

"လူကုံတန်အသိုင်းအဝိုင်းမှာ ဆရာဝန်ဆိုတဲ့ဂုဏ်သိက္ခာနဲ့ တင့်တင့် တယ်တယ်နဲ့ နေထိုင်သွားမလား၊ ဒါမှမဟုတ် သဘင်သည်တွေ၊ ဖက်ခွက်ဆေး တွေလို ဘဝကို ဘာအာမခံချက်မှ မပေးနိုင်တဲ့ အလုပ်မျိုးနဲ့ ရှန်းကန်သွား မလား"

"..."

သူ ဘာစကားမှ မပြောမိသေး။ ဖေဖေ့အကြောင်းကို သူ သိပါသည်။ သူ့ကို ချစ်တာမှန်ပေမယ့်လည်း ဒီလိုမှ အတိုက်အခံမှ မပြောသွင် မိမိ ဝါသနာကို စွန့်လွှတ်လိုက်ရမည်ဖြစ်၏။

ဘူးဆို ဖရုံမသီးတတ်သည့် လူစားမျိုးတွင် သူ့ဖေဖေသည် ထိပ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com


က ပါဝင်နေပါသည်။ သို့သော် မင်းထင်ရှားကလည်း ဖေဖေ ဦးရှားလူ၏ တစ်ဦးတည်းသောသားပဲ မဟုတ်လား။

မေမေကတော့ သားကိုတစ်လှည့်၊ လင်ကိုတစ်လှည့် ငေးကြည့်နေ၏။

"အေး . . . တစ်ခုတော့ရှိတယ်၊ မင်း ဆေးတက္ကသိုလ်တက်မယ်ဆိုရင်တော့ အစစအရာရာကို ငါ အားလုံးတာဝန်ယူတယ်၊ မင်းစိတ်ကြိုက်ကားတစ်စီးလည်း ဝယ်ပေးဦးမယ်၊ အေး . . . ငါ့စကားကို နားမထောင်ဘူးဆိုရင်တော့"

သားအဖနှစ်ယောက် မျက်ဝန်းချင်းဆုံမိကြသည်။

"ဆက်ပြောပါ ဖေဖေ"

"မင်း . . . ငါ့အိမ်ပေါ်က ဆင်း"

"ကို ရှားလူ"

"မင်းပါးစပ်ပိတ်ထား ပုံရိပ်ထင်"

အံ့သြတကြီး ဝင်ပြောတဲ့ မေမေ့ကို ဒေါသအရှိန်နှင့် ဖေဖေက စိတ်ပေါက်ပစ်လိုက်သည်။ ပြီး . . .

"ဘယ်လိုလဲ ထင်ရှား၊ မင်း ဘာရွေးမလဲ"

သားအဖနှစ်ယောက် ဒုတိယအကြိမ်မြောက် မျက်ဝန်းချင်းဆုံမိပြန်သည်။

သူ သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

"ဖေဖေက အခုထိ ဘောင်ထဲမှာပဲ ပိတ်လှောင်နေတုန်းပဲကိုး၊ တစ်ခါတစ်ရံလောက်ပဲဖြစ်ဖြစ် အဲဒီဘောင်ထဲကနေ ဖောက်ထွက်ပြီး တွေးကြည့်စမ်းပါ ဖေဖေ"

"ဟော့ကောင် . . . မင်းဖတ်ဖူးတဲ့ ဝတ္ထုတွေထဲက အရည်မရ အဖတ်မရ စာသားတွေ ငါ့ရှေ့မှာ လာရွတ်ပြမနေနဲ့၊ ငါမေးတာကိုပဲ ဖြေ ဆရာဝန်


www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ရွေးမလား၊ ဖက်ခွက်စားဘဝကို ရွေးမလား''

သူ ပြုံးလိုက်မိသည်။

သို့သော် . . . သူ့အပြုံးမှာ နာကျင်ဝမ်းနည်းမှုတို့ ပြည့်နှက်နေ၏။ ပွင့်ပွင့်လင်းလင်းရေးရလျှင် ထင်ရှား မချိပြုံး ပြုံးလိုက်မိသည်။

''ဆရာဝန်မှ၊ အင်ဂျင်နီယာမှ ဂုဏ်ရှိတာမဟုတ်ပါဘူး ဖေဖေ၊ အနုပညာဆိုတာကလည်း''

စကားမဆုံးခင် ဖေဖေက ဖြတ်ပြောလိုက်ပြန်၏။

''တော်ပြီ ထင်ရှား၊ ငါ အဲဒါတွေကို စိတ်မဝင်စားဘူး''

''ဟုတ်ပြီ ဖေဖေ၊ သား ပြတ်ပြတ်သားသားပဲ ရွေးချယ်ဆုံးဖြတ်လိုက်ပါ့မယ်''

သူ မိဘနှစ်ပါးကို တရိုတသေပင် ထိုင်ရှိခိုးပစ်လိုက်သည်။

အဖြေက ရှင်းသွားခဲ့ပြီပဲ . . .။

ဦးရှားလူတစ်ယောက် 'တက်' တစ်ချက်ခေါက်ပြီး အခန်းထဲကို ဝင်သွားသည်။ ဒေါ်ပုံရိပ်ထင်ကတော့ . . .

''ဘာလုပ်တာလဲ သားရယ်၊ သားဖေဖေက စိတ်ဆိုးတုန်းမို့ ပြောတာပါကွယ်၊ နောက်မှ မေမေ အေးအေးဆေးဆေးနဲ့ နားချပေးပါ့မယ်''

''မေမေလည်း ဖေဖေ့စိတ်ကို အသိပဲလေ၊ သားကိုချစ်ရင် တားမနေပါနဲ့ မေမေရယ်၊ သား ဝါသနာပါတာကို လုပ်ပါရစေနော်''

ပြောပြီး အပေါ်ထပ်က သူ့အခန်းလေးထဲကို ထွက်လာခဲ့တော့ မေမေ့ရှိုက်သံကို သူ ကြားနေရ၏။

ရင်ထဲမှာ မကောင်းလှပေမယ့် သူ မတတ်နိုင်ပါ။ ခွင့်လွှတ်ပါ မေမေရယ်။

သူ အခန်းလေးကို နှုတ်ဆက်သလို တစ်ချက်ငေးကြည့်လိုက်သည်။ ဟိုယခင်အတိုင်း အခန်းကလေး၏ဆက်ဆံရေးကတော့ သူ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com


မပြောင်းလဲပါ။ အရင်လို အေးအေးဆေးဆေး ဆက်ဆံနေဆဲပင် ဖြစ်၏။

(မှတ်ချက်။ ။ Aircom အဆက်မပြတ် ဖွင့်ထားသည်။)

တကယ့်တကယ် သူ့ အိမ်ပေါ်က ဆင်းမည်ဆိုပြန်တော့ ယူစရာ ပစ္စည်း များများစားစား သိပ်မရှိလှပါ။ သူ ဆယ်တန်းအောင်စဉ်က မေမေ ဝယ်ပေးထားသည့် Hollow Guiter တစ်လက်၊ တစ်လောကမှ သူ့မုန့်ဖိုး များနှင့် ဝယ်ယူထားသည့် "တိမ်တွေ . . ." အမည်ရှိ ပန်းချီကားတစ်ချပ်နှင့် စာအုပ်စင်ပေါ်က ကဗျာစာအုပ်တချို့ပင် ဖြစ်သည်။

"တိမ်တွေ . . ." အမည်ရှိ ပန်းချီကားကို သူ အတော်နှစ်သက် လွန်းသဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ မြတ်နိုးလွန်းတာဟုဆိုလျှင် ပိုမှန်ပါ သည်။ ထိုပန်းချီကားကို ကြည့်လိုက်မိတိုင်း သူ့စိတ်ကို လွတ်လပ်ပေါ့ပါး သွားရစေသည်။

ပန်းချီဆရာ၏ Idea ကိုလည်း လေးစားမိ၏။ လူတိုင်း လူတိုင်းက ပန်းချီကားဟု ဆိုလိုက်သည်နှင့် ဘောင်ခတ်ထားတဲ့ ကင်းဗတ်စ်ပေါ်က တစ်စုံတစ်ရာ ပုံရိပ်ကို ပြေးမြင်မိမှာပင် ဖြစ်သည်။

ရှုခင်းပုံဖြစ်စေ၊ ပုံတူပုံဖြစ်စေ၊ တိရိစ္ဆာန်ပုံဖြစ်ပါစေ ပန်းချီကားရဲ့ ရသက ဘောင်ကိုမကျော်နိုင်။ ဘောင်ထဲမှာပဲ အသက်ဝင်လှုပ်ရှားနေကြရ သည်။

သူ အမြတ်တနိုးဝယ်ယူထားခဲ့မိသည့် "တိမ်တွေ . . ." ပန်းချီ ကားကတော့ ထိုသို့ သမားရိုးကျမဆန်ပါ။ ပန်းချီကား နာမည်အတိုင်း အပြောဖျော့ဖျော့ ကောင်းကင်နောက်ခံပေါ်မှာ အဖြူဆွတ်ဆွတ် တိမ်တိုက် တို့ကို သေသပ်လှပစွာ ရေးဆွဲထားခဲ့သည်။ သို့သော် . . .

တိမ်တွေက ကင်းဘတ်စပေါ်၊ ဘောင်အတွင်းမှာတင်မဟုတ် ဘောင်အပြင်/ဘောင်အပေါ်တွေမှာပါ ရေးဆွဲထား၏။

ဘယ်လောက်လေးစားတွေးခေါ်စရာ ကောင်းလိုက်သလဲ။


www.burmeseclassic.com

www.burmeseclassic.com

ဝန်ဆိုသရော့စိတ်ကူးက သိပ်ကောင်းလွန်းလှသည်။

ဟုတ်သည်ပဲ။ တိမ်တွေကို ဘောင်ခတ်ထားလို့မှ မဖြစ်နိုင်တာ။ အခုတော့ သူလည်း ဘာထူးဦးမလဲ။ တိမ်တိုက်တွေလို လွင့်ရတော့မည် မဟုတ်ပါလား။

သူ အထက်ပါအတိုင်း တွေးရင်း ပြုံးမိသွားသေးသည်။ ခြေလှမ်းတို့ကတော့ ...။

တိမ်တိုက်တစ်ခုလိုပေါ့ ..

ငါဟာ ရုန်းထွက်ခဲ့ပေါ့ ..

အိပ်မက်နန်းတော်ဆီသို့ ...။ ။

■


www.burmeseclassic.com

www.burmeseclassic.com

- မိမိပြုမူလုပ်ကိုင်နေသော အလုပ်ဟာ
  မိမိရဲ့အရည်အချင်းနဲ့ စိတ်ထားကို
  ဖော်ပြထားခြင်းပါပဲ . . .။

- အတာယ်ပညာမဆို အံစမှာသာ ခက်၏။
  ခက်သောအပိုင်းကလေးကို ကျော်မိသည်နှင့်
  တစ်ပြိုင်တည်း တံခါးပွင့်လေသည် . . .။

(ပီမိုးနင်း)



www.burmeseclassic.com

www.burmeseclassic.com

# (၇)

သူ ဖွစ္စည်းတချို့တစ်ဝက်နှင့်အတူ အိမ်အပေါ်ထပ်မှ ဆင်းလာတော့ လှေကားဝမှာ မားမားကြီးရပ်စောင့်နေသည့် ဖေဖေ့ကို တွေ့ရ၏။

နောက်နားမှာတော့ မေမေက တရှုပ်ရှုပ်ငိုကြွေးနေသည်ကို တွေ့ရသည်။

သူ တစ်ချက်တော့ တွေးလိုက်မိသည်။ မေမေကတော့ ထား... တော့။ သားနဲ့ ခွဲရမှာမို့ ရွှေပြည်အေးစကားလုံးအချို့နှင့် ရလိုရငြား တား... ရန် ငိုကြွေးနေသည်ကို လက်ခံလို့ရ၏။ အခု ... ဖေဖေက မားမားကြီး... ဘာရပ်လုပ်နေရတာတုန်း။

ရုပ်ရှင်တွေထဲကလို ငွေကို အိမ်ပေါ်က ဆင်းမသွားဘဲ ငွေဆန္ဒ... ကိုများ အသာတကြည် ဖြည့်ဆည်းပေးဖို့များလားဟုလည်း မဖြ... တွေးလိုက်မိသေးသည်။

သူ အောက်ထပ်ကြမ်းပြင်ကို ခြေချရန် လှေကား (၃) ထစ်အ...



www.burmeseclassic.com

www.burmeseclassic.com


တွ ဖေဖေက ...

"မင်း တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား ထင်ရှား"

"..."

"အေး ... ကောင်းပြီလေ၊ မင်းဘက်က ဆုံးဖြတ်ပြီးမှတော့ ငါ့ဘက်ကလည်း ကတိတည်ရတော့မှာပေါ့"

"ကိုရှားလူ"

"မင်း ဘာမှဝင်မပါနဲ့ ပုံရိပ်ထင်"

ထုံးစံအတိုင်း မေမေ ငြိမ်သက်သွားရပြန်သည်။ သူကတော့ သည်အချိန်မှာ စကားလုံးမဲ့နေသူမို့ ဘာမှမပြောဖြစ်။

"ပုံရိပ်"

"ရှင် ... ကိုရှားလူ"

"အခန်းထဲက ငွေ (၃) သိန်း သွားယူ"

"ရှင် ... မှာတ် ... ဟုတ်ကဲ့"

ရုတ်တရက် မေမေပင် ကြောင်သွားပုံရသည်။ ပြီးမှ အခန်းထဲကို ခပ်သွက်သွက်ဝင်သွားသည်။ သူလည်း ကြောင်ငေးပြီး ဖေဖေ့မျက်နှာကို ငေးကြည့်နေလိုက်၏။ မေမေ ပြန်ရောက်လာတော့ မေမေက သူ့လက်ထဲကို တစ်သောင်းတန် ငွေ (၃) ထုပ်ကို ထည့်ပေးပြီး ...

"ရော့ ထင်ရှား ... ဒီငွေ (၃) သိန်းက မင်းနဲ့ငါ့ရဲ့ သားအဖ သံယောဇဉ်ကြောင့် ထည့်ပေးလိုက်တာပဲ၊ မင်း ဝါသနာပါတဲ့ အလုပ်/ကျောင်းကို မင်းဘာသာ ကြိုးစားတက်ပေးတော့၊ နောက်ထပ်တော့ ငါတို့ဆီက ဘာမှမမျှော်လင့်နဲ့တော့၊ မင်း သွားလို့ရပြီ"

"မသွားပါနဲ့ လူလေးရယ်"

ပိုက်ဆံတစ်ထပ်ကို ရုပ်ရှင်တွေထဲကလို ...

"ဖေဖေတို့ဆီက သား တစ်ပြားတစ်ချပ်မှမယူဘဲ ကိုယ့်အစွမ်းအစ


www.burmeseclassic.com

www.burmeseclassic.com

နဲ့ကိုယ် နိုင်ငံကျော်အနုပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားပြမယ်”

“သားအတွက် ငွေမလိုပါဘူး ဖေဖေ”

“. . .”

ဟု . . . စသည့် အဓိပ္ပာယ်သက်ရောက်သည့် ဘာစကားမှ သူ မပြောပါ။

ကျောပိုးလွယ်အိတ်ကို အသာချွတ်ပြီး ငွေတစ်ထပ်ကို သူ အသာ သိမ်းဆည်းလိုက်သည်။ ပြီးမှ . . .

“မေမေ . . . သားသွားတော့မယ်၊ ဘာမှစိတ်မပူနဲ့နော်၊ ကျန်းမာရေးကိုသာ ဂရုစိုက်ပါ၊ သား အဆင်ပြေမှာပါ”

သူ ထွက်သွားတော့ မိခင်၏ရှိုက်သံသဲ့သဲ့က ကပ်ပါလာခဲ့သည်။

တစ်ခုကို လိုချင်မှတော့ မေမေရယ် . . .

တစ်ခုကို သား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလို့ မဖြစ်နိုင်တော့ဘူးလေ။

သူ အသင့်တွေ့တဲ့ Taxi တစ်စီးကို ငှားလိုက်ပြီး လှည်းတန်းကို မောင်းခိုင်းလိုက်သည်။ သူ လှည်းတန်းမှာ တိုက်ခန်းငှားဖို့အကြံနှင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဖေဖေပေးလိုက်သည့် ငွေ (၃) သိန်းရယ်၊ မေမေ ခိုးထည့်ပေးလိုက်တဲ့ ငွေ (၅) သိန်းရယ်၊ သူ့မုန့်ဖိုးတချို့ရယ် ပေါင်းလိုက်တော့ ငွေ (၉) သိန်းကျော်ကျော် သူ့လက်ထဲမှာ ရှိနေသည်။

သည်လောက်ဆိုလျှင်တော့ သူ တိုက်ပွဲကိုစဖို့ အခြေအနေမဆိုးလှဟု သဘောပေါက်လိုက်ပါသည်။ ကားပေါ်မှာ သူ ဟိုဟိုဒီဒီတွေးရင် H.R Jurnal တစ်စောင်နှင့် အနုပညာဂျာနယ်တချို့မှာ ဂျာနယ်လစ်လုပ်နေသော သူငယ်ချင်း ဝေဖြိုးနောင်ကို သတိရမိသွားပြီး ဘောင်းဘီအိတ်ထဲမှ SAMSUNG အမှတ်တံဆိပ် Handphone လေးကို ဆွဲထုတ်လိုက်သည်။

“. . . . .”


www.burmeseclassic.com

www.burmeseclassic.com


"အေး . . . ငါ . . . ထင်ရှား"

". . . . ."

"ဟိုတစ်ခါ ငါပြောထားတဲ့ကိစ္စလေကွာ"

". . . . ."

"ဟာ . . . အဆင်ပြေတာပေါ့၊ ဒါရိုက်တာ ဒီအေးလွင်က နာမည်ကြီးပဲ"

". . . . ."

"ကျေးဇူးပဲ သူငယ်ချင်း၊ အဲဒါဆို နောက်ရက်ကျ ငါ ပြန်ဆက်လိုက်မယ်"

". . . . ."

"See you ဝေကြီး"

သူ ဖုန်းလေးကို ပိတ်လိုက်ပြီး အားရပါးရ တစ်ချက်ပြုံးလိုက်သည်။ ဘယ်လောက်ဝေးတဲ့ခရီးဆိုတာကို မသိရပေမယ့် လမ်းစလေးတစ်ခုကို မှုန်ဝါးဝါးလေး တွေ့လိုက်ရရုံဖြင့် သူ လှိုက်လှိုက်ခါခါ ပျော်နေမိသည်။

"ငါ ကြိုးစားမှုဖြစ်မယ်၊ ငါ ဘာအခက်အခဲပဲတွေ့တွေ့ ငါကြိုးစားမယ်"

သူ့ကိုယ်သူ အားပေးနှစ်သိမ့်ရင်း သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်၏။ အိပ်မက် (သို့) ဆန္ဒတို့သည် လက်တွေ့ဘဝနှင့် များစွာကွာဟလှသည်ဆိုသည့်အချက်ကိုတော့ သူ တမင်ပဲ မေ့ထားလိုက်မိသည်။

နောက်တော့ . . . သူ ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်တချို့ကို ခေါင်းထဲမှာ အကြမ်းဖျဉ်းအနေနှင့် Plan ချရင်း လိုက်ပါလာခဲ့လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

❑ Understanding and mastering your mood is a top flight education.

❑ ကိုယ့်ခံစားချက်ကို ကိုယ်တိုင်သိနားလည်နေခြင်းဟာ အလွန်အဆင့်မြင့်တဲ့ပညာရေးဖြစ်တယ် . . .။



www.burmeseclassic.com

www.burmeseclassic.com

# (D)

သူ သူငယ်ချင်း ဝေဖြိုးနောင် အကူအညီဖြင့် ဒါရိုက်တာ ဒီအေးလွင်နှင့် တာမွေရှိ Modern Tea Center တွင် ဆုံဖြစ်သည်။

ဦးစွာ ပထမ ဂျာနယ်လစ်ပီပီ ဝေဖြိုးနောင်က ဒါရိုက်တာဒီအေးလွင်ကို Interview အရင်လုပ်သည်။ ပြီးမှ သူနှင့် အကျိုးအကြောင်း ပြောပြမိတ်ဆက်ပေး၏။

"ဦးဒီ ... ဒါ ဟိုတစ်ခါ ကျွန်တော် ပြောပြထားဖူးတဲ့ မင်းထင်ရှားလေ၊ ဒီကောင်က အနုပညာဝါသနာကို မျိုးရိုးမရှိတဲ့နဲ့ကို ရူးသွပ်နေတဲ့ကောင်ပေါ့၊ အခုပဲကြည့်လေ ... သူ့အိမ်က ဆေးကျောင်းတက်ခိုင်းတာကို အနုပညာတက္ကသိုလ်ပဲ တက်မယ်ဆိုပြီး အိမ်ပေါ်က ဆင်းလာခဲ့တာ၊ အဲဒါ ဦးဒီကိုပဲ အားကိုးရမှာပဲဗျာ"

ဒါရိုက်တာက ဝေဖြိုးနောင်အပြောကို သဘောကျသလို ပြုံးပြီးလုပ်ပြီး သူ့ကိုကြည့်တော့ အလိုက်သင့် ပြန်ပြုံးပြလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ ဒီအေးလွင်၊ ကျွန်တော့်ကို တပည့်သားမြေး တစ်ယောက်လို ကူညီသင်ပြပေးပါ"

"ဟာ ... ဝေကြီးခေါ်သလို ဦးဒီလို့ပဲ ခေါ်ပါကွာ၊ ဆရာတွေ ဘာတွေ လုပ်မနေပါနဲ့"

"ဟုတ်ကဲ့"

"ဒါဆို ထင်ရှားက အနုပညာလောကထဲကို ခြေစုံပစ်ဝင်တော့မယ် ပေါ့၊ အင်း ... နာမည်အရင်းက မင်းထင်ရှားနော်"

သူ ခေါင်းညိတ်ပြလိုက်သည်။

"အင်း ... နာမည်ရော၊ ရုပ်ရည်ရော ကြည့်ရတာတော့ မဆိုးပါ ဘူး။ Talent တစ်ခုကိုတွေ့နေရတယ်၊ ကြိုးစားမယ်ဆိုရင်တော့ သရုပ်ဆောင် မင်းသားကောင်းတစ်လက် ဖြစ်လာနိုင်ပါတယ်"

"မဟုတ်သေးဘူး ဦးဒီ"

လမ်းကြောင်းလွဲနေသည့် ဒါရိုက်တာကို ဝေဖြိုးက တည့်ပေးလိုက် ၏။

"ထင်ရှားက မင်းသားလုပ်ချင်တာ မဟုတ်ဘူးဗျ"

"ဟော!"

"ဟုတ်တယ်၊ ဒီကောင်က ဦးဒီတို့လို အောင်မြင်တဲ့ ဒါရိုက်တာ ရိုက်ကွင်းဘုရင် လုပ်ချင်တာ"

"သြော်"

သည်တော့မှ ဦးဒီ သဘောပေါက်သွားပြီး ပြုံးနေပြန်၏။

"ဒီလိုဆို ... ထင်ရှားရဲ့ပညာရေးက ဘယ်လိုဆက်သွားမှာလဲ"

"အဲဒါကို ကျွန်တော် ဦးဒီကို တင်ပြချင်လို့ပါ"

ဟု အစချီကာ အောက်ပါအကြောင်းအရာအပြည့်အစုံတို့ကို စိတ် ပတ်ကုန်း သူ ပြောပြလိုက်သည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


သူ့ အနုပညာတက္ကသိုလ်မှာ Main Major အဖြစ် Story (ဇာတ်လမ်း), Script (ဇာတ်ညွှန်း), Editing (တည်းဖြတ်) တို့ကို အချိန်ပိုင်း Section နှင့် လျှောက်ထားကြောင်း၊ လက်ရှိ လှည်းတန်းကတိုက်ခန်းတစ်ခုမှာ ငှားရမ်းနေထိုင်ကြောင်း၊ ဦးဒီထံမှာ ဒါရိုက်တာပညာကို အောက်ခြေ မီးထိုး၊ မှန်ထိုးအဆင့်မှ လက်တွေ့ အနီးကပ်သင်ယူပြီး ရိုက်ကွင်းအတွေ့အကြုံများ လိုချင်ကြောင်းနှင့် လောလောဆယ် သူ့အတွက် စားဝတ်နေရေး အခက်အခဲကြောင့် ငွေကြေးတချို့ပါ လုပ်အားခအဖြစ် လိုချင်ကြောင်းတို့ကို ရိုးသားပွင့်လင်းစွာ ပြောပြလိုက်သည်။

သူ့စကားဆုံးတော့ ဦးဒီက . . .

"ဟား ဟား . . . ဝေကြီးရ . . . မင်းကောင် ထင်ရှားက အာကပ္ပိုလ်ပဲကွ၊ သဘောက ဦးဒီက ပညာသင်ရင်း ပိုက်ဆံပါပေးရတော့မှပေ့ါ . . . ဟားဟား"

"ဟို . . . ကျွန်တော် အလုပ်လည်း လုပ်ပေးမှာပါ၊ ဦးဒီ ကြိုက်တာကို ခိုင်းပါ"

သူ မလုံမလဲ အတင်းရှင်းပြမိတော့ ဦးဒီက . . .

"အေးပါကွာ . . . ဦးဒီအခြေအနေကို သဘောပေါက်ပါတယ်၊ ထင်ရှားစိတ်ဓာတ်ကိုလည်း ကြိုက်တယ်၊ ကြိုးစားကွာ၊ ဦးဒီတို့လည်း ဒီလိုပဲ အောက်ခြေကနေ တက်လာခဲ့ရတာပဲ၊ ဖွဲ့ရှိဖို့တော့ လိုတယ်နော်"

"ဟုတ်ကဲ့ပါ"

"အဲ . . . ဦးဒီ ဒီအနုပညာလောကထဲကို စဝင်တုန်းကဆိုရင်"

ဟု အစချီကာ ဒါရိုက်တာ ဒီအေးလွင်က ရိုက်ကွင်းအတွေ့အကြုံရဖို့အတွက် (---) နာမည်ကြီးဒါရိုက်တာဆီမှာ တောက်တိုမယ်ရ လုပ်ပေးခဲ့ရကြောင်း၊ လိုအပ်တဲ့ အခန်းတွေမှာ ဖြတ်လျှောက်၊ လူကြမ်း နောက်လိုက်ကြီးသလို Actior ပါ ဝင်လုပ်ပေးခဲ့ရကြောင်း၊ နောက်မှ ကြိုးစားအားထုတ်


www.burmeseclassic.com

www.burmeseclassic.com


မှုနဲ့ ဒီလိုနေရာကို ရောက်လာခဲ့ကြောင်းတို့ကို စိတ်ပါလက်ပါ ပြောပြသည်။

သူ့အတွက်တော့ ဒီစကားတွေက တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။ ပညာယူချင်စရာ၊ အတုယူချင်စရာတွေ အများကြီးပါသည်။ ပြီးတော့ ရိုးသားပွင့်လင်းပြီး ရင်းရင်းနှီးနှီး ဆက်ဆံတတ်သည့် ဦးဒီကိုလည်း ၊ စိတ်ထဲကနေ ကျိတ်ပြီး သဘောကျနေမိသည်။

"ဒါဆို . . . ဦးဒီက ငယ်ငယ်ကတည်းက ဒီလောကထဲကို ရောက်နေခဲ့တာပေါ့"

"ဆိုပါတော့ ထင်ရှားရာ"

"အတော် ပင်ပင်ပန်းပန်းနဲ့ ကြိုးစားခဲ့ရတာပေါ့"

"ပင်ပန်းခဲ့တာပေါ့ကွာ၊ ဦးဒီတို့ခေတ်တုန်းက ရုပ်ရှင်ဒါရိုက်တာဆိုတာ လက်ချိုးရေလို့ရတယ်၊ လူတစ်သန်းမှာ တစ်ယောက် အောင်မြင်တဲ့အနုပညာရှင်တစ်ယောက် ဖြစ်လာဖို့ ခဲယဉ်းတယ်လေ၊ မှတ်ထား ထင်ရှား"

"ဟုတ်ကဲ့"

သူ စိတ်ဝင်တစား စကားထောက်ပေးလိုက်သည်။ ဝေဖြိုးနောင်လည်း စိတ်ဝင်စားနေပုံရ၏။

"အနုပညာလောကမှာ နာမည်တစ်လုံးဟာ သိပ်အရေးကြီးတယ်၊ ဘယ်တော့မှ ကိုယ့်အတွက် နာမည်ပျက်ဆိုတာ မဖြစ်စေနဲ့၊ ပြီးတော့ ဒီလောကမှာ အတိုက်အခိုက်တွေ အရမ်းများတယ်၊ တကယ်အောင်မြင်ချင်တယ်ဆိုရင်တော့ ရိုးသားပါ၊ ကြိုးစားပါ၊ ဖွဲ့ရှိပါ . . . ထင်ရှား"

သူ တကယ်ပဲ လေးစားနေမိသည်။ ဘယ်လောက် တန်ဖိုးရှိတဲ့ စကားတွေများလဲ။

"ရော့ . . . ဒါ ဦးဒီရဲ့ Address Card ပါ"

"ဟုတ်ကဲ့"


www.burmeseclassic.com

www.burmeseclassic.com



သူ တရိုတသေ လှမ်းယူလိုက်ပြီး ...

"ကျွန်တော့်မှာတော့ လိပ်စာကတ်မရှိဘူး ဦးဒီ၊ ဖုန်းနံပါတ်တော့ ရှိတယ်"

"ပေးထားလေ၊ နောက်တော့ ... ဒါရိုက်တာ မင်းထင်ရှားဆိုတာ လိပ်စာကတ်မလိုဘဲ လူတိုင်းသိလာမှာပါကွာ"

"ဟို ... 0949220959 ပါ"

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်နေသည့် ဝေဖြိုးနောင်က ဂျာနယ် တစ်ပိုင်ပိုင် ဝင်ပြောသည်။

"ကျွန်တော်တောင် ဦးဒီ ငယ်ဘဝကို ဆောင်းပါးရေးရင်း ကောင်းမလား တွေးနေမိတယ်"

"မလုပ်ပါနဲ့ ဝေကြီးရာ ... ဟားဟား"

"မင်းကလည်း ခွင်ပဲဖန်နေတာပဲ"

"ဟဲဟဲ ... စာမူခလေး ပိုထွက်လာမလားလို့ပါကွာ"

သုံးယောက်သား လွတ်လပ်ပေါ့ပါးစွာ ရယ်မောဖြစ်ကြသည်။

ဘာပဲပြောပြော သူ ကံကောင်းသည်ဟု ဆိုရမည်။ အားလုံးက ရေကန်အသင့် ကြာအသင့် ဖြစ်နေပြီမဟုတ်လား။

"ဒါဆို ... ထင်ရှားက အခန်းငှားနေတာပေါ့"

"ဟုတ်တယ် ဦးဒီ ... လှည်းတန်းမှာပါ"

"အေး ... ကောင်းပါတယ်ကွာ၊ ဦးဒီကတော့ ကျောက်မြောင်း ထဲမှာပဲ"

"ဟုတ်ကဲ့ ... ကျွန်တော် ဦးဒီဆီကို ဘယ်အချိန်တွေလာရမလဲ"

"အင်း ... ရှုတင်တွေကတော့ မပြတ်ဘူးကွ၊ မနက်ဖြန်တော့ တန်တော်ကြီးထဲမှာ ရှင်းရှင်းကို VCD ရိုက်ပေးရဦးမှာ MTV ပုံစံပေါ့၊ ဒီယိုကားတစ်ကားကလည်း Scene (၂) ခုလောက် ကျန်နေသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နောက် ကြော်ငြာလက်ခံထားတာနဲ့ ဂျော်နီရဲ့ ချာတိတ်အခွေ ရှိတယ်။ မနက်ဖြန် မင်းလာနိုင်မလား''

ရေငတ်တုန်း ရေတွင်းထဲ ကျလိုက်သလိုပင်။

သူ ပျော်လွန်း၍ စကားပင် မပြောနိုင်ပဲ ခေါင်းညိတ်ပြလိုက်မိသည်။

''ကဲ ထင်ရှား . . . မင်းကိစ္စရော ငါ့ကိစ္စရော ပွဲပြီးပြီဆိုတော့ လစ်ရအောင်၊ ကျေးဇူးပဲ ဦးဒီရေ''

''ရပါတယ် ဝေကြီးရာ၊ ဟာ . . . မေ့နေလိုက်တာ ငါ ကားဆက် ခန်းသွားရဦးမှာပါလား၊ ကဲ see you ထင်ရှားရေ''

သုံးယောက်သား တစ်လမ်းစီ ပြန်ရမှာမို့ ပိုက်ဆံရှင်းပြီး ကိုယ့်လမ်းနဲ့ ကိုယ် ပြန်ခဲ့ကြသည်။ ဟုတ်ကဲ့ . . . ယနေ့သည် နေသာပါသည်။ လေငြိမ် ပါသည်။ တနင်္လာ ဖြစ်ပါသည်။

ထင်ရှားကတော့ မနက်ဖြန်အတွက် ခြေလှမ်းတွေက အားမာန် အပြည့်နှင့် တက်ကြွနေလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

❑ သဘာဝတရားကြီးထဲတွင်
သဘာဝမဆန်သော သဘာဝတရားများ
ကိန်းအောင်းလျက် ရှိ၏ . . .။



www.burmeseclassic.com

www.burmeseclassic.com

# (E)

"ဒါ ... မှုရင်းပန်းချီကားရဲ့ဓာတ်ပုံပဲ ဒကာတို့ရဲ့"

ကျောင်းထိုင်ဆရာတော်ကြီးက ဂျာနယ်လစ်များနှင့် အခြားစပ်စု
သော လူပုဂ္ဂိုလ်များကိုပါ တစ်လက်စတည်း မိန့်ကြားနေသည်။

"အခုတော့ ဒကာတော်တို့ တွေ့တဲ့အတိုင်းပါပဲ၊ ပန်းချီကားထဲ
ဂျီယာလို့အမည်တွင်တဲ့ မင်းသမီးလေးပုံကတော့ ပျောက်ကွယ်သွားခဲ့ပြီ"

"မှန်ပါ့ဘုရား။ ဒီအဖြစ်အပျက်ကို ဆရာတော်အနေနဲ့ ဘယ်လို
သုံးသပ်ဆင်ခြင်မိပါသလဲ ဘုရား"

ဂျာနယ်လစ်တစ်ယောက်က လျှောက်တင်လိုက်သည်။

တခြားစိတ်ဝင်စားသူများလည်း ငြိမ်သက်နားစွင့်နေ၏။ အားလုံး
အာရုံအစုံကတော့ ဆရာတော်အပေါ်မှာ ကျနေရောက်နေသည်။

ဆရာတော်က သက်ပြင်းခပ်ဖွဖွ တစ်ချက်ချပြီး ...

"အိမ်း! ဆရာတော်ကတော့ ထူးထူးထွေထွေ ဘာမှမမိန့်လိုပါဘူး

www.burmeseclassic.com


အကျိုးကြောင့် အကြောင်းဖြစ်လာခဲ့တာပဲကွယ်''

"တင်ပွါ ... ဒီနယ်ခံလူတွေကတော့ ဒီထူးဆန်းတဲ့ပန်းချီကားထဲက ဆယ်တော်ကြီးနဲ့မင်းသမီးလေးရဲ့ ဒဏ္ဍာရီကို သိတယ်လို့ ပြောကြပါတယ် ဘုရား၊ ဒီရာဇဝင်နဲ့ ပတ်သက်ပြီး တပည့်တော်တို့ကို ပြောပြပေးပါလား ဘုရား''

"အိမ်း! ဒီဒဏ္ဍာရီလေးကို ဆရာတော် ငယ်ငယ်လေးကတည်းက ပူဇော်ခံတော်မူပြီးဖြစ်တဲ့ ဆရာတော်ကြီးတွေဆီက သိခဲ့ရတာပါ၊ ဒီလို တကယ် ဖြစ်ပျက်လာမယ်ဆိုတော့ ဆရာတော်လည်း မထင်ခဲ့မိပါဘူး''

ဂျာနယ်လစ်များကတော့ Recorder လေးများကို ရှေ့တိုးထား လိုက်ကြသည်။ တချို့ကလည်း ဆရာတော်ကို ကင်မရာ တဖျပ်ဖျပ် ရိုက်ကူး နေကြ၏။

ဆရာတော်ကြီးက ဂိုယာရာဇဝင်ကို မမိန့်သေးဘဲ မူရင်းပန်းချီကား ဓာတ်ပုံလေးကို ငေးကြည့်နေသည်။

မူရင်းပန်းချီကား၏ဓာတ်ပုံမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

●


www.burmeseclassic.com

www.burmeseclassic.com



ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းချီကားကို မြို့က ပန်းချီပြပွဲတွေ စီစဉ်ရောင်းဝယ်တဲ့ အကာ
ဆစ်ဦးက စျေးကောင်းပေးပြီး ဆရာတော့်ဆီမှာ လာဝယ်ဖူးတယ်၊ ရွှေး
ကောင်းလက်ရာမို့ လိုချင်လို့ပါလို့တော့ လျှောက်တယ်၊ ဆရာတော်ကတော့
လောကီရေးရာတွေကို စိတ်မဝင်စားပါဘူး၊ ပြီးတော့ ဒီပန်းချီကားကလည်း
ကျောင်းပိုင်မို့ ဆရာတော် ငြင်းဆိုခဲ့တယ်ကွဲ့"

"တင်ပါ့ . . . ဘုရား"

ဂျာနယ်လစ်တစ်ယောက်က စကားထောက်ပေးလိုက်သည်။

အားလုံးကတော့ ဆရာတော်မိန့်ကြားသမျှကို စိတ်ဝင်တစားနှင့်
ငြိမ်သက်နားထောင်နေကြ၏။

"ဆရာတော် ငြင်းလိုက်တော့ အဲဒီ့ဒကာက အဲဒါဆိုလည်း ဒီပန်းချီ
ကားကို ဓာတ်ပုံရိုက်ယူသွားပါရစေ၊ ပြီးတော့ ပုံတူစွဲခွင့်ပြုပါလို့ ထပ်တောင်း
ဆိုလာတယ်၊ ဆရာတော်လည်း ခွင့်ပြုခဲ့ပါတယ်၊ နောက်လ အနည်းငယ်
ကြာတော့ အဲဒီ့ဒကာ ပြန်ရောက်လာတယ်"

"မှန်ပါ့ဘုရား"

ဆရာတော်ကြီးက ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်ပြီးမှ ဆက်ပြော
ပြသည်။

"အဲဒီ့ ဒကာတော်အပြောအရ၊ ဒီပန်းချီကားကို နာမည်ကျော်
ပန်းချီဆရာတစ်ယောက်နဲ့အပ်ပြီး ပုံတူဆွဲခိုင်းတာ ဘယ်လိုမှ အဆင်မပြေဘူး
တဲ့၊ ပန်းချီဆရာမှာ အဲဒီပုံတူစဆွဲကတည်းက နေမကောင်းဖြစ်လိုက်တာ
အနာရုံတောင် တင်ယူရတယ်ဆိုပဲကွဲ့၊ ပြီးတော့ ပန်းချီပုံကို ဆွဲပြီးတော့လည်း
ဟာ ဟိုနေရာက ရွဲ့သလို ဒီနေရာက စောင်းသလိုနဲ့ အဆင်မပြေရှာဘူး
တဲ့ နောက်ပန်းချီဆရာတစ်ယောက်နဲ့ ပြောင်းအဆွဲခိုင်းတော့လည်း ဒီအတိုင်း
တဲ့၊ ဒါနဲ့ လက်လျှော့လိုက်ရတယ် ဆိုပါတော့ကွယ်၊ ဆရာတော်ကလည်း
အဘောပေါက်မိပါတယ်၊ ဒီပန်းချီကားဟာ သာမန်ပန်းချီမဟုတ်ဘူးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အပြောမှာ နားထောင်သူ ပရိသတ်အားလုံး ကြက်သီးတဖြန်းဖြန်းပင် ထမိကြသည်။

"နောက်ထပ် ဒီပန်းချီကားမှာ ထူးခြားချက်တွေ ရှိနေသေးတယ်ကွဲ့"

"တင်ပါ့ ဘုရား"

တချို့ ဂျာနယ်လစ်များက မှတ်စုစာအုပ်များနှင့် လိုက်မှတ်နေကြ၏။

"ဒကာတို့လည်း တွေ့တဲ့အတိုင်းပဲ၊ ဒီပန်းချီကား တည်ရှိနေတဲ့ ဗိမာန်ဆိုတဲ့ အခန်းလေးက ဒီဘုန်းကြီးကျောင်းဝင်းထဲမှာ ရှိနေတယ်ဆိုပေမယ့် ဆရာတော်သီတင်းသုံးရာကျောင်းနဲ့ လှမ်းတယ်၊ စည်းရိုးခြားထားတာသာ မရှိရင် ဗိမာန်အဆောင်ဟာ လမ်းမဘေးမှာပဲလေ၊ ပြီးတော့ . . . ဒီအဆောင်က သရဲခြောက်တယ်လို့လည်း မြို့ထဲမှာ နာမည်ကြီးတယ်ကွဲ့"

"တင်ပါ့ဘုရား၊ နယ်ခံတွေကလည်း ကိုယ်တွေ့အဖြစ်အပျက်တချို့ကို ပြောဖြထားပါတယ် ဘုရား"

ဆရာတော်က ရေနွေးတစ်ခွက်သောက်ပြီး ဆက်ပြောပြသည်။

"အိမ်း! တကယ်တော့ ဒါဟာ သရဲခြောက်တာ မဟုတ်ပါဘူး။ လူတွေ နားလည်မှု လွဲနေကြတာပါ၊ အမှန်က ဂျီယာနတ်သမီးလေးက ဒဏ္ဍာရီအလိုအရ သူ့ လွှတ်မြောက်ဖို့အတွက် ရောက်လာတဲ့ လူသားတွေကို အကူအညီတောင်းခံနေတာပါကွယ်"

"ဘယ်လိုများပါလဲ ဘုရား"

နောက် ဂျာနယ်လစ်တစ်ဦးက လျှောက်တင်လိုက်ခြင်းဖြစ်သည်။

တခြားပရိသတ်များလည်း အတော်စိတ်ဝင်စားနေကြပုံရ၏။ အားလုံး ငြိမ်သက်စွာ နားစွင့်နေကြသည်။

"ဒကာတော်တို့ နားလည်သဘောပေါက်အောင် ပြောရရင် ဒီပန်းချီကားထဲက မယ်တော်ကြီး ဒယ်မီတာတို့ အခု ပျောက်ဆုံးသွားတဲ့ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com


လေး ဂျိယာတို့ဟာ ကောင်းကင်ဘုံက နတ်အစစ်တွေ မဟုတ်သေးဘူးကွဲ့၊ မြို့မာတွေအယူအဆအရ ဥစ္စာစောင့်/ဥတ္တစောင့်အဆင့်တွေပေါ့၊ မကောင်းဆိုးဝါးလို့လည်း ဆိုမရ၊ နတ်သမီးတွေလို့လည်း တစ်ထစ်ချပြောလို့မရတဲ့ အဆင့်တွေပေါ့ကွယ်"

"တင်ပါ့"

"သူတို့ဟာ ဥစ္စာစောင့်တွေ ဘုရားဌာပနာတွေကို စောင့်ရှောက်ကြ သလိုပဲ၊ လူသားတွေနေထိုင်တဲ့ မြေကမ္ဘာကို စောင့်ရှောက်နေကြရတယ်၊ တစ်နေ့မှာတော့ မင်းသမီးလေး ဂျိယာဟာ မယ်တော်ကြီးရဲ့ စည်းကမ်းတချို့ ကို ဖောက်ဖျက်မိခဲ့လို့ အခုလို ပန်းချီကားထဲမှာ ရာသက်ပန် စည်းအပိုင်းထဲ ချုပ်ထိန်းထားခြင်း ခံခဲ့ရတာပဲကွဲ့"

ဂျာနယ်လစ်တစ်ယောက်က မူရင်းပန်းချီကားဓာတ်ပုံကိုကြည့်ပြီး အစောကမှ ရိုက်လာခဲ့သော ပန်းချီပုံကို ထပ်ကြည့်ရန် cannon အမှတ် တံဆိပ် Digital Camera လေးကို ဖွင့်ကြည့်လိုက်သည်။ ပုံမှာ တစ်ဖက်ပါ အတိုင်းဖြစ်၏။

■


www.burmeseclassic.com

www.burmeseclassic.com



ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

- You must be a useful, productive, creative person (or) Life has no purpose.

- သင်ဟာ လောကမှာ အသုံးဝင်တဲ့သူ၊ တီထွင်ကြံဆနိုင်တဲ့သူ ဖြစ်နေရမယ် (အဲဒီလိုမှ မဟုတ်ရင်တော့) သင့်ဘဝဟာ ဘာအဓိပ္ပာယ်မှ ရှိလာမှာ မဟုတ်ဘူး ...။



www.burmeseclassic.com

www.burmeseclassic.com

# (F)

"ရှင်ပြောတော့ ကျွန်မကို ရူးမတတ် ချစ်ပါတယ်ဆို ...အခု ဘာအချိုးချိုးသွားတာလဲ ဇေ"

ဇေ့အမည်ပေါက် ကဗျာဆရာလူငယ်လေးက သူ၏ချစ်သူဖြစ်ဟန်တူသော အစာန်ငယ်ပြေပြစ်လှပသော မိန်းကလေးတစ်ဦးကို သွားလေသူမင်းသား ဒွေးစတိုင်နဲ့ မရိုးမခန့်ကြည့်ပြီး ရယ်သွမ်းသွေးလိုက်၏။ ပြီးမှ..

"ဟုတ်တယ်လေ၊ ကိုယ် ဘာမှားခဲ့လို့လဲ"

ဇေ့စကားကြောင့် မိန်းကလေးက ပိုမိုဒေါသထွက်သွားပုံရသည်။ ပို၍ဝမ်းနည်းသွားပုံလည်း ရ၏။ အသံတို့သည် ဒေါသအရှိန်နှင့် အတန်ငယ်ကျယ်လောင်ပြီး ဝမ်းနည်းမှုတို့ကြောင့် လှုပ်ခတ်တုန်ယင်နေ၏။

"ဘာမှားလို့လဲ ... ဟုတ်လား၊ မနေ့က ရုပ်ရှင်ရုံထဲကို အတူတွဲပြီး ဝင်သွားတဲ့ မိန်းကလေးက ဘယ်သူလဲ၊ ဘယ်လိုပတ်သက်နေလဲ၊ ကျွန်မကို တွေ့တာတောင် နှုတ်မဆက်ရဲလောက်အောင် အဲဒီမိန်းမက ဘယ်

www.burmeseclassic.com


လောကအရေးပါနေလို့လဲ ဇေ၊ ကျွန်မကို ချစ်တယ်ဆိုတာတွေက ဘာတွေလဲ''

''ကိုယ် မင်းကို ရူးမတတ်ချစ်ခဲ့တာပါ သီတာ''

ကောင်မလေးက ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ ဒီစကားအတွက် ကျေနပ်မှုအရိပ်တို့ ပျော်ဝင်နေ၏။ သို့သော် ...

''ဒါပေမဲ့ ... ကိုယ် မင်းကို အရူးအမူးဖြစ်ခဲ့တာ လွန်ခဲ့တဲ့ (၂) သလောက်ကပါ''

''ရှင်!''

''ဟုတ်တယ် သီတာ၊ ကိုယ် မာလာ့ကို အရူးအမူးချစ်မိနေပြန်ပြီ၊ ခွင့်လွှတ်ပါလို့တော့ ကိုယ် မတောင်းဆိုတော့ပါဘူး။ ဒါပေမဲ့ ... ကဗျာတွေ စီဆင်းဖို့အတွက် မြစ်ဖျားခံပေးခဲ့တဲ့ သီတာ့ကို တကယ်ကျေးဇူးတင်ပါတယ်''

မိန်းကလေး၏မျက်ဝန်းအိမ်တို့မှ မျက်ရည်များ အဆက်မပြတ် ကျဆင်းလာပြီး ...

''ဒါ ... ဒါဆို ... ရှင်က ကဗျာဆရာပီပီ ကျွန်မကို ကဗျာစပ်ရုံ သက်သက် ချစ်ခဲ့တာပေါ့၊ ဟုတ်လား ဇေ''

ဇေ ခေါင်းညိတ်ပြလိုက်သည်။

''ရှင် ... လူလိမ်၊ ကျွန်မအချစ်တွေကို စော်ကားတယ်၊ ကဲဟာ ...''

ဒေါသအရှိန်ကြောင့် လက်တစ်ဖက်က မြှောက်တက်ကပ်ပါလာခဲ့ ၏။ ထိုစဉ် လက်ရှိအနေအထားနှင့် ကွာဟလှသည့် အသံတစ်သံကြောင့် အားလုံး ဟန်ချက်ပျက်သွားကြသည်။

''ကဒ်!''

''ကဒ်!... ကောင်းတယ်၊ ဒိုင်ယာလော့တွေရော အက်ရှင်တွေပါ ကောင်းတယ်၊ (Mood) မှဒ်လည်း အားလုံးအပြည့်၊ လိုချင်တဲ့ ပုံစံလည်း

www.burmeseclassic.com


ကွက်တိရတယ်"

မင်းထင်ရှားက မော်နီတာမှတစ်ဆင့်ကြည့်ပြီး အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။ ခပ်လှမ်းလှမ်းမှာ ထိုင်နေသည့် ဒါရိုက်တာဒီအေး လွင်က ...

"ထင်ရှားရေ ... close up အရုပ်ကြီးတွေ ရတယ်နော်"

"ရတယ် ဦးဒီ၊ ဒီ scene ပြီးရင် scene 24 ဆက်ရိုက်မယ်"

"အေး ... ဟိုဘက် သစ်ပင်ကြီးအောက်မှာဆိုရင် Location အဆင်ပြေမလား ထင်ရှား၊ သွားကြည့်စမ်း"

"ဟုတ်ကဲ့ ဦးဒီ"

မပြေးရုံတမယ် ခပ်သွက်သွက် ထထွက်သွားသည့် မင်းထင်ရှားကို ကြည့်ပြီး ဦးဒီ သဘောတကျ ပြုံးနေမိသည်။ တစ်လဆိုသည့်အချိန်အတိုင်း အတာတစ်ခုအတွင်းမှာ ထင်ရှားက ဦးဒီအတွက် လက်ရုံးတစ်ဖက် ဖြစ်လာ ခဲ့၏။ ဒါကလည်း ထင်ရှားရဲ့အားရုံရှုးစိုက်မှု၊ ကြိုးစားမှု၊ ဖွဲလုံ့လနှင့် ဝါသနာ အရင်းခံစိတ်ကြောင့်ပင် ဖြစ်သည်။

"Scene 24 အတွက် ဦးဒီပြောတဲ့ နေရာက အဆင်ပြေတယ်"

"အေး ... ဒါဆို တည်လိုက်တော့လေကွာ၊ မင်းပဲ ကြည့်ရိုက် လိုက်တော့နော်၊ ငါ စိတ်ချမယ်"

"စိတ်ချ ဦးဒီ"

"ဩော် ... ထင်ရှား ဟိုအပင်ကြီးကို fourground ခံရိုက်ရင် scene ပိုလှသွားမယ်ထင်တယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲလိုရိုက်ဖို့ စဉ်းစားထားတေ"

"အေး ... ဆက်လုပ်ကွာ"

အနုပညာလောကထဲကို ရှူးရှူးမိုက်မိုက် တိုးဝင်လာခဲ့ကြသည့် လူ သစ်တန်းတို့ ထုံးစံအတိုင်း အစပိုင်းမှာတော့ ဝိုင်းဝန်းကူညီ ထိုးနှက်ခြင်းများ


www.burmeseclassic.com

www.burmeseclassic.com



ခွာကို ရင်းစည်းခံခဲ့ရပါသေးသည်။

သို့ပေမယ့် သူ နောက်မတွန့်ခဲ့။ အပြုသဘော မသက်ရောက်သည့် ဝေဖန်ချက်များကိုလည်း ခေါင်းထဲမထည့်ဘဲ ဝါသနာပါရာကို ရဲရဲဝံ့ဝံ့ ယုံယုံကြည်ကြည် နှစ်ဆတိုး ကြိုးစားခဲ့သည်။

ဦးဒီ၏ စေတနာအမှန်နှင့် ကူညီအားပေးခဲ့မှုတို့ကြောင့်လည်း သူ အားတက်ခဲ့ရ၏။ ဦးဒီကလည်း ဗီဇမခေတဲ့သူ့ကို စိတ်ရှည်လက်ရှည် သင်ပြပေးသည်။ ရိုးသားကြိုးစားပြီး ဖင်ပေါ့လွန်းတဲ့ သူ့ကို နေရာလည်း ပေးခဲ့၏။

ခုပဲ ကြည့်လေ။

ဦးဒီက စီစဉ်ညွှန်ကြားရုံသက်သက်ပင်။ ထင်ရှားအခြေအနေက သက်လွှတ်မယ်ဆိုရင်တောင် လွှတ်လို့ရသည့်အခြေအနေ။

"ရုပ်ရှင်ဆိုတဲ့ သဘောတရားက အပြောထက် အပြကို ဦးစားပေးတယ်၊ တချို့ scene တွေမှာ စကားတွေ အများကြီး ပြောနေစရာ မလိုဘူး၊ အမူအရာလေးတစ်ခု၊ မျက်ဝန်းအကြည့်လေးတစ်ချက်တည်းနဲ့ ပြည့်စုံသွားနိုင်တယ်၊ အဲဒါကို အသက်ဝင်လှုပ်ရှားအောင် ပြနိုင်မှ ဒါရိုက်တာ ကောင်းတစ်ယောက် ဖြစ်လာမှာ၊ အဲ ... ဝတ္ထုရဲ့သဘောတရားကတော့ အပြောကို ဦးစားပေးရတယ်၊ ဒီလိုပီပြင်မှလည်း စာရေးဆရာကောင်းတစ် ယောက် ဖြစ်လာမယ်လေ၊ အဲ ... ဇာတ်ညွှန်းအပိုင်းကတော့ ကိုယ်ရိုက်မယ့် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို ကောင်းကောင်းတည်းဖြတ်တတ်ရမယ်၊ scene ခွဲတာ ပိုင်နိုင်ရမယ်ပေါ့ကွာ၊ ဦးဒီ အဓိက ပြောချင်တာကတော့ ဇာတ်ကားကောင်းတစ်ကား ထွက်လာဖို့အတွက် ပထမအနေနဲ့ ဒါရိုက်တာ ရဲ့ တာဝန်အပြည့်ရှိနေတယ်၊ ဘယ်အခန်းကိုမဆို ပေါ့ပေါ့တန်တန် သဘော ထားပြီး မရိုက်ရဘူး"

တကူးတကန့်ကြီး မဟုတ်ပေမယ့် သူ့ကို ဦးဒီက အထက်ပါအတိုင်း ကြိုးကြိုးသလို ပြောဆိုဆုံးမလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားကလည်း တစ်သဝေမတိမ်း လိုက်နာခဲ့သည်။ မီးထိုးမှန်ထိုး မှအစ camera အထိ အကုန်ဝင်လုပ်သည်။

နောက်ပြီး . . . ဦးဒီက သူ့ကို ဒါရိုက်တာတစ်ယောက်အနေနှင့် ဇာတ်လမ်းဇာတ်ညွှန်း ရေးတတ်ရန် လိုအပ်ကြောင်းနှင့် editing အပိုင်းကို လည်း ကျွမ်းကျင်တတ်မြောက်ထားသင့်ကြောင်း မကြာခဏ ပြောလေ့ရှိ သည်။

ထို့ကြောင့် သူ ညဘက်တွေမှာ အချိန်ရရင် ရသလို ဇာတ်လမ်း ဇာတ်ညွှန်းလေးတွေ ရေးဖြစ်ခဲ့သည်။ ဦးဒီကို ရေးပြီးပြကြည့်တော့ . . .

"ဟာ မင်းထင်ရှား . . . မင်းက ဒီလိုဇာတ်မျိုးတွေ ရေးတတ်သား ပဲ၊ ဖတ်မကြည့်ခင်တုန်းကတော့ အချစ်ဟာသဇာတ်ပဲဖြစ်မှာပါလို့ ထင်ခဲ့ မိသားကွ၊ အခုတော့ မင်းက action သမားပဲကွ၊ ကောင်းတယ်၊ ကြိုက် တယ်၊ ဇာတ်တွေရှိရင် ရေးထားကွာ"

ဦးဒီ မှတ်ချက်မများပါ။

သူက တကယ်ပဲ action ပိုင်းကို စိတ်ဝင်စားသည်။ ငယ်စဉ်က တည်းက နိုင်ငံခြား Fighting ဇာတ်လမ်းတွေကို နှစ်သက်စွဲလမ်းခဲ့၏။

စတားလုံး၊ ဂျက်ကီးချမ်း၊ ဂျက်လီ၊ အာနိုးနှင့် ဂိုမ်းစဘွမ်းမင်းသား တွေကို စွဲစွဲမြဲမြဲကြည့်လာခဲ့သူဖြစ်၏။ ဒါကြောင့်လည်း သူ ပထမဆုံးရေးဖြစ် တဲ့ 'မော်ဝင်ကျား' ဇာတ်လမ်းက Fighting အသားပေးဇာတ်ဖြစ်နေခဲ့တာ ဖြစ်မည်။

နောက်တော့ 'အံပွားငထွား'၊ 'အဖြည့်ခံ'၊ 'ပြင်လို့မရတဲ့လူ' စသည့် ဇာတ်တွေကို ဆက်တိုက်ရေးဖြစ်ခဲ့သည်။

ပညာရေးလည်း အထိခိုက်မခံဘဲ အလုပ်ကို စူးစူးနစ်နစ်ကြိုးစား ခဲ့၏။

"ဗီဒီယိုကားလေးပဲဖြစ်ဖြစ်၊ ရုပ်ရှင်ကားကြီးပဲဖြစ်ဖြစ် ဇာတ်အခြေ



www.burmeseclassic.com

www.burmeseclassic.com



ုတည်ပြီး ကာရိုက်တာနဲ့ လိုက်ဖက်မယ့် မင်းသမီး၊ ဇာတ်ပို့ဇာတ်ရံတွေကို
ွေးချယ်သုံးတတ်ရမယ်၊ ဒီအချက်ကလည်း ဒါရိုက်တာကောင်းတစ်ယောက်
ှာ ရှိနေရမယ့် အရည်အချင်းတစ်ခုပဲ''

သူ့ကြိုးစားမှုတွေ အရာထင်ခဲ့ပါသည်။ ဈေးကွက်ထဲမှာ သူ့ဇာတ်
သမ်း ဗီဒီယိုကားတွေ အတန်အသင့် ဈေးကွက်ဝင်ခဲ့၏။

''ထင်ရှားရေ''

''ဗျာ ... ဦးဒီ''

ရှုတင်သိမ်းနေစဉ် ဦးဒီခေါ်သံကြောင့် သူ ထလာခဲ့၏။

''အေး ... မနက်ဖြန် ဦးဒီကို တစ်ခုကူညီကွာ၊ ဟုတ်ပြီလား''

''ပြောပါ ဦးဒီ၊ မနက်ဖြန် ကျွန်တော် ကျောင်းလည်းပိတ်ပါတယ်''

''အေး ... ဟုတ်သားပဲ၊ ဒီလိုကွ ထုတ်လုပ်ရေးတစ်ခုက သရဲ
ားတစ်ကား ဦးဒီကို မှုက်ခိုင်းထားတယ်၊ ဇာတ်လည်း ရထားပြီးပြီ၊ အဲဒါ
...) ရွာကို Location ကောင်း,မကောင်း သွားကြည့်ပေးကွာ''

''ရပါတယ်''

''ရော့ ... ဒါ မုန့်ဖိုး''

ဦးဒီက သူ့ကို လုပ်အားခလို သဘောထားမပေးဘဲ သူ့သားတစ်
ောက်လို ပိုပိုလျှံလျှံပေးလေ့ရှိ၏။

''ဒါပါပဲကွာ၊ လုပ်စရာရှိတာ လုပ်ပါ၊ ရပြီ''

ပိုက်ဆံတစ်ထပ်ကို သူ ကျောပိုးလွယ်အိတ်ကလေးထဲကို ထည့်ပြီး
ွက်လာခဲ့၏။

ကောင်းကင်ပြင်သည် လင်းပစွာ ဝင်းလဲ့တောက်ပါနေလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

❑ လူတစ်ဦးတစ်ယောက်သည်
အခါအားလျော်စွာ
ထူးဆန်းသော အဖြစ်အပျက်တချို့ကို
တစ်နည်းမဟုတ် တစ်နည်း
ကြုံတွေ့ရပေမည် . . .။



www.burmeseclassic.com

www.burmeseclassic.com

# (G)

"ဟိုးထား ဆရာ၊ ရှေ့လမ်းထိပ်မှာ တစ်ယောက်ဆင်းမယ်"

စပါယ်ယာလေး၏အော်သံနှင့် မရှေးမနှောင်းမှာပင် အဝေးပြေး ဘိုးကားအိုကြီးက ထိုးရပ်သွား၏။ ကားပေါ်မှာ ကျောပိုးအိတ်လွယ် လူသတစ်ယောက် ဆင်းပြီးချိန်မှာတော့ ကားကြီးက ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

"ဟူး!"

သူ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ လမ်းထိပ်မှာ မှာ '...' မြို့ ဟူသည့် ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။

လမ်းမကြီးကတော့ ဖြူးနေ၏။ စက်ဘီးဆိုင်ကယ်နှင့် ကားတစ်စီးစ ...မှလွဲပြီး ရှင်းလင်းနေပါသည်။ မြို့ဟု ခေါင်းစဉ်တပ်ထားသော်လည်း ...အထားက ရွာသာသာမျှသာ။ နယ်မြို့လေးတစ်မြို့ဟု ဆိုကြပါစို့။ ...လို လိုင်းကား၊ တက္ကစီတွေ မရှိသဖြင့် သူ ခြေလျင်ပဲ လိမ့်ရတော့မည်။

www.burmeseclassic.com



လက်မှ နာရီကို တစ်ချက်ငုံ့ကြည့်မိတော့ ညနေ (၆) နာရီပင် ထိုးလုပြီး

ထိုစဉ် အနားက ဖြတ်သွားသည့် စက်ဘီးစီး လူကြီးတစ်ယောက်ကို သူ မေးလိုက်၏။

"အစ်ကို ... ခဏာပါ"

စက်ဘီးရပ်ပြီး ထိုလူကြီးက ...

"ညီလေး ဘာများလဲ"

"ဒီလိုပါ ... ကျွန်တော်က ဒီမြို့က ဦးမိုးသီးရဲ့ ရှေးဟောင်းအိမ်ကြီးဆီကို သွားချင်လို့ပါ၊ အဲဒါ ..."

ထိုလူကြီးက သူ့ကို စူးစမ်းသလို တစ်ချက်ကြည့်ပြီး ဖြေပေးလိုက်သည်။

"အေး ... ဒီလမ်းအတိုင်း သွားရမှာပဲ၊ အတော်တော့ လိုသေးတယ်၊ အစ်ကိုနဲ့က တစ်လမ်းစီဆိုတော့ ငါ့ညီကို ကူညီဖို့က ခက်နေတယ်"

"ဘာကိုပြောတာပါလဲ အစ်ကို"

"ဒီလိုလေ ... လမ်းတူရင် ငါ့ညီကို အစ်ကိုက စက်ဘီးနဲ့ တင်ခေါ်သွားမလို့ပါ၊ ငါ့ညီပြောတဲ့ အိမ်ကိုရောက်ဖို့ အနည်းဆုံး (၅) မိုင်လောက် လျှောက်ရဦးမှာမို့ပါ"

"ဗျာ!"

သူ တကယ်ပဲ စိတ်ညစ်သွားမိသည်။

ခုမှတော့ သူလည်း မတတ်နိုင်တော့။

"ဟုတ်ကဲ့ ရပါတယ်ဗျာ၊ ကျေးဇူးပဲနော် အစ်ကို"

"အေး ... ညီလေး၊ ဂရုစိုက်တော့ သွားကွာ၊ ဒီလမ်းက ညနေ (၆) နာရီကျော်ရင် လူနည်းနည်းပြတ်တယ်ကွ"

"ဟုတ်ကဲ့ အစ်ကို"

သူ နှုတ်ဆက်ပြီး ရွာအဝင်လမ်းမတစ်လျှောက် ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com


ထွက်လာခဲ့၏။

အစောက ပုဂ္ဂိုလ်ပြောခဲ့သလိုပင် လမ်းတစ်လျှောက် ကားတစ်စီး နှစ်စီး ဖြတ်မောင်းသွားတတ်တာကလွဲပြီး လမ်းသွားလမ်းလာ လူတစ်ယောက် တလေကိုပင် မတွေ့ရ။

"ဂျိမ်း!"

"ဟာ ... အရေးထဲ မိုးတွေပါ တက်လာပါ့လား"

သူ တီးတိုးရေရွတ်ပြီး ခပ်သွက်သွက် လျှောက်နေမိသည်။

အချိန် (၆) နာရီခွဲခန့် ဆိုပေမယ့် မိုးသားတွေကြောင့် အမှောင် ထက်ကို ပိုရောက်နေ၏။ မိုးခြိမ်းသံနှင့်အတူ ပြိုးခနဲ ပျက်ခနဲ လျှပ်စီးတို့ပါ တဝင်းဝင်း ဖြစ်နေသည်။ မိုးကတော့ မကျသေး။ မိုးနတ်မင်း အစပျိုးနေပုံ ရသည်။

မိုးမကျခင် သူရောက်မှ အဆင်ပြေမည်ဟု တွေးပြီး ဘေးဘီကို တစ်ချက်ဝေ့ကြည့်လိုက်၏။ အိုကေ။ အနေအထားက ကိုယ့်ဆရာအကြိုက်။ လူသူတစ်ယောက်မှ မရှိ။

သို့နှင့် သူ ပြေးပါလေတော့သည်။ ဒီအချိန်နှင့်ဆို (၇) နာရီပတ် ဝန်းကျင်ကို ရောက်လောက်ပါရဲ့။

'မိုးမည်းမရွာ ... မိုးဖြူမစဲ' ဆိုသည့် စကားပုံက မှန်ပုံပေါ်ပါသည်။ သူ ခရီးတစ်ဝက်ကျော်သည့်အထိ မိုးမကျသေး။ ခြိမ်းပဲ ခြိမ်းနေသည်။ လျှပ်စီးရောင်ကလည်း ဝင်းခနဲ လက်ခနဲ။

သူ့အတွေးမဆုံးခင်မှာတင် ...

"ဟာ ... ရွာပြီဟ"

Speed တဖြည်းဖြည်း လျှော့လာတဲ့ သူ့အပြေးနှုန်းကို မိုးမင်းက အတီပေးလိုက်ပုံရသည်။ တစ်ကိုယ်လုံးလည်း ချွေးတို့ရွှဲနေပြီဖြစ်သည်။

သူကတော့ မိုးသဲကြီးမဲကြီးမကျခင် ရောက်ရမည်ဟု အားတင်း



www.burmeseclassic.com

www.burmeseclassic.com

ကာ ပြေးနေသည့်အရှိန်ကို မြှင့်တင်လိုက်၏။

"ဝေါ! ... ဝေါ ... ဖြော"

"ဂျိမ်း!"

သူ့ဆုတောင်းမပြည့်ပါ။ မိုးစက်အချို့နှင့်အတူ လေပါ ပါလာခဲ့ သည်။ သူ တွေးလိုက်မိသည်။ ဒီအတိုင်းဆို မဖြစ်တော့။ မိုးရောလေပါ ကြမ်းတော့မည့်ပုံဖြစ်သည်။

လေကိုဆန်ပြီး ပြေးနေရသည်ကြောင့် ခရီးကလည်း မတွင်။

"တောက်! ... တစ်မိုင်လောက်ဆို ရောက်တော့မယ့်ဟာကို၊ လေ နဲ့မိုးကတော့ကွာ"

မိုးခိုဖို့ ဘေးဘီကို အကဲခတ်မိတော့ ပိုစိတ်ဓာတ်ကျသွားသည်။ နားခိုစရာ တဲတစ်လုံးတောင် မတွေ့ရ။

ဟင် ... ဟိုရှေ့က ဘာပါလိမ့်။

မိုးလုံးကလည်း အတော်စိပ်လာပြီဖြစ်သည်။ လေကလည်း အနည်း ငယ် ပိုပြင်းလာ၏။ လေနှင့်မိုးနှင့် နှစ်ပါးဆိုင်ဆိုတာ သည်အနေအထားမျိုး ဆိုလိုပုံရသည်။

တစ်ချက်တစ်ချက် 'ဂျိမ်း'ခနဲ၊ 'ဂျိမ်း'ခနဲ မိုးကြိုးထစ်သံက အသည်း ငယ်သူတို့အတွက် သွေးပျက်စရာပင်ကောင်းသည်။

"အို ... ဒါ ရွာဦးဘုန်းကြီးကျောင်းပဲ ထင်တယ်"

သဲသဲမဲမဲ ရွာချလာပြီဖြစ်တဲ့အတွက် သူ သိပ်စဉ်းစားချိန်မရတော့ ဘဲ ဘုန်းကြီးကျောင်းဝင်းထဲကို ပြေးဝင်ခဲ့မိလိုက်သည်။

သူ့အထင် မမှားပါ။ ဘုန်းကြီးကျောင်း တစ်ကျောင်းပင်ဖြစ်သည်။ သို့သော် ... ဘုန်းကြီးကျောင်းပေါ်ရောက်ဖို့က ကိုက် (၁၀၀) ကျော်လောက် လိုသေးသည်။

သို့နှင့် စည်းရိုးအဝ ဝင်ဝင်ချင်းမှာ တွေ့ရသည့် ရုပ်လိုလို၊ မီး


www.burmeseclassic.com

www.burmeseclassic.com


လိုလို အဆောင်လေးအောက်ကို သူ မိုးဝင်ခိုဖြစ်လိုက်သည်။

အဆောင်ဝမှာ ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကို သူ တစ်ချက်မော့ကြည့်လိုက်၏။

**ဗိမာန်**

မိုးကလည်း သဲသဲမဲမဲဆိုမှ တကယ့်ကို သဲသဲမဲမဲရွာသွန်းနေသည်။ တိုက်ခတ်နေသည့် လေပြင်းတို့ကြောင့် သူလည်း ချမ်းစိမ့်စိမ့်ပင် ဖြစ်နေသည်။

လျှပ်ပန်းလျှပ်နွယ်တို့ကလည်း တလဲ့လဲ့။

မိုးက တိတ်မည့်ဟန်မပေါ်။

မတတ်နိုင်တော့ပါ။ ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိပေမယ့်လည်း သူ 'ဗိမာန်' အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်ရောက်မိုးခိုလိုက်သည်။

မဆိုးလှ၊ အခန်းထဲရှိ အနွေးဓာတ်က ချမ်းစိမ့်မှုကို အတော်ကလေးတော့ ကျားကန်ပေးနိုင်ပါ၏။ Watt 60 ဗို့အားရှိ မီးသီးတစ်လုံး၏အလင်းရောင်နှင့်အပူရှိန်ကလည်း အခန်းကလေးကို လောက်ငှစွာ ဖြည့်ဆည်းပေးထားပါသည်။

သူ ... အခန်းလေးထဲကို ဝေ့ဝဲအကဲခတ်ကြည့်တော့ ရှေးဟောင်းဆန်ပုံရသည့် စားပွဲခုံတစ်လုံး၊ ကိုယ်တစ်ပိုင်းပုံကို လုံလုံလောက်လောက် လှည့်ပတ်ကြည့်ရှုနိုင်သည့် ကြည့်မှန်ကြီးတစ်ချပ်နှင့် အခြားတိုလီမုတ်စ ပစ္စည်းပစ္စယတို့ကို တွေ့ရသည်။

သူ့စိတ်ကို ဖမ်းစားအထားနိုင်ဆုံးကတော့ နံရံမှာ ချိတ်ဆွဲထားသည့် ပန်းချီကားချပ်ပင် ဖြစ်သည်။ ပင်ကိုအနုပညာသွေးရှိသူမို့လား (သို့မဟုတ်) အခြားဆွဲဆောင်မှုတစ်ခုကြောင့်လား မပြောတတ်ပါ။ သူ ထိုပန်းချီကားကို ငေးငေးနစ်နစ် စိတ်ပါဝင်စားစွာပင် ငေးစိုက်ကြည့်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားထဲတွင် ဘုရင်မလား။ ဘာလားမသိတဲ့ မိန်းမတစ်ဦးက ပလ္လင်လိုလို၊ ထိုင်ခုံလိုလို အပေါ်မှာထိုင်ပြီး ယနေ့ခေတ် အိုလံပစ်အမှတ် မီးရှူးတံဆောင်နှင့်တူသည့် အရာဝတ္ထုတစ်ခုကို ကိုင်ဆောင်ထားသည်။ နောက် အောက်နားမှာ ညှိုးငယ်စွာခံစားနေသည့် မိန်းမချော မိန်းမငယ်တစ် ဦးရဲ့စိုက်ကြည့်နေပုံဖြစ်သည်။

ကြည့်လိုက်ရုံနှင့် မိန်းမငယ်ကို ကေရီတစ်ပါးက တစ်စုံတစ်ရာ အတွက် တစ်စုံတစ်ခုအပြစ်ဒဏ်ပေးနေပုံမှန်း သိသာစေပါ၏။

ပန်းချီကားလက်ရာကိုလည်း သူ ကျိတ်သဘောကျနေမိသည်။ ထူးခြားသည်က ပန်းချီဆရာလက်မှတ်ကို သူ ရှာမတွေ့ခြင်းပင်ဖြစ်သည်။

ရုပ်ရှင်ကားတစ်ကားဖြစ်စေ၊ စာအုပ်တစ်အုပ်ဖြစ်စေ၊ ပန်းချီတစ်ချပ် ဖြစ်စေ သူ့ဗီဇက ဖန်တီးသူနာမည်ကို ဂုဏ်ယူလေးစားစိတ်ဖြင့် တခုတ်တရ ရှာကြည့်တတ်၏။

အခုတော့ အင်မတန် သေသပ်လှပလှသည့် ပန်းချီကား၏ ဖန်တီး ရှင်လက်မှတ်ကို သူ မတွေ့ရ၍ အနည်းငယ်တော့ ဘဝင်မကျသလို ခံစား နေရသည်။

ထိုစဉ် . . .

♫ ရင်ခွင်ထဲက လမင်းလေး ××× ငါ့ဘဝ အလင်းတန်းလေး ××× ဒဏ်ရာများနဲ့ မင်းရဲ့လက်မှာ ××× ငါလေ ကျရှုံးသွား ××× ဟိုအရင် တုန်းကလိုပဲပေါ့ ××× နွေးထွေးခြင်းများပေး ××× ယုံကြည်ခြင်းနဲ့တို့ရဲ့ လက်တွေ ××× ထာဝစဉ်နိုင်မြဲလို့ ××× မပြောင်းလဲကြေး ♫

ဘောင်းဘီအိတ်ထဲမှ SAMSUNG အမှတ်တံဆိပ် Hand phone လေးက သူငယ်ချင်းတစ်ယောက်၏ Own Tune (Demo) အကြောင်း တေး သွားသံလေးနှင့်အတူ ရုတ်တရက် ထမြည်လာသဖြင့် သူ့အတွေးစတို့ တခဏ ပြတ်တောက်သွားပြီး ပစ္စုပ္ပန်ပေါ်ကို တည့်တည့်ပြန်ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


Screen ပေါ်က ဖုန်းနံပါတ်အရ ဦးဒီဆီကမှန်း သူ သိလိုက်ပါသည်။

"Hello… ဦးဒီ ပြော"

"အေး … မင်း အဆင်ပြေလားလို့ လှမ်းမေး … ဗျစ်! ဗျစ်!"

"ဝေါ်! ဗျော … ဗျော … ကျိမ်း!"

မိုးသံလေသံတို့ကြောင့် တစ်ဖက်က ဦးဒီအသံကို သူ သဲသဲကွဲကွဲ မကြားရ။

"Hello! … ဦးဒီ … ကြားလား … Hello… "

"မင်း … ဗျစ်! … ဗျစ်!"

လိုင်းက ရာသီဥတုကြောင့် ပြောရတာ အဆင်မပြေလှ။ ထိုစဉ်…

"ဟင်! … ဘာလဲဟ"

သူ တီးတိုးရေရွတ်ရင်း မိမိလက်ကိုင်ဖုန်းကို နားမလည်နိုင်သလို/ ယုံကြည်သလို/မမြင်ဖူးသူတစ်ယောက်လို ခေတ္တခွာကြည့်လိုက်ပြီး သေချာအောင် နောက်တစ်ကြိမ် နားနားကပ် ပြန်နားထောင်ကြည့်လိုက်၏။

"ရှင် … ကျွန်မခိုင်းတဲ့အတိုင်း လုပ်ပေးပါ"

"ဟင်!"

အမိန့်သံအနည်းငယ် ဆန်လွန်းသည့် မိန်းမပျိုတစ်ယောက်၏အသံမို့ သူ ရုတ်တရက် ကြောင်ငေးဆွံ့အသွား၏။ တစ်ချိန်တည်းမှာပဲ မကြာခင်က ကြည့်ထားခဲ့သော "One Missed Called" အမည်ရှိ ထိုင်းဖုန်းသရဲကားနှင့် ထိုဇာတ်ကားကိုပဲ ခပ်တည်တည် ကိုယ်ပိုင်ဇာတ်လမ်းလုပ် မြန်မာမှုပြု အရုပ်ထုတ်ဝေထားသော မြန်မာလူငယ်စာရေးတစ်ယောက်၏ဝတ္ထုစာအုပ်ကို ဖတ်ထားမိသည်မို့ သူ ကြက်သီးဖြန်းခနဲ ထသွားမိသည်။

အတွေးနှင့် အခန်းလေးထဲကို ငေးကြည့်မိတော့ အနေအထားက ကိုယ့်ဘက်မှာမရှိတော့။ အခန်းထဲရှိ ဝါကြင့်ကြင့်မီးသီးလေးက ဖြင်းလိုက်


www.burmeseclassic.com

www.burmeseclassic.com

မှိတ်လိုက်ဖြစ်နေ၏။ တစ်ချက်တစ်ချက် စောင့်စောင့်ဝင်လာခဲ့သည့် မိုးသက်လေပြင်းနှင့် မိုးထစ်ချုန်းသံတို့က ထိတ်လန့်သွေးပျက်စေဖို့ သူ့ကို စိတ်လိုလက်ရ တွန်းအားပေးနေကြ၏။

ဒါ . . . သရဲခြောက်နေတာလား။ ငါ . . . သရဲခြောက်ခံနေရတာလား။

သူ အနည်းငယ် ထိတ်လန့်တုန်လှုပ်သွားမိပေမယ့်လည်း ခေတ်လူငယ်ပီပီ အခြေအနေကို အားတင်းရင်ဆိုင်ပစ်လိုက်၏။

တစ်စုံတစ်ယောက် ဖုန်းမှားတာ . . . (သို့) ဦးဒီနှင့် ပြောနေစဉ် ဖုန်းလိုင်းပူးသွားတာရော မဖြစ်နိုင်ဘူးလား။

မြန်မာနိုင်ငံ၏ Network System အရ သူ့အတွေး မဆိုးလှပါ။ ယုတ္တိတန်ပါသည်။ သို့သော် . . . သူ နောက်တစ်ကြိမ် ပြန်နားထောင်ကြည့်ချိန်မှာတော့ သူ တကယ်ပဲ သွေးပျက်သွားမိပါသည်။

"Hello ..."

"ကျွန်မခိုင်းတဲ့အတိုင်းလုပ်ပါ"

"ဗျာ!"

သူ့အသံတို့ အနည်းငယ် တုန်ယင်နေ၏။ သို့ပေမယ့် အားတင်းပြီး သူ ပြန်မေးလိုက်၏။

"ခင်ဗျား ဖုန်းမှားနေပြီ ထင်တယ်"

"မမှားဘူး၊ ရှင့်ကို တည့်တည့်ကြည့်ပြီး ကျွန်မ ပြောနေတာပါ"

"ဗျာ!"

ဖုန်းထဲက မိန်းမပျို၏စကားကြောင့် သူ ဒုတိယအကြိမ် ဗျာမိသွားပြန်သည်။ တစ်လက်စတည်း အခန်းထဲကိုလည်း ဝေ့ကြည့်လိုက်သည်။

မတွေ့ . . .။

သက်ရှိနှင့် တူတာဆို၍ အိမ်မြှောင်တစ်ကောင်ကိုပင် မတွေ့ရ


www.burmeseclassic.com

www.burmeseclassic.com


ဒါ ... ဒါဆို ... ဒီဖုန်းထဲက အသံက ...။

"ရှင့်ကို ကျွန်မပြောမယ်၊ အဲဒီ့အတိုင်း တိတိကျကျလုပ်ပါ"

"ဟုတ် ဟုတ်ကဲ့ ခင် ခင်ဗျားက သ သရဲလား"

သရဲကို ... သရဲလားလို့ ပြန်အမေးခံရတဲ့ သရဲလောက် Roll အောက်တာ မရှိဟု သရဲအစစ်ဆိုရင်တော့ တွေးနေမှာ သေချာပါသည်။ သို့သော် ...

"ရှင် အသက်ဆက်ရှင်ချင်သေးတယ်ဆိုရင် ပါးစပ်ပိတ်ပြီး ကျွန်မ ခိုင်းတာကို သေသေချာချာလုပ်ပါ"

"ဟုတ်ကဲ့"

သူ အလျင်စလိုပဲ ဖြေပေးလိုက်သည်။

"ရှင့်နောက်က နံရံကို ကြည့်လိုက်"

သရဲအခြောက်ခံရပြီဆိုတာကို သူ လက်ခံထားလိုက်ပြီး ဖြစ်သည့် အကြောင်း သရဲကို ဘာစကားမှ သူ အထွန့်မတက်လိုတော့ပါ။ သရဲမ စိတ် ချမ်းသာရင်ပြီးရောဟု သဘောထားကာ သူ နောက်ကိုလှည့်ကြည့်လိုက်၏။

အနောက်မှာများ သရဲမမျက်နှာကြီးကို 'ဘွား'ခနဲ တွေ့လိုက်ရမည် လော။

အတွေးက သူ့ရင်ကို စောင့်ခုန်သွားစေသည်။ သရဲတစ္ဆေကိစ္စတွေ တို (၂၁) ရာစုခေတ်ပညာတတ်လူငယ်တစ်ယောက်ပီပီ အယုံအကြည်မရှိ ခဲ့ပေမယ့် လက်ရှိအခြေအနေအရ သူ လက်ခံရတော့မည်ဖြစ်၏။

သူဖြစ်ချင်ရာဖြစ် အားတင်းပြီး အနောက်လှည့်ပြီး ပိတ်ထားမိတဲ့ မျက်လုံးအစုံကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

"ဟူး! ... တော်ပါသေးရဲ့"

ထူးထူးခြားခြား ဘာမှမတွေ့ရ။ အစောက သူ သိပ်သဘောကျခဲ့ သည့် ပန်းချီကားချပ်တစ်ခုကိုသာ နံရံပေါ်မှာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သရဲမ ငါ့ကို နောက်နေတာများလား။

'ကျွမ်း!'

အတွေးမဆုံးခင် အတော်ကျယ်လောင်စူးရှလှသည့် မိုးထစ်ချုန်းသံနှင့် လျှပ်စီးအရောင်တို့ကြောင့် သူ တစ်ချက်တွန့်သွားသည်။ မလိုသည့်မိုးမို့ ထင့် ... စိတ်ရှိလက်ရှိ ထင်တိုင်းကိုကြံနေ၏။

"ပန်းချီကားပေါ်က ထိုင်နေတဲ့ကောင်မလေးကိုတွေ့လား"

သည်တစ်ကြိမ်မှာတော့ သူ ခေါင်းပဲညိတ်ပြလိုက်သည်။ နှုတ်က မဖြေဖြစ်။

ဟုတ်သည်ပဲ။ အစောက သရဲမကိုယ်တိုင် သူ့ကို တည့်တည့်ကြည့်ပြီး ပြောနေတာပါဟု ဝန်ခံခဲ့ပြီမဟုတ်ပါလား။ သည်စကားအမှန်သာဆိုလျှင် သူ ခေါင်းညိတ်ပြသည်ကို သရဲမ တွေ့ရမည်ပေါ့။

ထိုကိစ္စနှင့်ပတ်သက်ပြီး သရဲမက သူ့ကို ထွေထွေထူးထူး ပြဿနာ မရှာ၍ တော်ပါသေးသည်။

"အဲဒီ ထိုင်နေတဲ့ ကောင်မလေးကို ဝိုင်းထားတဲ့ အနီရောင်စည်း ဝိုင်းကိုရော ရှင်တွေ့တယ်မဟုတ်လား"

သူ အောက်ပါပုံကို တစ်ချက်စေ့စေ့ကြည့်ပြီး ဒုတိယအကြိမ် အသံ တိတ် ခေါင်းညိတ်ပြလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



"ရှင် တွေ့တယ်ဆိုရင် အဲဒီစည်းဝိုင်းအနီရောင်ကို ရှင့်နည်းရှင့်ဟန်နဲ့ ဖြတ်ပေးပါ"

"ဗျာ!"

'ဝေါ ‥ ဖြော ‥ ဖြော ‥ ဂျိမ်း!'

သူ အံ့အားသင့်သံကို ပိုမိုပြင်းထန်လာသည့် မိုးသံလေသံနှင့် မိုးခြိမ်းသံတို့က ဖုံးလွှမ်းသွားသည်။ ဖုန်းထဲမှ သရဲမ၏ညွှန်ကြားချက်ကို သူ အံ့အားသင့်သွား‌မိသည်။

တစ်ချိန်တည်းမှာပဲ သူ အကြံတစ်ခုကိုလည်း တွေးလိုက်မိ၏။ သို့ပေမယ့်လည်း အနုပညာသမားတစ်ယောက်ပီပီ တစ်ပါးသူ ခံစားသက်ဝင်နေ်တီးထားသည့် အနုပညာကို သူ မဖျက်ဆီးလို၍ အထွန့်နည်းနည်းတက်လိုက်သေးသည်။

"ခင်ဗျား ‥‥ ကျွန်တော့်ကို ပန်းချီကား အဖျက်ဆီးခိုင်းနေတာလား"

"ရှင့်ကို စည်းဝိုင်းလေးတစ်ခုတည်းကိုပဲ ဖြတ်ခိုင်းနေတာပါ"

သရဲမအသံကို အစောကလောက်တော့ သူ မတုန်လှုပ်တော့ပါ။ အနည်းငယ်လည်း ရဲတင်းလာမိသည်။

"ဒါ ‥‥ ခင်ဗျားအတွက် ဘယ်လိုပတ်သက်နေလို့လဲ"

"ရှင် စကားမပြောဘဲ ကျွန်မခိုင်းတာကိုပဲ မြန်မြန်လုပ်ပေးစမ်းပါ။ ကျွန်မအတွက် ဒါ သိပ်အရေးကြီးနေတယ်၊ ရှင်ကူညီမှ ဖြစ်မယ်၊ အချိန်လည်း သိပ်မကျန်တော့ဘူးရှင့်"

သရဲမအသံက အနည်းငယ် နူးညံ့ညင်သာလာသည်ဟု သူတွေးလိုက်မိသည်။

ပန်းချီကားနဲ့သရဲမ ဘယ်လိုပတ်သက်နေသလဲ။ ဒီစည်းဝိုင်းက သရဲမအတွက် ဘယ်လောက်အရေးပါနေသလဲ။ သူကရော ဘယ်လိုကူညီမှ



www.burmeseclassic.com

www.burmeseclassic.com



မျိုး လုပ်ပေးရမှာတဲ့လဲ။

'ဝေါ . . ဖြော ဖြော . . ကျွမ်း!'

မိုးသံလေသံတို့ကလည်း ပိုမိုပြင်းထန်ကျယ်လောင်လာနေ၏။

"ရှင် . . . ကျွန်မပြောတဲ့အတိုင်း ခပ်မြန်မြန် လုပ်လိုက်စမ်းပါ။ ကျွန်မမှာ အချိန်မရှိတော့ဘူး"

သရဲမအသံက အတိဒုက္ခရောက်နေပုံရ၍ အကူအညီတောင်းခံနေပုံ ပေါ်လွင်လှ၏။ သူ အတွေးစကိုဖြတ်ပြီး တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ပြီး အခန်းတံခါးကို ပြေးဖွင့်ပစ်လိုက်သည်။

"ရှင် . . . ဒါ ဘာလုပ်တာလဲ"

သရဲမအသံမှာ စိုးရိမ်မှုတို့ ပျော်ဝင်နေ၏။

"မိုးရေစက်နဲ့ စည်းဝိုင်းကို ဖြတ်ပေးမလို့ပါ"

ပြောပြီး . . . သူ ပန်းချီကားပေါ်က စည်းဝိုင်းကို ဖြတ်ပေးလိုက်၏။ ပန်းချီဆေးကို မိုးရေည်နှင့် နှူးပြီး လက်သည်းတို့ကို အားပြုကာ စည်းဝိုင်းကို ဖြတ်ပေးလိုက်သည်။ မိုးသံ,လေသံတို့ကလည်း အဆမတန် ပြင်းထန်လာ၏။ မိုးထစ်ချုန်းသံတို့ကလည်း မပြတ်။

သူ စည်းဝိုင်းကိုဖြတ်ပြီးချိန်မှာတော့ စူးရှတောက်ပလွန်းသော အလင်းတန်းကြီးတစ်ခုနှင့်အတူ ကျယ်လောင်မြည်ဟည်းလှသည့် မိုးကြိုးပစ်သံကြီးကို သူ ကြားလိုက်ရပြီး ကြက်သီးထသွားသည်။

ကျွမ်း!

နောက်တော့ . . .

သူ ဘာကိုမှ စဉ်းစားတွေဝေမနေတော့ဘဲ အစောက ဖွင့်ထားခဲ့တဲ့ တံခါးပေါက်မှတစ်ဆင့် အပြင်ကို အားကုန်ပြေးထွက်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com


မှောင်မည်းနေတဲ့ လမ်းမပေါ်ကို သူရောက်သည်နှင့် စူးရှလှသည့် အလင်းတန်းနှစ်ခုကို ရုတ်တရက် အနီးကပ် တွေ့မြင်လိုက်ရပြီး ထိတ်လန့်သွားမိသည်။

အရှိန်ပြင်းပြင်းမောင်းနှင်လာသည့် အဖြူရောင်ကားတစ်စီး။

သူ့မှာ ပြင်ဆင်ချိန်မရှိ။ နောက်တော့ ...။

ဒုန်း!

ခန္ဓာကိုယ်တစ်ခု လေထုထဲကို မြောက်တက်သွား၏။

ပတ်ဝန်းကျင်အနေအထားကတော့ အစောက ဘာမှမဖြစ်ပျက်ခဲ့သလို ပကတိ ငြိမ်သက်တိတ်ဆိတ်မှောင်မည်းနေသည်။

မိုးသံလေသံတို့ကလည်း ရုတ်ခြည်း ပျောက်ဆုံးသွားခဲ့၏။

သေချာသည်ကတော့ ဤအဖြစ်အပျက်ကို မည်သူမျှ တိတိပပ သိလိုက်ကြခြင်းပင် ဖြစ်လေတော့၏။

■


www.burmeseclassic.com

www.burmeseclassic.com

# (H)

နံနက် (၄) နာရီခန့် ဝေလီဝေလင်းအချိန်တွင် ဖြစ်သည်။

လမ်းမပေါ်တွင် လဲကျနေသော လူငယ်တစ်ယောက် ရှိနေသည်။ ဘေးနားမှာတော့ အဖြူရောင်ဂါဝန်ဝတ် မိန်းမပျိုတစ်ဦးကို ငုတ်တုတ်ထိုင်လျက်သား တွေ့ရသည်။

"အား! ... ကျွတ်ကျွတ် ... ကျွတ်"

တိုးလျသော ညည်းညူသံ တစ်ပိုင်းတစ်စနှင့်အတူ ထိုလူငယ်လေး သတိဝင်လာ၏။

သူ သတိရလျှင်ရချင်း အထိတ်တလန့် ထထိုင်လိုက်ပြီး မိမိကိုယ်ကို လှည့်ပတ်ကြည့်လိုက်မိသည်။ တော်ပါသေးရဲ့။ သူ့မှာ ဘာဒဏ်ရာဒဏ်ချက်မှမရှိ။ ပကာတိ လန်းဆန်းတက်ကြွနေ၏။ ဘေးနားမှ သူ့ကို ပြုံးကြည့်နေသည့် အဖြူရောင် ဂါဝန်ဝတ်မိန်းကလေးကို သတိမထားမိသေး။

"ရှင် ... ရေသောက်လိုက်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com


သူမက ဖလာတစ်လုံးနှင့်အတူ ရှေ့တိုးလာတော့မှ သူ တွေ့သွား
သည်။

"ဟင် ... မင်း မင်းက ဘယ်သူလဲ၊ ငါကရော ဘာဖြစ်သွားတာ
လဲ ပြီးတော့ ... ငါ ရေဆာနေမှန်း မင်းက ဘယ်လိုသိနေခဲ့တာလဲ"

သူမက သူ့မေးခွန်းတွေကို ဘာတစ်ခုမှမဖြေဘဲ ...

"ရေကို အရင်သောက်လိုက်ပါဦး"

ရင်ထဲမှလည်း အမှန်တကယ် ပူလောင်ခြောက်သွေ့နေတာမို့ သူ
အငမ်းမရ ယူသောက်လိုက်မိသည်။ သူမကတော့ ပြုံး၍ပင် ကြည့်နေ၏။

"ဒီရေကို မင်း ဘယ်ကရတာလဲ"

သူမက ဘုန်းကြီးကျောင်းဝင်းထဲကို လက်ညှိုးထိုးပြသဖြင့် သူပါ
လိုက်ကြည့်မိသည်။

## ဝိမာန်

ဆိုင်းဘုတ်ကလေးကိုတွေ့ပြီး သူ ကြက်သီးတဖြန်းဖြန်း ထလာ၏။
ညက အဖြစ်အပျက် အချို့ကိုလည်း ဝိုးတဝါး တွေးမိသွားသည်။ အလုံးစုံ
ကိုတော့ တိတိပပ မမှတ်မိ။

ပြီးတော့ ဘေးနားက မိန်းကလေးရဲ့အသံကိုလည်း သူ့စိတ်ထဲမှာ
ကြားနေသလို ခံစားနေရသည်။ ဘယ်မှာ ဆုံဖူးခဲ့ပါလိမ့်။

"ဒါနဲ့ ... မင်းက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

"ကျွန်မလား၊ ကျွန်မက နတ်သမီးလေ၊ အဲ ... ဘယ်မှာနေတာလဲ
ဆိုတော့ ... ဒီမှာလေ"

နောက်တစ်ကြိမ် လက်ညှိုးထိုးပြလာသဖြင့် သူ့စိတ်ထဲ တစ်ခုခု
ကို တွေးမိသွား၏။


www.burmeseclassic.com

www.burmeseclassic.com


"နေစမ်းပါဦး ... ငါကရော ညက ဘာဖြစ်ခဲ့တာလဲ"

"ရှင်လား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"သေသွားခဲ့တာလေ"

"ဘာ!"

သူမစကားကြောင့် သူ့အတွေးတို့ ပိုမိုနိုင်မာလာခဲ့သည်။

ဟုတ်တယ် ... သူ ရူးနေတာပဲ။ ယဉ်ယဉ်လေးရူးနေတဲ့ အရူး တစ်ယောက်ပဲ။

"ဒါပေမဲ့ ... ရှင် စိတ်မပူပါနဲ့၊ ရှင် ဘာမှမဖြစ်နိုင်တော့ပါဘူး ရှင့်ကို ကျွန်မ ကယ်ထားပြီးပါပြီ"

"ဩော် ... ဟုတ်ကဲ့၊ ကျေးဇူးပါဗျာ"

သူ တမင်ဘဲ ခပ်ရွဲ့ရွဲ့လေး ပြောပစ်လိုက်သည်။ သူမကတော့ ပြောနေမှန်းလည်း ခံစားမိပုံမပေါ်ပါ။ ပြုံး၍ပင် နေနေသည်။

"တကယ်ဆို ... ကျွန်မကတောင် ရှင့်ကို ကျေးဇူးတင်ရမှာပါ

ဘာလဲ ...။

ဘာတွေလဲ ...။

ဘာတစ်ခုမှ သူ နားမလည်နိုင်ပါ။ ဟုတ်သည်ပဲ။ အရူးမစကား နားလည်ရအောင် သူက အရူးမှမဟုတ်တာဘဲ။

ဝတ်ထားစားထားတာကို ကြည့်ပါလား။ တရုတ်ကားတွေထဲ ဘုရင့်သမီးတော်လိုလို ကွမ်ရင်မယ်တော်လိုလိုနှင့်။

ပြီးတော့ ... မိန်းမပျိုလေးတန်မဲ့နှင့် ဖိနပ်ကလည်း မပါ။

သူ သက်ပြင်းကိုသာ ချလိုက်မိသည်။ သည်ပုံစံနှင့်ရိုက်ကွ Location ကိုလည်း သွားမကြည့်ချင်တော့။ ဟိုရောက်မှ ဦးဒီကို အခြေ မပြေကြောင်း ကြည့်ပြောရတော့မည်။


www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ဖို့ ဆုံးဖြတ်ပြီး အမှတ်မရှိ သူမကို မေးလိုက်မိပြန်သည်။

"ဒီအတိုင်း ပြန်လျှောက်သွားရင် ရန်ကုန်ကိုသွားမယ့် အဝေးပြေးလမ်းမကြီးပေါ်ကို ရောက်တယ်မဟုတ်လား"

"ရန်ကုန်ဆိုတာ ဘာလဲ"

သူ လေသွားသည်။

ခံပေါ့။ မေးချင်ဦးလေ။

သို့နှင့် သူ မတ်တတ်ရပ်ပြီး လမ်းတစ်လျှောက် မျှော်ကြည့်လိုက်၏။

"ဟာ . . . အမယ်လေး!"

သူ အလန့်တကြားနှင့် အော်လိုက်ကို ခြေနှစ်လှမ်းခန့် ထခုန်မိသွားသည်။ သူ့ကိုယ်သူလည်း အံ့ဩထိတ်လန့်နေမိသည်။

ဒါ . . . ဘာဖြစ်တာလဲ။ ဟင့်အင်း . . .။ ဒါ လုံးဝမဖြစ်နိုင်ဘူး။

သို့နှင့် သူ့မျက်စိနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ပွတ်သပ်ပြီး နောက်တစ်ကြိမ် မျှော်ကြည့်လိုက်ပြန်သည်။

"ဟင်!"

ငါ . . . ဘာတွေဖြစ်သွားတာလဲ။

သူ အံ့ဩထိတ်လန့်မည်ဆိုလျှင်လည်း အပြစ်မဆိုသာပါ။

ရုတ်တရက် သင် အဝေးက တစ်စုံတစ်ခုကို ငေးကြည့်ရာမှ ထိုတစ်စုံတစ်ခုက သင့်မျက်စိရှေ့နားကို ဒိုင်းခနဲ ရောက်လာခဲ့သည်ဆိုပါက သင် မည်သို့ခံစားလိုက်ရမည်နည်း။

ယခု သူလည်း ဤကဲ့သို့ ခံစားတွေ့ကြုံနေရခြင်း ဖြစ်၏။

သူ . . . ဟိုးအဝေးက ကားလမ်းမကြီးကို မျှော်ကြည့်လိုက်သည့်အခါ မန်မျက်စိဖြင့် လုံးဝထင်ရှားပြတ်သားစွာ မတွေ့မြင်နိုင်သည့် ကားကြီးငယ်တို့က သူ့အနားက ဖြတ်မောင်းနေသလို တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာဖြစ်နေတာလဲ၊ အထိတ်တလန့်ပုံစံနဲ့"

သူ အဖြစ်မှန်အတိုင်း ဖွင့်ပြောမိတော့ သူမက ရယ်ပါသည်။ ပြီးမှ ...

"ဒါများ ရှင်ရယ် ... ကျွန်မမှာတော့ ဘာများလဲလို့၊ အဲဒါ ကျွန်မ ဆေးရဲ့အစွမ်းလို့ပဲ သဘောထားလိုက်ပါ"

"မင်းဆေးရဲ့အစွမ်း"

သူပါ ကြောင်တောင်တောင်နှင့် တီးတိုးရေရွတ်လိုက်မိသည်။

ငယ်ငယ်ရွယ်ရွယ်လေး ဆိုပေမယ့်လည်း သည်ကောင်မလေး ရောဂါ အနေအထားက မသေးတော့ဟုလည်း သဘောပေါက်လိုက်မိသည်။

စိတ်မနှံ့သည့်ကောင်မ ဆိုပေမယ့်လည်း ရုပ်ရည်အဆင့်အတန်း က ပထမတန်းစားမှာ ရှိ၏။ မျက်နှာလေးက လင်းလင်းစင်းစင်းလေးနှင့် လင်းလဲ့တောက်ပနေသည်။ ဘာမှ လိမ်းခြယ်မထားဘဲနဲ့ပင် ယနေ့ နာမည် ကြီးမင်းသမီးလေးငါးယောက်ကို အသာလေး ယှဉ်နိုင်သည်ဟုလည်း ဒါရိုက် တာပေါက်စပီပီ သူ တွေးလိုက်မိသေးသည်။

"ဟုတ်ပါပြီဗျာ ... ဘာပဲဖြစ်ဖြစ် ကိုယ် မင်းကို ရေတို့က်တဲ့အတွက် ရော၊ ဆေးကုကယ်တင်ပေးတဲ့အတွက်ရော ကျေးဇူးတင်ပါတယ်၊ ကိုယ် သွားခွင့်ပြုပါဦး"

"ရှင်!"

သူ ... ကျောပိုးအိတ်ကို ကောက်လွယ်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။

အရုဏ်တက်ပြီးအချိန်မို့ အလင်းရောင်ကလည်း အားကောင်းလာ ပြီဖြစ်သည်။ သူမကတော့ မည်သို့ကျန်ခဲ့မည်မသိ။

"ဟွန်း ... သူ့ကိုယ်သူများ နတ်သမီးတဲ့၊ တော်ဇော်ရှယ်ရှာ အရူးမလေး"

သူ တီးတိုးရေရွတ်ရင်း ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီခန့် လမ်းလျှောက်ခဲ့ပြီးပြီမို့ အဝေးပြေးလမ်းမကြီးနားသို့ပင် ရောက်တော့မည်။

"ဟင် ... ငါ့ဟန်းဖုန်း"

သူ ခုမှ သတိရမိသွားသည်။ သေစမ်း! ...။

သူ ရေးရေးတွေးပြီး စေ့စေ့ပေါ်သွားခဲ့သည်။ ညက 'ဗီမာန်' ဆိုသည့်အခန်းထဲမှာ ပြုတ်ကျကျန်ခဲ့တာကို သတိရသွားသည်။

လမ်းလျှောက်ရတာ ခြေထောက်တွေပင် တိုဝင်လုပြီမို့။ သူ ပြန် သွားချင်တော့ပါ။ ရန်ကုန်ရောက်မှ အပျောက်စာရင်းတင်ပြီး လိုင်းပြန်ဖွင့်ကိုင် တော့မည်။

အဝေးပြေးလမ်းမန်ဘေးကိုရောက်တော့ လူအချို့ ဈေးသည်အချို့ နှင့် ဆိုင်ကယ်နှစ်စီးကို တွေ့ရသည်။ သို့နှင့် ဂျာနယ်ရောင်းသည့် ချာတိတ် တစ်ယောက်ကို စနည်းနာကြည့်လိုက်သည်။

"ညီလေး"

"ဗျာ အစ်ကို ... ဂျာနယ်လား"

"မဟုတ်ပါဘူးကွာ၊ ရန်ကုန်သွားမယ့်ကားတွေ ဘယ်အချိန်လာ တတ်လဲ သိချင်လို့ပါ"

"ခဏနေ လာတော့မှာပါ အစ်ကို"

"ဪ ... အေး ... ကျေးဇူးပဲနော်"

ထိုစဉ် ...

"ဟင် ... နတ်သမီး၊ မဟုတ်ပါဘူး အရှုးမ"

သူ အဖြူရောင်ဂါဝန်ဝတ် မိန်းမပျိုလေးကို တွေ့ပြီး အံ့ဩထိတ် လန့်သွားသည်။

သူက ဘယ်သွားမှာလဲ ... ငါ့နောက်ကို လိုက်လာတာလား။

တစ်ချိန်တည်းမှာပဲ သူ့ခေါင်းထဲကို မေးခွန်းတွေ အဆက်မပြတ်အခိုင်



www.burmeseclassic.com

www.burmeseclassic.com


လိုက် ပြုတ်ကျလာ၏။

"ဟင် . . . သူ ငါ့ကို ကြည့်နေပါလား၊ သေချာပါတယ်၊ အရှုံး ငါ့နောက်ကို လိုက်လာခဲ့တာ၊ ဖိနပ်မပါ ဘာမပါနဲ့ စိတ်ညစ်လိုက်တာ အင်း . . . ဟုတ်ပြီ ငါ အကြံရပြီ၊ သူ့ကို အချိုသပ်ပြီး ပြန်လှတ်ကြည့်ရမယ်"

အတွေးနှင့် အရှုံးမအနားကို သူ ကပ်လိုက်ပြီး . . .

"မင်း . . . ဖိနပ်လည်း မပါဘဲနဲ့ ဘယ်သွားမလို့လဲ"

သူမက မျက်နှာငယ်လေးနှင့် သူ့ကို လက်ညှိုးထိုးပြနေသည် ကြောင့် သူ တကယ်ပဲ အံ့ဩရပါသည်။

"ဘယ်လို . . . ငါ့နောက်ကို လိုက်လာတာ . . . ဟုတ်လား"

ခေါင်းညိတ်ပြတော့ သူ ပိုလို့ အံ့အားသင့်ရပါ၏။

"နေစမ်းပါဦး၊ မင်းက ဘာကိစ္စ ငါ့နောက်ကို လိုက်လာခဲ့တာလဲ"

"ကျွန် . . . ကျွန်မ . . . ရှင်နဲ့ ဝေးဝေးနေလို့ မရဘူးလေ"

"ဟင်!"

သူမ ဆိုလိုရင်းကို သူ လိုက်မမီတော့ပါ။ အဓိပ္ပာယ်မရှိဟုလည်း သူ သုံးသပ်လိုက်မိသည်။ ထိုစဉ် အဝေးပြေးကားတစ်စီး ထိုးစိုက်လိုက်လာ၏။

ဂျာနယ်ရောင်းကောင်လေးက သူ့ကို တခုတ်တရ လာပြောသွား သေးသည်။

"အစ်ကို . . . ဒီကားက ရန်ကုန်ရောက်မှာ၊ ထိုင်ခုံတော့ ရမ မသေချာဘူး အစ်ကို"

"အေး . . . ကျေးဇူးပဲ ညီလေး"

ကားပေါ်မှ လူအချို့ ဆင်းလာကြပြီး လူတချို့ တက်သွားကြသည် တက်သွားသည့် လူတချို့ထဲတွင် သူရော သူမ,ပါ ပါလာခဲ့သည်။

သူ ကားပေါ်ရောက်လျှင်ရောက်ချင်း ကားစထွက်သည်။ တက်


www.burmeseclassic.com

www.burmeseclassic.com



မို့ နေရာမရသေး။ မတ်တတ်ပင် ရှိနေသေးသည်။

"ဟို အစ်ကိုနဲ့အစ်မလေး အတူတူမပာတ်လား၊ ဒီနှစ်ယောက်ခုံမှာ ဝင်ထိုင်လိုက်၊ ရန်ကုန်အထိ မပာတ်လား၊ တစ်ယောက် တစ်ထောင်ပါ"

စပါယ်ယာကောင်လေး၏အသံမဆုံးခင်မှာ သူ ဝင်ထိုင်ပြီး ငွေတစ်ထောင် ထုတ်ပေးလိုက်၏။

"အစ်ကို နှစ်ယောက်ခလေ"

"ဟင် ... မင်း!"

သူ့ဘေးခုံမှာ မျက်နှာငယ်လေးနှင့် သူ့ကို မော့ကြည့်နေသည့် သူမကို တွေ့ရ၍ သူ စိတ်ပျက်သွားမိပြီး ခေါင်းကိုသာ တဗျဉ်းဗျဉ်း ကုတ်နေမိသည်။

"မင်းက ... ဘာလို့လိုက်လာပြန်တာလဲ"

"ရှင်နဲ့မှ ဝေးဝေးနေလို့မရတာကို"

သူမအပြောကြောင့် စပါယ်ယာကောင်လေးက အဓိပ္ပာယ်တစ်မျိုး သွားမိပြီး တခွိခွိရယ်နေသဖြင့် သူပါ မချိပြုံးပြုံးပြီး ငွေတစ်ထောင် ထုတ်ပေးလိုက်ရသည်။

အတော်လျှာရှည်သည့် ကိုရွှေစပါယ်ယာလေးက ...

"အစ်ကို့ကို အစ်မလေးက စိတ်မချလို့ လိုက်နေတာနေမှာပါ"

ဟု ပြောသွားသေးသည်။ ဘာမှပြောချင်စိတ်မရှိတော့၍ သူ ဘာအားမှကို မပြောဖြစ်တော့ပါ။ ရန်ကုန်ရောက်မှ 'ကူညီပါရစေ' ဆိုင်းဘုတ်ပိုင်ရှင် ပုဂ္ဂိုလ်တချို့ကို အကူအညီတောင်းသင့်လျှင် တောင်းရပါလိမ့်မည်။

မင်းက ဘယ်လိုကောင်မလေးလဲ။

ရုပ်ရှင်တွေထဲကလို ရှူးဟန်ဆောင်ပြီး တစ်စုံတစ်ခုအတွက် ချဉ်းကပ်လာခဲ့တာလား။

ရုပ်ကလေး သနားကမားနဲ့ မင်းဟာ တကယ်ပဲ နတ်သမီးလား။



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ရှူးနေတဲ့ မိန်းမပျိုလေးတစ်ယောက်ဆိုလျှင်တော့ မြို့တော်ရန်ကုန်ကြီးထဲမှာ မလွယ်ပါ။ မနုဿသမုဒ္ဒိုးနှင့် ဆုံတွေ့သွားနိုင်သည် မဟုတ်ပါလား။

သူ့ သက်ပြင်းတွေသာ ဖိချနေမိ၏။

သူမကတော့ သူ့ကိုပဲ မကြာခဏ ငေးကြည့်နေပါသည်။

မင်းဟာ ငါ့အတွက်တော့ နတ်သမီးမဖြစ်နိုင်ဘူး မိန်းကလေးရေ ငါ့ကို ဒုက္ခမျိုးစုံပေးမယ့် 'ဗန်ပိုင်ယာ (Vampire) မလေး' ပဲ ဖြစ်နေလိမ့်မယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# (I)

သူ့အနောက်မှာ သူမက ကပ်ပါလာ၏။

လမ်းသွားလမ်းလာ လူအချို့က သူမကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ငေးကြည့်သွားကြသည်။ ဖိနပ်မပါဘဲ လမ်းလျှောက်နေသည့် အဖြူရောင်ဂါဝန်ဝတ် ထိုမိန်းကလေးကို ခပ်ကြောင်ကြောင် လူအချို့က ဗီဒီယိုရိုက်ကွင်းပေါ်က မင်းသမီးလက်သစ်တစ်လက်ဟုတောင် ထင်ကောင်းထင်နေနိုင်ပါသည်။

ထင်လျှင်လည်း ထင်နိုင်ပါသည်။ သူမပုံစံက မဂ်လာဆောင်ခါနီးဆဲဆဲတွင် သတို့သား မသိအောင် ထွက်ပြေးလာခဲ့သည့် သတို့သမီးလိုလိုဘာလိုလိုပုံစံကို။။

သည်အတိုင်းသာ သူ့နောက်ကို တောက်လျှောက်လိုက်နေရင်တော့ သူ့အတွက် အခက်ပင်။ သို့နှင့် သူ ရပ်တန့်ပစ်လိုက်သည်။

ရုတ်တရက် သူမလည်း အံ့ဩသွား၍ရ၏။ သူမလည်း ရပ်တန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ငေးကြည့်နေသေးသည်။ ပြီးမှ သူ့အနားကို တရွေ့ရွေ့ တိုးကပ်လာ၏။

သူမမျက်နှာမှာ စိုးရိမ်ထိတ်လန့်မှုတို့ကို တွေ့နေရသည်။ ဖြူဝင်းလွန်းသည့် မျက်နှာပေါ်မှာ မည်းနက်နေသည့်မျက်ဝန်းအလှက သဘာဝအတိုင်းကို ပျစ်ပျစ်နှစ်နှစ်ကြီး လှပါနေပါသည်။ နိုင်ငံခြားဇာတ်လမ်းအချို့မှာ မကြာခဏတွေ့နေရသည်။ ခပ်ချောချော vampire မလေးလိုလို ဘာလိုလိုနဲ့။ အစွယ်ပါ,မပါကိုတော့ သူလည်း ဖြဲမကြည့်မိသလို သူမကလည်း ရယ်မပြသဖြင့် မတွေ့ရပါ။

အနားရောက်လာသည့် သူမကို သူ တမင်ပဲ ခပ်တင်းတင်းကြည့်ပစ်လိုက်ပြီး ခပ်မာမာပဲ မေးပစ်လိုက်သည်။

"မင်း ... ဘယ်သွားမှာလဲ၊ ဘယ်ကလဲ၊ ဘာလုပ်ဖို့ ငါ့နောက်ကို လိုက်နေရတာလဲ"

"လူတွေအများကြီး၊ ကားတွေအများကြီးကို ကျွန်မ ကြောက်တယ်"

"ငါမေးတာကိုပဲ ဖြေစမ်းပါ၊ မင်း ဘယ်သွားမှာလဲ"

"ရှင် သွားရာကို"

"ကျွတ်! ခက်တာပဲကွာ၊ မင်း ဘာအတွက်နဲ့ ငါ့နောက်ကို ဖိနပ်မပါ, ဘာမပါနဲ့ တကောက်ကောက်လျှောက်လိုက်နေရတာလဲ၊ မင်း ပိုက်ဆံလိုချင်လို့လား"

"..."

သူမ မဖြေပါ။ သူ့ကိုပဲ မျက်နှာငယ်လေးနှင့် ငေးကြည့်နေ၏။

"မင်း အူကြောင်ကြောင်လုပ်နေရင် ငါ ရဲစခန်းကို ပို့ပစ်ခဲ့မှာနော်"

"ရဲစခန်းဆိုတာ ဘာလဲ၊ ပိုက်ဆံဆိုတာရော ဘာလဲဟင်"

သူ ရှူးသာ ပစ်လိုက်ချင်တော့သည်။ ပုံစံကတော့ တကယ် ဘာမှကို မသိနားမလည်သည့် ပုံစံမျိုး။


www.burmeseclassic.com

www.burmeseclassic.com


"တကယ်ပြောတာပါ၊ ရှင်နဲ့ကျွန်မ ဝေးဝေးနေလို့ မရလို့ပါ၊ ကျွန်မကို မထားခဲ့ပါနဲ့နော်"

ပြောနေပုံကတော့ တကယ်သနားဖို့ ကောင်းပါသည်။ သို့သော်လည်း ...

"အဓိပ္ပာယ်မရှိတာပဲကွာ၊ မင်းက ဘာဖြစ်လို့ ငါနဲ့ ဝေးဝေးနေလို့ မရရတာလဲ၊ မင်းနဲ့ငါ ဘာဆိုင်လို့လဲ၊ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ မင်း ဘာဖြစ်ချင်တာလဲ"

"ကျွန်မ ဟိုနားက ကြက်သားကြော်တွေ စားချင်တယ်"

"ဘာ!"

သူမ ညွှန်ပြရာကိုကြည့်မိတော့ လမ်းဘေး ကြက်ကင်ဆိုင်တစ်ဆိုင်နှင့် မုန့်ဟင်းခါးရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရ၏။

သူလည်း အခုမှ နံနက်စာ စားဖို့ကို သတိရမိသည်။ သူမလည်း ဆာနေရောပေါ့။

"ကျွန်မ ကြက်သားမစားရတာ နှစ်ပေါင်းမနည်းတော့ဘူးရှင့်၊ ကျွန်မ စားပါရစေရှင်"

သူ သနားသွားမိသည်။ သို့ပေမယ့် သူ လျှို့ဝှက်စွာ ပြုံးပြီး ...

"မင်း တကယ် ကြက်ကြော်စားချင်တာလား"

သူမက ခပ်သွက်သွက်ပင် ခေါင်းညိတ်ပြ၏။

"ဟုတ်ပြီ၊ မင်းကို ငါ ကြက်ကြော်ဝယ်ကျွေးမယ်၊ ပြီးရင်တော့ မင်း ငါ့နောက်ကို ဆက်မလိုက်နဲ့တော့နော်"

"မရပါဘူး။ ကျွန်မ ရှင့်နောက်ကို မလိုက်လို့မဖြစ်ပါဘူး။ နေပါစေ ကျွန်မ မစားတော့ပါဘူး"

"အောင်မလေး"

ဟုသာ ပလက်ဖောင်းပေါ်မှာ ယောကျ်ားကြီးတန်မဲ့ ဖော်ပြစ်တ


www.burmeseclassic.com

www.burmeseclassic.com


လိုက်ချင်ပါတော့သည်။

သူ အကြံတစ်ခုတော့ ရသွားသည်။ မလုပ်ကောင်းမှန်းသိပေမယ့်လည်း အခြေအနေအရ ကောက်ရိုးလေးတစ်စကို သူဆွဲတော့ကြည့်လိုက်ချင်ပါသည်။ သို့နှင့် ခြေလှမ်းတို့ကို သူ နောက်ပြန်လှည့်လိုက်သည်။ ထုံးစံအတိုင်း သူ့မကလည်း ကပ်ပါလာခဲ့ပါသည်။

သူ မုန့်ဟင်းခါးဆိုင်နှင့် ကြက်ကင်ဆိုင်ရှေ့ ကြားကျကျမှ ရပ်လိုက်တယ်ဆိုရင်ပဲ ...

"အစ်ကို ကြက်ကြော်လား"

"မောင်လေးရေ ... ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါးပူပူလေးတွေ ရတယ်နော်"

သူ ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး ...

"ကျွန်တော့်ကို ထမင်းကြော်တစ်ပွဲနဲ့ ကြက်ကင်တစ်ခုလည်း လုပ်ပေးပါ"

"ထမင်းကြော်က တစ်ပွဲတည်းလား မောင်လေး"

စျေးသည်မမက အနောက်မှာ ရပ်နေသည့် ကောင်မလေးကိုကြည့်ပြီး နားမလည်နိုင်သလို မေးလိုက်ခြင်းဖြစ်ပုံရ၏။

သူ လိုချင်သည်ကလည်း သည်အကွက်ပါပဲ။ ဒါရိုက်တာပီပီ ပလော့ (plot) တစ်ခု ဖန်တီးလိုက်သည် ဆိုပါစို့။

သူ မိုက်ဆာဆာဖြင့် ထမင်းကြော်နှင့်ကြက်ကြော်တို့ကို အားရပါးရ စားနေလိုက်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။ သူ့မ ဆာလွန်းသဖြင့် တောင်းဆိုလာလျှင် "စားပြီးရင် နေခဲ့တော့" ဟု ကတိတောင်းပြီး ထားခဲ့မည့် အကြံနှင့်ဖြစ်သည်။

အရူးမက ကတိဆိုတာကိုရော နားလည်ပါ့မလား။ ဒါကိုတော့ သူလည်း မရူးဖူးသေးလို့ အတပ်မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ သိပ်စားချင်နေသည်ကိုတော့ သူ သိပါသည်။ သူမ မျက်လုံးအစုံက ရွှေရောင်တောက်ပနေသည့် ကြက်ကြော်တွေအပေါ်က မခွာ။ မကြာခဏဆိုသလို တံတွေးမျိုချနေသည်ကိုလည်း သူ သတိထားမိနေသည်။

သို့သော် ...

ထမင်းကြော်တစ်ဝက်ကုန်ချိန်အထိ သူမဘက်က ဘာမှတောင်းဆိုမလာခဲ့ပါ။ ဆန္ဒကို သိက္ခာဖြင့် ထိန်းချုပ်ထားပုံရ၏။

ချက်ချင်း သူ့အတွေးကို ပယ်ဖြတ်ပစ်လိုက်သည်။ သူမမှာ သိက္ခာမရှိနိုင်ပါ။ ဒါကြောင့်လည်း သူ့ကို ကြက်ကြော်စားချင်တယ်လို့ နှုတ်ကပေါ်ပေါ်ထင်ထင် ပြောလာခဲ့တာ မဟုတ်ပါလား။

သူ ... ငါ့နောက်ကို ဘာအကြောင်းပြချက်နဲ့ လိုက်ချင်နေရတာလဲ။ တွေးချင်ပါ။ တွေးလည်း မတွေးနိုင်တော့ပါ။

အရှုံစကားကို လိုက်တွေးရင်း သူပါ သွက်သွက်ခါသွားနိုင်ပါသည်။

"ဂလု!"

တခြားသူတွေ ကြားမကြားတော့ သူ မသိပါ။ သူမ တံတွေးမျိုချသံကိုတော့ သေသေချာချာကြီးကို သူ့နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

ထူးတော့ ထူးဆန်းလွန်းပါသည်။ သာမန်လူတစ်ယောက်ဟာ အခြားလူတစ်ယောက် တံတွေးမျိုချသံကို ဤမျှ ပီပီသသ ကြားနိုင်စွမ်းမရှိသလို အဝေးကြီးက မြင်ကွင်းကိုလည်း zoom ချဲ့ကြည့်သလို အနီးကိုဆွဲယူမကြည့်နိုင်ပါ။

အခု ... သူ့မှာ ဤအစွမ်းတွေ ရှိနေတာ သေချာပါသည်။ ဒါကို သူ လက်မခံနိုင်ပါ။ နားလည်း မလည်နိုင်ပါ။

ငါ ... ဘာဖြစ်နေတာလဲ။

အရှုံးမ ဆေးအစွမ်းကြောင့်လား။

အရှုံးတစ်ယောက်ရဲ့စကားကို ငါ ယုံနိုင်စရာလား။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတဲ့ မေးခွန်းတွေက သူ့ကို ရှုးသွားနိုင်စေပါသည်။ မတွေးချင်တော့ပါ။ ပြီးတော့ . . . သူမကို ညှဉ်းဆဲသလို လုပ်ထားမိသည့် မိမိကိုယ်ကိုလည်း လိပ်ပြာမလုံသလို ခံစားနေရ၏။ သူမကိုလည်း ကြည့်ရင်းနှင့် သနားလာမိသည်။

"မင်း စားမှာလား"

သူ့မေးခွန်းက တစ်ဖက်လူကိုတော့ အနည်းငယ် ကသိကအောက် ဖြစ်စေနိုင်ပါသည်။ ဟိုက တကယ်ဆာလောင်နေသူပဲ မဟုတ်လား။ အလျှင်အမြန်ပဲ ခေါင်းညိတ်ပြ၏။

"အစ်မရေ . . . သူ့အတွက် ထမင်းကြော်တစ်ပွဲနဲ့ ကြက်ကင်လုပ်ပေးပါ"

"ဟင့်အင်း . . . ကျွန်မ ကြက်ကြော်ပဲ စားချင်တယ်၊ အဲဒါကြီး မစားချင်ဘူး"

ဟု သူမက ထမင်းကြော်ပန်းကန်ကို လက်ညှိုးထိုးရင်း ဝင်ပြော၏။

အရူးမက အရူးပါးပဲဟု သူ တွေးလိုက်မိသည်။

"သဘောပဲ၊ ကြိုက်သလောက်သာ စားပေတော့ vampire မလေးရေ"

ခွင့်ပြုချက် ပီပီပြင်ပြင်ရသည်နှင့် သူမ လက်တစ်ဖက်က ကြက်ကြော်တစ်ခုကို ဆွဲကိုင်လိုက်၏။ နောက်တော့ . . .။

အငမ်းမရ/ မဟားတရား/ အတင်းဓမ္မ စသည့် အသုံးအနှုန်းဝေါဟာရအဆင့်ထက် အနည်းငယ်ပိုမိုသော လှုပ်ရှားမှုမျိုးဖြင့် ကြက်ကြော်တစ်ခုကို သူ မတ်တတ်ရပ်နေရင်းကပင် စတင် စားသောက်ပါတော့သည်။

သူမကိုကြည့်ပြီး သူပင် ထမင်းကြော် ဆက်မစားနိုင်တော့။ လည်ပင်းဝမှာ တစ်ဆို့နေ၏။ ဈေးသည်မမနှင့် လမ်းသွားလမ်းလာ လူအချို့ကပါ


www.burmeseclassic.com

www.burmeseclassic.com


သူမကို အံ့သြတကြီး ငေးကြည့်နေကြသည်။

နောက် ကြက်ကြော်တစ်ခုကို သူမ လှမ်းကိုင်ချိန်မှာတော့ သူ့ရော ကြက်ကြော်ရောင်းသူပါ မျက်လုံးပြူးမိတော့သည်။

လက်နှစ်ဖက်နှင့် ပယ်ပယ်နယ်နယ် ဆွဲဖဲ့စားသောက်နေပုံက လူရိုင်းမလေးတစ်ဦးနှင့်ပင် တူနေသေးသည်။

"လာ ... ဒီမှာထိုင်စား။ ဖြည်းဖြည်းချင်းစား။ မဝမချင်းစား ... ဟုတ်ပြီလား"

သူ အခြေအနေကို ဝင်ထိန်းရင်း သူမကို ဘေးက ခုံတစ်လုံးမှာ နေရာချပေးလိုက်သည်။ သူမက နှုတ်ကပင် ဖြေနိုင်စွမ်း မရှိပါ။ ခေါင်းညိတ်၍ပင် ပြ၏။

နောက် ... တတိယမြောက် ကြက်ကြော်ကို စတင်စားသောက်ချိန်မှာတော့ ကြက်သီးတဖြန်းဖြန်းပင် သူ ထသွားမိသည်။

ဘုရား ဘုရား ... ဒီအရူးမက ငါ ထင်သလို မကောင်းဆိုးဝါး vampire မလေးများလား။ ဒါမှမဟုတ် မကောင်းဆိုးဝါး ဖုတ်ဝင်နေသလား။

"ရော့ ... ဒီမှာ ရေလေးဘာလေးလည်း သောက်ဦး"

သူမက သူကမ်းပေးသည့် ရေတစ်ခွက်လုံးကို မက်မက်စက်စက် မော့ချပစ်လိုက်ပြီး နောက် ကြက်ကြော်တစ်ခုကို လက်လှမ်းလိုက်သည်။

ကြာလာတော့ သူမအစား သူပင် ရှက်လာမိသည်။ ဘယ်လို သတ္တဝါတွေနဲ့များ လာဆုံနေရပါလိမ့်နော်။ စျေးသည်မမရော ကြက်ကြော်တိုကိုပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မှင်တက်ဆွဲ့အနေကြ၏။

အရူးမတစ်ယောက်ဟာ တစ်ထိုင်တည်းနှင့် မည်မျှစားသောက်နိုင်သည်ဆိုတာကို သူမသိပေမယ့် ကြက်ကြော် (၁၂) ခုခန့် ကုန်ပြီးချိန်မှာတော့ တစ်ဆိတ်လွန်လာပြီဟု သူထင်ပါသည်။ သို့နှင့် ...

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... တော်သင့်ပြီ"

"ရှင်ပဲ ကြိုက်သလောက် စားဆို၊ ကျွန်မ ဗိုက်မဝသေးဘူးရှင့်"

သေဟဲ့ နန္ဒိယ။ ကိုယ့်စကားနှင့်ကိုယ် ခံပေးဦးရော့။ ကိုယ်က သွားသနားခဲ့မိသည်ကိုး။ သူကပဲ တပြုံးကြီး ကိုယ့်ကို ပြန်ရန် တွေ့နေလိုက်သေးသည်။

"မင်း နောက်ထပ် ဘယ်နှခုစားဦးမှာလဲ"

"၃ ခု"

"အစ်ကို ပါဆယ် ၃-ခု ထုပ်ပေးပါ၊ အားလုံး ဘယ်လောက်ကျလဲပါ တွက်ပေးပါဗျာ"

အားလုံးပြီးချိန်မှာတော့ သူ ခပ်မြန်မြန်ပဲ ထွက်လာခဲ့မိ၏။ အနားက လူတွေကတော့ သူမကို သရဲတစ္ဆေတစ်ကောင်ကို ဝိုင်းကြည့်နေကြ၏။ သူမကတော့ မုန့်ရသွားသည့် ကလေးငယ်တစ်ဦးလို ရွှင်ပျစွာ သူ့နောက်က ကပ်လိုက်ရင်း ကြွက်ကြော်စားနေ၏။

အတော်လှမ်းလှမ်းရောက်မှ သူ စကားစမိသည်။

"မင်း ပြန်ပါတော့ကွာ၊ ငါ့ကို ဒုက္ခမပေးပါနဲ့တော့၊ မင်း စားချင်တာတွေလည်း စားပြီးပြီပဲကွာ"

"ကျွန်မက ရှင့်အသက်ကို ကယ်တင်ခဲ့တဲ့သူပါ၊ တကယ်ဆို ရှင်က သေနေပါပြီ၊ ရှင်နဲ့ကျွန်မက တကယ်ဆို အပြန်အလှန် ကျေးဇူးရှိနေတဲ့သူတွေပါ၊ ရှင့်ကို ကျွန်မက တမင်ဒုက္ခလိုက်ပေးနေတာ မဟုတ်ပါဘူးရှင်၊ တကယ်ကို ကျွန်မက ရှင်နဲ့ဝေးဝေးနေလို့ မရလို့ပါ"

အရူးမက Talking တွေ ညက်သားပဲ။ အခုကျ အရူးမမဟုတ်သလိုပဲဟု သူ တွေးမိပြီး သူမမျက်နှာပေါ်က ဆီကွက်ကြီးကိုမြင်ပြီး သူ ပြုံးမိသွားသည်။ နောက်, အိတ်ထဲက တစ်ရှူးတချို့ကိုထုတ်ပြီး ...

"ရော့ ... မင်းပါးစပ်ကို သုတ်လိုက်ဦး၊ လူမြင်လို့ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်တည်တည် ယူသုတ်လိုက်၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဂျီယာ (gaea)"

"ငါက မင်းနာမည်ကိုမေးနေတာ"

"ဟုတ်တယ်လေ၊ ကျွန်မနာမည်က ဂျီယာ (gaea) ပဲ၊ မြေနတ်သမီးလေးပေါ့"

သူ သေချင်လောက်အောင်ကို စိတ်ညစ်သွားမိ၏။

"မင်းက ဘယ်မှာနေတာလဲ"

"ဒယ်လဖီး (delphi) နတ်နန်းမှာ နေတယ်"

"မင်း ငါ့ကို နောက်နေတာလား"

"မနောက်ပါဘူး၊ ရှင့်ကို ကျွန်မ တကယ်ပြောနေတာပါ၊ ကျွန်မက မြေနတ်သမီးလေး ဂျီယာပါ"

"အေး ... မင်းက ငါ့အတွက်ကတော့ နတ်သမီးလေး ဂျီယာ မဟုတ်ဘူး၊ မကောင်းဆိုးဝါး vampire ပဲ"

သူ စိတ်ပေါက်ပေါက်နှင့် ဟောက်ပစ်လိုက်၏။

နာမည်ကလည်း ဂျီယာတဲ့။ Beer တို့၊ Gera တို့ဆို အသုံးတည့်သေး။

"မင်း အသက် ဘယ်လောက်ရှိပြီလဲ၊ ငါ့အထင်တော့ မင်းက ဆယ့်ရှစ်, ဆယ့်ကိုးပဲ"

"ဆယ့်ရှစ်,ဆယ့်ကိုး ဟုတ်လား ... ဟား ဟား ဟား"

သူ့အမေးကို သူမက သဘောတကျပင် ရယ်နေလိုက်သေးသည်။

"ငါ့စကားမှာ ဘာရယ်စရာပါလို့လဲ"

"ပါတာပေါ့၊ ရှင်ပြောတဲ့ အသက်က ကျွန်မအတွက် ရယ်စရာကြီးကိုးရှင့်"



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုကြောင့်လဲ"

"အင်း ... ကျွန်မအသက်က BC 1200 ကျော်ကတည်းကဆို တော့ အနှစ် (3000) သုံးထောင်ကျော်နေပြီလေ၊ ရှင်က ဆယ့်ရှစ်,ဆယ့်ကိုး ဆိုတော့ ရယ်ရတာပေါ့ရှင့် ... အဟဲ"

သူ တော်တော်ကြီးကို လေသွားရ၏။ ပြောနေတာတွေက တစ်ခု အဓိပ္ပာယ်မရှိ။

"မင်း အရူးလား"

သူမ ခေါင်းယမ်းပြသည်။

အရူးကို အရူးလားဟု မေးပြီး အတည်ပြုချက်ယူနေတာတော့ မဟုတ်ပါ။ သူ့မှာလည်း မေးစရာစကားလုံး မရှိတော့၍ ဖြစ်ပါသည်။

"ကျွန်မ မရူးပါဘူးရှင်၊ လူသားတစ်ယောက်အနေနဲ့တော့ ကျွန်မ ကို ရူးတယ်လို့ပဲ မြင်နေမှာပေါ့"

ပြောပုံက မသိရင် သူမကပဲ တကယ့်နတ်သမီးလေးလိုလို ဘာ လိုနှင့်၊ သူလည်း နတ်သမီးဆိုတာကို ရုပ်ရှင်တွေထဲမှာ အချွန်အတက်တွေ မြင်ဖူးပါသည်။

ယခုလို ဖိနပ်မပါသော ကြက်ကြော် (၁၅) ခုကို တစ်ထိုင်တည်း စားတတ်သော ဂါဝန်ဝတ်တတ်သော နတ်သမီးကိုတော့ မိုးကြိုးပစ် တကယ် မမြင်ဖူး၊ မကြားဖူးခဲ့ပါ။

"ကျွန်မ ရှင် နားလည်အောင် နည်းနည်းပြောပြမယ်"

"တော် ... တော်ပါတော့ vampire (ဗန်ပိုင်ယာ) မလေး ကြာရင် ငါ ရူးသွားလိမ့်မယ်"

"ကျွန်မနာမည် ဂိုင်ယာ (gaea) ပါရှင်၊ vampire (ဗန်ပိုင် မဟုတ်ပါဘူး"

"ငါ့အတွက်တော့ vampire ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ခေါ်ချင်သလိုသာ ခေါ်တော့"

"အေး . . . မင်းလည်း နေချင်သလိုသာနေတော့၊ ငါတော့ နိုးပြီ"

ကျန်နေခဲ့မလားဟု သူတွေးမိပေမယ့်လည်း သူထွက်လာတော့ သူမက ခပ်တည်တည်ပဲ ထလိုက်လာခဲ့၏။

"မင်း ငါ့ကို မကြောက်ဘူးလား၊ ငါက တိုက်ခန်းမှာ တစ်ယောက်တည်း နေတာနော်"

"မကြောက်ပါဘူး၊ ရှင့်ပုံစံက ကြောက်စရာမှ မကောင်းတာ"

သူလည်း နည်းလမ်းကုန်သလောက် ရှိသွားပြီဖြစ်သည်။ အနေအထားက လက်လျှော့ရတော့မည့်အခြေအနေမို့ သူ သက်ပြင်းသာ ချနေမိ၏။ လူတွေကတော့ ဖိနပ်မပါသည့် သူမရဲ့ Old dress fashion ကိုကြည့်ပြီး ပြုံးစိပြုံးစိ လုပ်သွားကြသည်။ မသိရင် စိတ်ကောက်နေတဲ့ ကောင်လေးကို ချစ်သူကောင်မလေးက လိုက်ချော့နေသလိုပုံပါပဲ။

"ရော့ . . . ဒီဖိနပ်စီးခဲ့"

သူ ကတ္တီပါဖိနပ်ကို ချွတ်ပေးတော့ သူမက . . .

"ရှင်ကရော"

"ရတယ်၊ ငါက ယောကျ်ားလေး၊ မင်းက မိန်းကလေး၊ လူမြင်ပို့သင့်တော်လို့ စီးထား"

"ဟုတ်"

သည့်လိုတော့လည်း နားထောင်ဖော်ရသားပဲ။

လမ်းက Store ဆိုင်တစ်ခုမှာ သူမအတွက် ဖိနပ်တစ်ရန်ဝယ်ပေးတော့ သူမက . . .

"ကျွန်မ ရေဆာတယ်"

"ရေ . . . နေဦး"

သူ ထွက်သွားပြီး အစိမ်းရောင်ပုလင်းတစ်လုံးနှင့် ပြန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ရော့ ... ရေသန့်ဘူးက ကုန်နေတယ်၊ ဒါ သောက်ထားလိုက်၊ ရေငတ်တော့ ပြေမှာပါ"

သူမက မော့သောက်လိုက်ပြီး ...

"အိုး! ကောင်းလိုက်တာ၊ ဒါ ဘာရည်တွေလဲဟင်"

"စပါကလင်"

ထုံးစံအတိုင်း ပုလင်းတစ်ခုလုံး တစ်စက်မကျန် ပြောင်သွားလေ၏။

မြန်မာရာဇဝင်က နတ်မင်း ကိုကြီးကျော်ကတော့ ကြက်ကြော်နှင့် အရက်ကို ကြိုက်သည်။ အခု ဘယ်ရာဇဝင်ကမှန်းမသိရတဲ့ နတ်သမီးဆိုသူကတော့ စပါကလင်နှင့် ကြက်ကြော်ကို ကြိုက်နေလေပြီ။

ရှေ့ဆက် နှစ်ပါးသွားရဦးမည့် ဇာတ်လမ်းအတွက် သူ သက်ပြင်းရှည်ကြီးကိုသာ ချနေမိသည်။ တိုက်ခန်းကိုရောက်မှ အေးအေးဆေးဆေး မေးသင့်တာတွေ မေးပြီး ရဲလက်အပ်သင့်ရင် အပ်ရပါလိမ့်မည်။ အခုတော့ သူလည်း ဘာမှမတတ်နိုင်တော့ပေ။

သူမကတော့ သူ့ခြေတစ်လှမ်းချင်းရဲ့နောက်မှာ ...။

■


www.burmeseclassic.com

www.burmeseclassic.com

# (၂)

သူ စိတ်ညစ်နေပါသည်။ အတော်ကလေးကို စိတ်ညစ်နေပါသည်။

သူမ ပျော်ရွှင်နေပါသည်။ အတောက်လေးကို ပျော်ရွှင်နေပါသည်။

လူနှစ်ယောက်ဟာ အခန်းတစ်ခန်းထဲမှာ Sony အမှတ်တံဆိပ် Television တစ်ခုတည်းကို ကြည့်နေမိကြပြီး ဆန့်ကျင်ဘက် စိတ်ခံစားမှု နှစ်မျိုးကို ခံစားနေရသည်မှာ များစွာမထူးခြားလှပါ။

စိတ်မနှံ့သည့် ခပ်ချောချောမိန်းကလေးတစ်ယောက်နှင့် တစ်ခန်းထဲမှာ အတူတူ ညအိပ်ဖို့ဆိုတာ သူ့အတွက် အိပ်မက်တောင် မမက်ခဲ့ဖူးသည့် အကြောင်းအရာတစ်ခုဖြစ်၏။ သို့သော် ... အနေအထားကို သူ လွန်ဆန်၍မရနိုင်သလို အခြေအနေကိုလည်း သူ ပြောင်းလဲဖို့ မစွမ်းသာပါ။

သူမကတော့ ပူပင်ကြောင့်ကြမှုကင်းစွာ မြဝတီရုပ်သံလာ ကိုရီးယား ဇာတ်လမ်းတွဲကို ပျော်ပျော်ကြီး ကြည့်ရှုနေလေ၏။

သူ့မှာသာ ဘာဆက်လုပ်ရမည်မသိ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟော့လူ ... အဲဒါ ဘာကြီးလဲ"

သူကြည့်မိတော့ ဇာတ်လမ်းက တောင်ကိုရီးယား၊ မြောက်ကိုရီးယား စစ်ဖြစ်ရခြင်းကို အခြေခံရိုက်ကူးထားသည့်စစ်ကား ဖြစ်နေသည်။

"အဲဒါ ... တင့်ကားလို့ခေါ်တယ်"

"ဟော့လူ ... အဲဒီ့ကားကြီးက မိုက်တယ်နော်၊ အကြီးကြီးပဲ"

"အင်း ... ဒီမှာ ငါ့နာမည် ထင်ရှား၊ ထင်ရှားလို့ခေါ်ပါ"


"ဟုတ်"

သူမ မျက်လုံးတွေကတော့ TV က မခွာပါ။ ကြည့်ရတာ အရူးမက ကိုရီးယားကားကိုတော့ တော်တော်ကြိုက်နှစ်သက်ပုံရ၏။ သည်ကြားထဲ အမေးအမြန်ကလည်း ထူပါသေးသည်။

ဇာတ်လမ်းတစ်ပိုင်း ပြီးချိန်မှာတော့ ...

"ဟော့လူ ... အဲ ထင်ရှား ... အဲဒါကို ဘာခေါ်လဲဟင်၊ ပြီးတော့ အဲဒါကို ကျွန်မ သိနေတယ်၊ လွန်ခဲ့တဲ့နှစ် (၃၀၀၀) လောက်ကတည်းက ဆိုပါတော့"

သူကြည့်မိတော့ အောက်ပါအလံကို တွေ့ရသည်။



"ဒါ ... ကိုရီးယားနိုင်ငံအလံပဲ၊ မင်းက ဒါကို ဘယ်လိုသိနေရတာ လဲ vampire မလေးရဲ့"

ကေန္တ အရူးမက ကိုရီးယားမင်းသမီးရူးများ ရူးနေသလား။ ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


တော့ ဖြစ်နိုင်လောက်သည်။ သူမက မျက်ကွင်းလေးတွေ မည်းနက်နေတာက လွဲပြီး ရုပ်ထွက်က ကိုရီးယားမင်းသမီးရုပ်မဟုတ်လား။

"ဒီလိုပါ"

သူမက စားပွဲပေါ်မှာရှိနေသည့် ဘောလ်ပင်နှင့် စာရွက်တစ်ရွက်ကိုယူပြီး အကြောင်းအရာတချို့ကို ရေးခြစ်နေ၏။ ပြီးတော့ သူ့ကိုပြရင်း ရှင်းပြနေသည်။


(ပုံ–၁)


(ပုံ–၂)


(ပုံ–၃)


(ပုံ–၄)

"ဒီပုံတွေကိုကြည့်လေ"

"အင်း ... ဘာဖြစ်လဲ အဲဒါ"

"အဲဒီအရာတွေမှာ အဓိပ္ပာယ်တွေ ရှိတယ်ရှင့်"

"အင်း!"

သူ စိတ်ညစ်ပြီးရင်း စိတ်ညစ်ရပါသည်။ ဘာပေါက်ကရတွေ ထပ်ကြားရဦးမည်မသိပါ။ အသာပဲ သူ နားထောင်ပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။ အရူးတွေ စိတ်ချမ်းသာရင် ကမ္ဘာကြီး အေးချမ်းတယ်မဟုတ်လား။

"အဓိပ္ပာယ်က ဒီလိုရှင့်၊ (ပုံ–၁)က သင်္ကေတရဲ့အဓိပ္ပာယ်က ယောကျာ်းကြီးတစ်ယောက်ကို ဆိုလိုထားတာ၊ (ပုံ–၂) က မိန်းမပျိုလေးတစ်ယောက်၊ (ပုံ–၃) က ယောကျာ်းပျိုလေး၊ (ပုံ–၄) က မိန်းမကြီးတစ်ယောက်ကို ဖော်ပြထားတာ"

"အင်း!"


"ဒီမှာ ဆက်ကြည့်ဦး"

ပြောပြောဆိုဆို သူမက ဇယားတစ်ခု ထပ်ဆွဲပြ၏။


www.burmeseclassic.com

www.burmeseclassic.com






သူမ ဆွဲပြသည့်ဇယားကို ယူကြည့်မိပြီး သူ ခေါင်းရှုပ်သွားသည်။ စိတ်ဝင်စားမိသလိုလည်း ဖြစ်မိပေမယ့် သူ ဘာတစ်ခုမှ နားမလည်။

"အဲဒါ ဘာတွေလဲ"

"သင်္ကေတ နိမိတ်ပုံတွေလေ"

နိမိတ်ပုံ . . . ။

Tarot card, လီနိုဗန်ကတ် အစရှိသည့် နိမိတ်ပုံကတ်တွေကိုတော့ သူ မြင်ဖူး၊ ကြားဖူးပါသည်။ သည်သင်္ကေတကတ်ရဲ့ နိတ်မိတ်ပုံတွေကိုတော့ သူ တစ်ခါမှ မမြင်ဖူးသေးပါ။

"ဟုတ်လို့လားဟာ၊ ငါ့တစ်သက်မှာတော့ တစ်ခါမှ မတွေ့ဖူးဘူး"

"ဟုတ်ပါတယ်၊ ဒီနိမိတ်တွေက ကျွန်မတို့ ဒယ်လဖီဂူတ်နန်းမှာ အသုံးပြုခဲ့တဲ့ ရှေးဖြစ်ဟောကိန်း နိမိတ်ပုံသင်္ကေတတွေပါ"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

"ရှင်ကလည်း တုံးလိုက်တာရှင်၊ ဒီမှာကြည့် ကျွန်မ ပြောပြမယ်၊ နိုင်မာတဲ့မျဉ်း (၂) ကြောင်းနဲ့ တည်ဆောက်ထားတဲ့ (ပုံ-၁) သင်္ကေတဟာ နိုင်မာရင့်ကျက်အားကြီးမှုကို ကိုယ်စားပြုလို့ ယောကျ်ားကြီးတစ်ယောက်လို အသိအမှတ်ပြုထားရမယ်၊ ဆုံးဖြတ်ချက် မခိုင်မာတော့တဲ့ ပြတ်လမ်းကြောင်း (၂) ခုနဲ့ တည်ဆောက်ထားတဲ့ သင်္ကေတကိုတော့ မိန်းမကြီးလို့ နားလည်ထားရမယ်၊ အဲသလိုပဲ ခိုင်မာတဲ့ လမ်းကြောင်းတစ်ခုနဲ့ ပြတ်တောက်နေတဲ့ လမ်းတစ်ခုတို့နဲ့ တည်ဆောက်ထားတဲ့ သင်္ကေတကိုတော့ ယောကျ်ားပျို လေး, မိန်းမပျိုလေးလို့ သိထားပေးရမယ်"

"အင်း"

သူ စကားထောက်ပေးတော့ သူမက အားတက်သရော ဆက်ရှင်း ပြ၏။

"အဲဒီသင်္ကေတတွေကို ဒီဇယားအတိုင်း ပေါင်းကြည့်မယ်ဆိုရင် နိမိတ်ပုံ (၁၆) ခု ထွက်မလာဘူးလား၊ အဲဒီနိမိတ် (၁၆) ခုနဲ့ ဗေဒင်ဖြစ်ကို ဟောတာပဲ"

"ဩော်"

အရှုံးက တစ်မူးသာဆိုတာ ဒီအဖြစ်အပျက်မျိုးလား။ သူ ... သူမ ကို ကြည့်မိတော့ သူမက စိတ်ပါလက်ပါ တစ်စုံတစ်ခုကို ထပ်ရေးပြနေ၏။

ကေနွှဲ ဒင်းက Korea နတ်သမီးများလား။

သူ့အတွေးကို သူ ပြန်ရယ်ချင်နေမိသဖြင့် မနည်းထိန်းချုပ်ထား လိုက်ရ၏။

"ဥပမာရှင် ... လူတစ်ယောက်ကို ဗေဒင်ဖြစ်ဟောဖို့အတွက် အမှတ် (၁) သင်္ကေတ (==) ကျတယ်ဆိုရင် အားကြီးတဲ့ သင်္ကေတ (၂) ခု ပေါင်းစည်း ထားတာဖြစ်တဲ့အတွက် ဒီနိမိတ်ပုံအတွက် ဟောကိန်းက


www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းမယ်၊ အောင်မြင်မယ်၊ အနှောင့်အယှက် အဖျက်အဆီးအတွေ
ကာကွယ်မှုရမယ်၊ လေးစားဂုဏ်ပြုခံရမယ် ... စတာတွေပေါ့ရှင်"

"မင်း ... တကယ်ပြောနေတာလား"

"အင်းလေ"

သူမက အရိုးခံလေးအတိုင်း ပြန်ဖြေတော့ သူ မတော်မနေ မေးလိုက်မိပြန်သည်။

"ဒါဆို ... မင်းက တကယ့်အရူးအစစ် မဟုတ်ဘူးပေါ့"

"ကျွန်မ တကယ်နတ်သမီးလေးပါ၊ အရူးမဟုတ်ပါဘူးရှင်၊ ရှင် သဘောပေါက် ယုံကြည်လာအောင် ကျွန်မ နိမိတ်ပုံတွေကို ဟောကိန်း အကျဉ်းချုပ် ထုတ်ပြမယ်၊ ခဏစောင့်"

သူမက စာရွက်ထဲမှာ အကြောင်းအရာတချို့ကို ရေးခြစ်နေပြန်ပါ

"မင်းက နတ်သမီးသာဆိုတယ်၊ မြန်မာစာ ရေးတတ်တယ်နော်"

"အင်း ... ရေးတတ်တယ်၊ ကျွန်မက ဘယ်ဘာသာဗေဒကိုမဆို အချိန်တစ်နာရီလောက် နားထောင်ပြီးရင် အဲဒီဘာသာစကားကို ရေးတတ် ဖတ်တတ်တယ်လေ"

"ဟင်"

သူမဟာ တကယ်ပဲ အဆင့်မြင့် vampire ဗိုင်ပါယာ တစ်ယောက် လား။ ဒါမှမဟုတ် ရူးရူးနှမ်းနှမ်းနှင့် ပါးစပ်ထဲရှိရာတွေကို လျှောက်ပြောနေ တာလား။

သူမကတော့ စာရွက်ထဲမှာ တစ်စုံတစ်ခုကို သဲသဲမဲမဲ ရေးခြစ်နေ ပါသည်။

"ဒါဆို ... မင်း စောစောက ကိုရီးယားကားတစ်နာရီလောက် ကြည့်ထားတာဆိုတော့ ကိုရီးယားစကားကိုလည်း မင်း ရေးတတ်ဖတ်တတ် သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်"

သူမက ခေါင်းပါညိတ်ပြသည်။ သူလည်း လှို့ဝှက်စွာ ပြုံးလိုက်မိပြီး ...

"ဒါဆိုရင် ငါ့ကို ကိုရီးယားလို တစ်ခုခုပြောပြပြီး တစ်ခုခုကို စာလုံးပေါင်းရေးပြလေ"

"ရယ် ... အင်ညာဆယ်ရော ... + − × ÷ α % = ..." ဟု အစချီကာ ကိုရီးယားမလေးတွေ လေယူလေသိမ်းအတိုင်း သူမက ပြောပြသည်။

အဓိပ္ပာယ်ကို သူ မသိပေမယ့် korea language နှင့် မစိမ်းလှသူမို့ သူမ လျှောက်ပြောနေတာ မဟုတ်မှန်း လက်ခံမိပါသည်။

"ဒီမှာကြည့် ... ဒါ ကိုရီးယားလို ဝိညာဉ်ချစ်သူလို့ ရေးထားတာလေ"

သူ ဆွဲယူကြည့်လိုက်၏။ သူမ,ပြောတာ ဟုတ်,မဟုတ်တော့ မသိပါ။ ကိုရီးယားစကားလုံးတွေမှန်းတော့ သူ သိနေပါ၏။

သူမရေးပြသော 'ဝိညာဉ်ချစ်သူ'ဆိုသည့် korea language မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

고스트

သူမကိုကြည့်ရင်း သူ တဖြည်းဖြည်း မျက်လုံးပြူးလာမိသည်။ ပြီးတော့ သူမကိုလည်း လန့်လာမိသည်။ တကယ်ပဲ သူမ,ပြောသလို နတ်ဒေဝါတစ်ယောက် ဖြစ်နေမလား။


www.burmeseclassic.com

www.burmeseclassic.com



"ထင်ရှား ... မေးနေတယ်လေ၊ ရှင်းရဲ့လားလို့"

"ဩော် ... အင်း ရှင်းပါတယ်"

သူ ယောင်နနနှင့် ခေါင်းညိတ်ပြေမေးလိုက်သည်။ သူမက အောက် ပါပုံကို ထပ်ပြပြန်၏။



(Taiji symbol)

"ရှင် ... ဒီသင်္ကေတကိုရော သိလား"

"အင်း ... တရုတ်ကားတွေထဲမှာတော့ မြင်ဖူးတယ်၊ ဘာမှန်းတော့ မသိဘူး"

"အဲဒါ ထိုက်ကျိသင်္ကေတပုံပေါ့၊ ပီယကံကောင်းပြီး လာဘ်ပွင့် စေနိုင်တဲ့ အဆောင်သင်္ကေတပေါ့၊ (Wu Chi) ဝူကျိ ဖြစ်စဉ်ကနေ ဆင်း သက်လာခဲ့တဲ့ သင်္ကေတပါ၊ ဒီသင်္ကေတ Yang (ယန်) ဓာတ်ဖိုသဘာဝနဲ့ Yin (ယင်) ဓာတ်မသဘာဝတို့ အချိုးကျကျ ပေါင်းစပ်ထားတယ်လေ ကျွန်မ ပြောချင်တာက ဒီသင်္ကေတတွေက ကျွန်မသိထားတဲ့အရာတွေ ဖြစ်နေတယ်ဆိုတာပါပဲ"

ဘုရား ... ဘုရား ... သူမက တရုတ်ဖုတ်လား၊ ကိုရီးယားသရဲ လား။ ဒါမှမဟုတ် အဆင့်မြင့် စာကျပိုးတစ်ယောက်လား။

အားလုံးကို ချက်ကျလက်ကျ သိနေပုံက ကြွက်သီးထဖွယ် ကောင်း သည်။ စာအတော်များများ၊ ကဗျာအတော်များများ ဖတ်ခဲ့ဖူးသည့်သူ သူမကို လိုက်မမီ။ အဲသလောက် နှံ့နှံ့စပ်စပ် ရာရာဖွေဖွေလည်း သူမသိ။

အတော်ထူးဆန်းသည့် ကောင်မလေးဘဲ။ စိတ်ရောဂါဝေဒနာရှင် ဆိုရလျှင်လည်း ဘယ်လိုရောဂါမျိုးလဲ၊ ထူးခြားတဲ့ စိတ်ရောဂါအချို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com


တိုလည်း သူ လေ့လာခဲ့ဖူးပါသည်။

သူမပုံစံနှင့် မတူညီတာတော့ သေချာပါ၏။

"ရှင့်ကို ရှင်းပြရတာနဲ့ ကျွန်မ ဗိုက်ဆာလာပြီ၊ ကြက်ကြော်ကျွေး"

"ဘယ်လို"

"ဗိုက်ဆာတာလေ၊ ဟို အစိမ်းရောင် စပါကလင်လည်း သောက်ချင်တယ်"

"ဟာ ... ဒါတော့ မင်းတော်တော်လွန်သွားပြီ၊ တစ်နေကုန် ကြက်ကြော်တွေချည်း ငါ ဝယ်မကြွေးနိုင်ဘူးကွ၊ ရေပဲသောက်"

"ထင်ရှား"

"ဘာလဲ"

သူမက ရှပ်တည်ကြီးနှင့် သူ့ကို လက်ညှိုးထိုးကာ ...

"ရှင့်အသက်ကို ကျွန်မက ကယ်ပေးထားတာနော်၊ အချိန်မရွေး ချင်သေသွားအောင် ကျွန်မ လုပ်လို့ရတယ်ဆိုတာကို မမေ့နဲ့"

သူ ရုတ်တရက် ထိတ်ရ,လန့်ရမလိုဖြစ်သွားသည်။ နောက် ... အားပြန်တင်းပြီး ...

"သေလည်း သေပါစေတော့ကွာ၊ မတတ်နိုင်ဘူး"

"ထင်ရှား!"

သူမက မတ်တတ်ရပ်ပြီး အသံကုန်အော်ဟစ်လိုက်သဖြင့် သူ အစ်ချက်တွန့်သွားသည်။

"ကျွန်မ ဗိုက်ဆာနေပြီနော်၊ ကြက်ကြော်နဲ့ စပါကလင် ခုကျွေးပါ။ ကျွန်မ ဒေါသထွက်ရင် ရှင် မလွယ်ဘူးနော်"

"..."

သူ မဖြေပါ။ ထိုစဉ် ...

'ဒုန်း!'


www.burmeseclassic.com

www.burmeseclassic.com


'ခွမ်း!'

'ဖျစ်! ဖျစ်! ...'

"ဟ ... ဟ ... ဘာလဲဟ! ဘာတွေဖြစ်ကုန ်တာလဲ"

ထိုခိုက်ပေါက်ကွဲသံတချို့နှင့်အတူ အခန်းတစ်ခုလုံး အမှောင်အတိ ကျသွား၏။

"မီးပျက်တာလား ... ဟင်"

သူ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ မီးပျက်တာမဟုတ်၊ သူ့တစ်ခန်းထဲ ဖြစ်နေတာ။ လျှပ်စစ်ရှော့ဖြစ်တာလား။

အတွေးနှင့် လိုရမယ်ရ ဆောင်ထားသည့် ဖယောင်းတိုင်တစ်ထုပ် ကို ရှာပြီး မီးထွန်းကြည့်လိုက်တော့ သူ တကယ်ပဲ အံ့သြတုန်လှုပ်သွားရသည်။

သူမကိုတော့ အခန်းထောင့်တစ်ခုမှာ ထိုင်လျက်သား တွေ့ရ၏။ ထိုအဖြစ်အပျက်အတွက် ထိတ်လန့်နေပုံလည်း ရ၏။

"ဟာ ... ဘာတွေဖြစ်ကုန်တာလဲ၊ သွားပါပြီကွာ"

အခန်းတွင်းရှိ TV, Computer, Inveter အပါအဝင် မီးသုံး ဖန်ချောင်းတို့ပါ ပေါက်ကွဲလောင်ကျွမ်းပျက်စီးနေလေပြီ။ လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတွင်းမှာမို့ အဖြစ်အပျက်က မယုံနိုင်စရာ။

"မင်း ... ဘာဖြစ်သွားသေးလဲ၊ အား!"

ကရုဏာစိတ်နှင့် သူမကို တခုတ်တရ ဆွဲထူနှစ်သိမ့်မိချိန်မှာ သူ့ တစ်ကိုယ်လုံး ဓာတ်လိုက်သလို ကျင်ခနဲ ခံစားလိုက်ရသည်။ ပြီး ... မယုံ နိုင်သလို သူမကို ငေးကြည့်ပြီး အံ့သြကြီးစွာဖြင့် ...

"မင်း တကယ့် vampire ပဲ၊ မင်းကိုယ်က လျှပ်စစ်ဓာတ်တွေ ထွက်နေတယ်"

"ဟုတ်တယ်၊ ကျွန်မ ဒေါသဖြစ်ရင် အဲလိုပဲ ဖြစ်တတ်တယ်"

"ဟင်!"


www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းသာ ဖိချလိုက်မိသည်။ ဘယ်လို စခန်းသွားရမည် ဆိုတာကိုပင် သူ မတွေးဝံ့တော့ပါ။

“ကဲပါ ... ဟုတ်ပြီ၊ မင်းကို ငါ ကြက်ကြော်နဲ့စပါကလင် ဝယ်ကျွေးမယ်၊ မင်း ဒေါသစိတ်ကို လျှော့လိုက် ... ဟုတ်ပြီလား”

တော်ပါသေးသည်။ လူကို ဘာအန္တရာယ်မှ မပြုလို့။

“ငါ အောက်ကိုဆင်းပြီး မင်းအတွက် စားစရာ သွားဝယ်လိုက်ဦးမယ်၊ ဒီမှာ ငြိမ်ငြိမ်လေး ခဏနေခဲ့၊ ဟုတ်ပြီလား”

“ရှင်ထွက်ပြေးမှာတော့ မဟုတ်ပါဘူးနော်၊ တကယ်ပြောတာ ကျွန်မ ရှင်နဲ့ ဝေးဝေးမှာ အကြာကြီးနေလို့ ရမှာမဟုတ်ဘူး”

“အေးပါ၊ တကယ် ခဏလေးပဲ သွားမှာပါ၊ စိတ်ချနော်”

သူ ပြောရင်း အခန်းတံခါးဖွင့်လိုက်သည်။ နောက် ...

“ဘယ်လိုဟာမလေးမှန်းကို မသိတော့ဘူး၊ ထူးတော့ ထူးဆန်းတဲ့ ကောင်မလေးပဲ”

ဟု တီးတိုးရေရွတ်ဆိုမိ၏။

“ဒီထက် ထူးဆန်းတာတွေ အများကြီး ကျန်သေးတယ်”

“ဟင်! ... မင်း ငါ တိုးတိုးပြောတာကို ကြားတယ်ပေါ့”

သူမက ခေါင်းညိတ်ပြရင်းမှ ...

“ကျွန်မ အာရုံစိုက်ရင် လမ်းပေါ်က စကားသံတွေကိုတောင် ကြားနိုင်တယ်၊ ဒါပဲနော် ... ကျွန်မ ကြက်ကြော်နံ့ကို ကောင်းကောင်းရနေတယ်၊ ဆိုင်က ဒီနားမှာ ရှိမယ်ထင်တယ်၊ ရှင် မြန်မြန်ပြန်ခဲ့ဦး”

ဘုရား ဘုရား။ မပြောဘူးလား။ သူမဟာ ထူးဆန်းပါတယ်လို့။

သူ အောက်ထပ်ကို ဆင်းပြီး ကြက်ကြော်နှင့် စပါကလင် ဝယ်လိုက်သည်။ နောက် ... ဖုန်းကျန်ခဲ့သည့်ကိစ္စကို တွေးမိပြီး သူငယ်ချင်းဝေဖြိုးနောင်ကို P.C.O တစ်ခုမှ အကျိုးအကြောင်းပြောပြ အကူအညီတောင်းလိုက်

www.burmeseclassic.com


သည်။ တစ်လက်စတည်းမှ ဦးဒီကိုလည်း သရဲကားရိုက်ရန် Location အဆင်မပြေကြောင်းနှင့် လမ်းမှာ မိုးမိသဖြင့် အအေးမိနေကြောင်းတို့ကို သူ လုပ်ကြံပြောလိုက်ပြီး ခွင့် (၃) ရက် ယူထားလိုက်သည်။

အနေအထားကလည်း သိတဲ့အတိုင်းမို့ သူလည်း မလွှဲသာမရှောင်သာ လိမ်ညာလိုက်ရသည်။ သူပြောနေသည့် P.C.O ဖုန်းကလည်း သူ့တိုက်ခန်းနှင့် မျက်နှာချင်းဆိုင်အနေအထားမှာမို့ သူမကို စိုးရိမ်စိတ်ဖြင့် အာရုံစိုက်ပြီးသူ လှမ်းကြည့်လိုက်၏။

"ဟင်!"

သူ အံ့သြမိသွားသည်။ အကြောင်းက အနည်းငယ် အလှမ်းဝေးသည့် ဖယောင်းတိုင်ထွန်း မှန်ပြတင်းဝ မှုန်ပျပျကို ရုတ်တရက်ကြီး နီးနီးကပ်ကပ် တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ငါ ... ဘာဖြစ်သွားတာလဲ။

သူ့ကိုယ်သူ နားမလည်နိုင်တော့ပါ။ ဒါပါရော ဆိုသည်လို အဖြစ်အပျက်ကို သူ (၂) ကြိမ်တိတိ ကြုံဖူးခဲ့ပြီ ဖြစ်သည်။ ပထမတစ်ကြိမ်က သူမနဲ့စတွေ့စဉ် ကားလမ်းမကို မျှော်ကြည့်စဉ်က ယခုလည်း ပထမအကြိမ်နှင့် တုန်းကလိုပင်။ တိုက်ဆိုင်မှု မဟုတ်တာတော့ သေချာပါသည်။

သို့နှင့် အခန်းထဲက လျှပ်စစ်ပစ္စည်းတွေ လောင်ကျွမ်းပျက်စီးသွားတာကိုပါ သတိရပြီး မီးဆင်မယ့်နေရာကိုပါ တစ်ခါတည်း ဖုန်းဆက်ဖို့ သတိရမိသွားသည်။ သူမအတွက် သွားပွတ်တံတစ်ချောင်း ဝယ်ဖို့ကိုပါ တွေးထားလိုက်၏။

"Hello... လျှပ်စစ်ဌာနကပါလား"

"..."

သူ့ကိစ္စပြီးတော့ တိုက်ခန်းကို ပြန်လာခဲ့သည်။ စောင့်ပါသေးသည် vampire မလေး ဘာမှသောင်းကျန်းမထားသေးလို့။


www.burmeseclassic.com

www.burmeseclassic.com


သူမက ကြက်ကြော်နှင့်စပါကလင်ကိုမြင်တော့ ကလေးငယ်တစ်ယောက်လို ရွှင်မြူးပြီး မက်မက်စက်စက် စားသောက်နေ၏။

ကိစ္စ ပြီးသလောက်ရှိတော့ သူက . . .

"ကဲ . . . vampire မလေး စားလို့သောက်လို့ ဝ,ရင်လည်း အိပ်တော့"

"ဘယ်မှာ အိပ်ရမှာလဲ"

သူမအပြောကြောင့် ယောက်ျားလေးတန်မဲ့ မျက်နှာပူရသေးသည်။

"ဘယ်မှာအိပ်ရမလဲ၊ ငါ့အခန်းထဲကို ဝင်အိပ်ပေါ့၊ ငါကတော့ ဒီမှာပဲ အိပ်တော့မယ်၊ ဘယ်ဘဝက ဝဋ်ကြွေးတွေ ပြန်ဆပ်နေရတာယ် မသိပါဘူး"

သူမက အခန်းထဲ ဝင်မယ်လုပ်တော့ သူ တခုတ်တရ သတိပေးလိုက်ရသည်။

"ဟိတ်! . . . အခန်းထဲမှာ အိပ်ရုံပဲ အိပ်နော်၊ ငါ့ပစ္စည်းတွေကို မွှောက်မကိုင်နဲ့"

"ဟုတ်!"

သူ့အခန်းထဲက နံရံမှာက သူကြိုက်တဲ့ကဗျာတွေ၊ ပန်းချီကားတွေ၊ သီချင်းတွေ၊ အဆိုအမိန့်တွေကို ကျကျနန ကပ်ထားတာ မဟုတ်လား။

အတော်ကြာ အရှုံးမကာ စိတ်ရှုပ်ပေါက်ပြီး ဖျက်ဆီးပစ်လိုက်မှ။

သူမအခန်းထဲမှာ တိတ်ဆိတ်နေပုံကို ထောက်ရှု၍ သူမ အိပ်ပျော်သွားပြီဟု တထစ်ချ သူ ယုံကြည်လိုက်ပါသည်။

သူလည်း အိပ်မှဖြစ်တော့မည်။ တစ်နေကုန်၊ တစ်ညလုံး ပင်ပန်းထားခဲ့ပြီ မဟုတ်လား။ သူမကို စိတ်မချလို့သာ သူ မအိပ်နိုင်သေးတာဖြစ်သည်။

နောက်ကိစ္စကို နောက်မှစဉ်းစားပြီး စိတ်ကို ဒုံးဒုံးချကာ သူ့မျက်


www.burmeseclassic.com

www.burmeseclassic.com


လုံးအစုံကို မှိတ်ပစ်လိုက်၏။ Vampire မလေးက သူ့အိပ်မက်ထဲအင်
လိုက်နှောင့်ယှက်, မနှောင့်ယှက်ကိုတော့ မည်သူမျှ အတပ်ပြောနိုင်လိမ့်မည်
မဟုတ်ပါ။ မကြာမီအချိန်မှာတော့ အခန်းလေးတစ်ခုလုံးကို ...။

စက္ကန့်တံလေးများ၏ ချောက်ချောက်ချက်ချက်အသံတို့က သိမ်း
ပိုက်သွားပြီ ဖြစ်လေတော့၏။

■


www.burmeseclassic.com

www.burmeseclassic.com

# (K)

ပင်ပန်းလွန်း၍လား မသိ။ သူ ရှစ်နာရီကျော်မှ အိပ်ရာက ထဖြစ်
သည်။ အထိအတွေ့က ခပ်စိမ်းစိမ်းမို့ သူ ရှုတ်တရက် နားမလည်နိုင်ဖြစ်
သွားရသည်။

ငါ ... ဘယ်မှာ အိပ်နေပါလိမ့် ..။ ဩော် ...။

ယခုမှ သူ သူမကို တိတိကျကျ သတိရမိသွားပြီး အလန့်တကြား
ဘတ်တုတ်ထထိုင်မိသည်။ တော်ပါသေးသည်။ သူမ နိုးသေးပုံမရ။ ပကတိ
ငြိတ်ဆိတ်နေ၏။

သူ ... ကိုယ်,လက် သန့်စင်ပြီးမှ သူမ နိုးလာခဲ့သည်။ သူ ...
Breakfast အတွက် ကော်ဖီနှင့်ပေါင်မုန့် စားနေချိန်လည်း ဖြစ်သည်။

"ဗိုက်ဆာတယ်"

သူမရဲ့ ပထမဦးဆုံးစကားသံက ထိုသို့ဖြစ်ပါသည်။ သူ့အတွက်
တော့ နားဝင်မချိုလှပါ။



www.burmeseclassic.com

www.burmeseclassic.com


"လာ ... ထိုင်လေ၊ ဒီမှာ coffee နဲ့မုန့်စား"

သူမက နှာခေါင်းတရှုပ်ရှုပ်ဖြင့် ...

"မစားချင်ပါဘူး၊ ပုံစံကြည့်ရတာ ရွံ့စရာကြီး"

"ဖွီး! ခလွီး!"

သူမအပြောကြောင့် သူ့ရဲ့သောက်လက်စ ကော်ဖီတွေ သီးသွား သည်။

သူများ စားသောက်နေတာကိုများ ... တော်တော် အထူးအဆ နားမလည်တတ်တဲ့ ဟာမလေး။

"ကျွန်မကို စပါကလင်နဲ့ ကြက်ကြော်ပဲ ကျွေးပါ"

"ဟွန်း! လာပြန်ပြီ၊ နေစမ်းပါဦး ... မင်းက တခြားဟာတွေ မစားတတ်တော့ဘူးလား၊ တစ်ခါလာလည်း ကြက်ကြော်နဲ့စပါကလင်၊ မ သေးဘူးလား"

သူမက ခေါင်းယမ်းပြပါသည်။ ပြီး ...

"ကျွန်မ အဲဒါကိုပဲ ကြိုက်တယ်၊ ကျွေးပါရှင်၊ ဒီမှာ ဆာနေပြ

"မင်း ... ခုမှ အိပ်ရာထလာတာမဟုတ်လား"

"အင်း!"

"တော်တော်ညစ်ပတ်တာပဲ၊ သွား ... မျက်နှာသစ်၊ သွားတိုက် မင်းအတွက် ညက သွားပွတ်တံပါ ဝယ်ထားတယ်"

"အဲဒါ ဘာလုပ်ရတာလဲ"

"ဟမ်!"

သူမအပြောကြောင့် သူ ဘာပြန်ပြောရမည်တောင် မသိတော့ နောက်ဆုံးတော့ သူမကို သူကိုယ်တိုင်ပင် လိုက်လံသင်ပြပေးလိုက်ရပေ တော့သည်။ သူမ မျက်နှာသစ်၊ သွားတိုက်ပြီးချိန်မှာတော့ ...

"ရော့ ... ဒီမှာ ဒါ ညက အပိုဝယ်လာတဲ့ စပါကလင်တစ်လုံး


www.burmeseclassic.com

www.burmeseclassic.com


ဒါကို အရင်သောက်ထားလိုက်၊ ငါ အောက်ဆင်းပြီး ကြက်ကြော်ဝယ်လိုက်ဦးမယ်''

''ဟုတ်''

သူ ခေါင်းတကုပ်ကုပ်နှင့် အောက်ကိုဆင်းလာခဲ့၏။

သည်ပုံစံအတိုင်းသာဆိုရင်တော့ မဖြစ်သေးပါ။ 199 ကို ဖုန်းဆက်လိုက်ရမည်လား။ သူမကို သူ အေးအေးဆေးဆေးတော့ ဆွေးနွေးရပါလိမ့်မည်။

သူ ပြန်ရောက်တော့ စပါကလင်တစ်လုံးက ပြောင်နေချေပြီ။ ပြီး သူ့လက်ထဲက ကြက်ကြော်ထုပ်ကိုယူပြီး စားနေလေ၏။ အားလုံးပြီးမှ သူ စကားစလိုက်သည်။

''ဝ,သွားပြီလား vampire မလေး''

''ဟုတ်''

''ဒါနဲ့ . . . မင်းက ဘယ်မှာနေတာလဲဟင်''

''ရှင်ကလည်း တုံးလိုက်တာ၊ ကျွန်မ ဖြေထားပြီးပြီလေ၊ ဒယ်လဖီး (Delphi) နတ်နန်းမှာပါဆို''

သူမအပြောကြောင့် သူ တွန့်သွားမိ၏။

''နေစမ်းပါဦး၊ မင်းက အိမ်ပြန်ဖို့ အစီအစဉ်မရှိတော့ဘူးလား''

သူမက သူ့တိုက်ခန်းလေးကို လက်ညှိုးလေး ငေ့ါပိုက်ကာ ထိုးပြနေ၏–

''ဒီမှာလေ . . . ဒါ ကျွန်မအိမ်ပေါ့''

''ဟင်''

သူ ကြောင်အ,နေစဉ် သူမက မေးခွန်းတွေ ပြန်မေးလာ၏။

''နေစမ်းပါဦး၊ ရှင့်ကိုလည်း ကျွန်မ မေးပါဦးမယ်''

''မေး''


www.burmeseclassic.com

www.burmeseclassic.com



ဘုဆတ်ဆတ်ပင် သူ ဖြေလိုက်သည်။

"ရှင့်အခန်းနံရံတွေမှာ ကပ်ထားတဲ့ စာသားတွေ ဒဿနတွေကိုတော့ ကျွန်မ ကြိုက်ပါတယ်၊ ဒါပေမဲ့ . . . ပန်းချီပုံတွေကိုတော့ ကျွန်မ မုန်းတယ်၊ ပြီးတော့ ယောက်ျားကြီးသင်္ကေတ (=)နဲ့ စာတွေကိုတော့ နား မလည်ဘူး"

သူ့အခန်းနံရံမှာ ချိတ်ဆွဲထားသည့် ကဗျာဆရာ 'ကောင်းစုသိုက်'၏ 'ကိန်းရောပုံပြင်မှ မက်သမက်သစ်လိမ္မော်ရောင်' ကဗျာကို ဆိုလိုမှန်း သူ သိလိုက်ပါသည်။

"ဒါပေမဲ့ . . . ကျွန်မမေးချင်တာက . . ."

ဆိုပြီး သူမက သူ့ကို အခန်းထဲ ဆွဲခေါ်သွားပြီး နံရံပေါ်က သူမ သိချင်သည့်အကြောင်းအရာအချို့ကို လက်ညှိုးထိုးမေးပါသည်။

သူကြည့်လိုက်တော့ ဖန်ဆင်းရှင်မှ လူသားတို့အတွက် စတင် ပထမဆုံး ဖန်တီးပေးသော ဂါထာမန္တန်တစ်ခုကို တွေ့ရ၏။

| |
|---|
| ABRACADABRA<br>(အာဗရာကာဒါဘရာ) |

"အဲဒါဟာ . . . ဘ၀ကို ဘက်စုံကနေ ကူညီစောင့်ရှောက်ပေးနိုင်တဲ့ Cettic (ဆဲလ်တစ်) လူမျိုးတွေရဲ့ ဂမ္ဘီရမှော်၀င်မန္တန်ပဲ၊ လူသိလည်း နည်းကြပါတယ်၊ ဒီဂါထာကို Esoteric (အီစိုတဲရစ်) ကျမ်းက ရှေးဟောင်း အတတ်ပညာတွေရဲ့ အနှစ်ချုပ်လို့ ဆိုထားတယ်"

သူ ရှင်းပြသမျှကို သူမက စိတ်ဝင်တစား နားထောင်နေ၏။

လောကမှာ သူမ မသိမတတ်သေးတဲ့အရာတွေ ရှိနေပါသေးလား ဆိုသည့်အတွေးကြောင့် သူ အားတက်သွားပြီး ဆက်ရှင်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂါထာကို Quintus Serenus Sammonicus (ကွင်းတပ်(စ်) ဆမ်မွန်နီဆီးယပ် အမည်ရှိတဲ့ ကျမ်းစာအုပ်ရဲ့ စာပိုဒ် (၉၃၅) မှာ ABRA-CADABRA (အာဗရာကာဒါဘရာ) ဆိုတဲ့ စာလုံး (၁၁) လုံးရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြထားတယ်၊ AD-250 ကျော် (၃) ရာစုအဝင်လောက်မှာမှ လူသိပိုများလာခဲ့တဲ့ လျှို့ဝှက်မှော်မန္တန်တစ်ခုပေါ့၊ ဒီဂါထာက မကောင်းဆိုးဝါးဝိညာဉ်တွေကိုလည်း နိုင်တယ်လေ"

"ရှင် ... ဒီဂါထာကို ဘယ်လိုရထားတာလဲ"

"စာအုပ်တွေထဲကပေါ့၊ ဒီဘက်က ပုံကိုတွေ့လား"

သူမ ခေါင်းညိတ်ပြသည်။

BURMESE CLASSIC

"အဲဒါ ... အဲဒီ့စကားလုံး (၁၁) လုံးကနေ ဆင်းသက်လာခဲ့တဲ့ ပီရမစ်ပုံဆုတောင်းပေါ့"

သူမက အောက်ပါပုံကို စိတ်ဝင်တစား ငေးကြည့်နေ၏။

A
AB
ABR
ABRA
ABRAC
ABRACA
ABRACAD
ABRACADA
ABRACADAB
ABRACADABR
ABRACADABRA

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကနေ ... ကိုယ်လိုချင်တဲ့ ဆုတောင်းကို ယုံယုံကြည်ကြည် ရေးရတယ်၊ ဟိုမှာတွေ့လား၊ ငါ့ဆုတောင်း တစ်ဘဝစာအတွက်လေ"

I

I wish

*I wish to*

I wish to pass

I wish to pass my

I wish to pass my life

"အကယ်၍ တက္ကသိုလ်ကျောင်းသူကျောင်းသားတစ်ဦးသာဆိုရင်တော့ ဒီလိုဆုတောင်းမျိုးရေးမယ် ထင်တယ်"

ပြောပြီး ... သူမကို စာရွက်တစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း သူရေးပြလိုက်၏။

I

I wish

I wish to

I wish to pass

I wish to pass my

I wish to pass my final

I wish to pass my final examination

"ကဲ ... ရှင်းပြီလား၊ vampire လေး ဘာသိချင်သေးလဲ"

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုရင် ... ရှင်တို့ လူသားတွေအတွက် စာအုပ်တွေက အတော် အသုံးဝင်တာပေါ့နော်"

ကြည့် ...။ ပြောပုံက သူမကပဲ လူသားတစ်ယောက်မဟုတ်တဲ့ အတိုင်းပဲ။

သူမနှင့် ပြဿနာမဖြစ်ချင်သူမို့ ခွတိုက်မဖြေမိပါ။

"ဒါပေါ့ ... စာအုပ်စာပေတွေက လူတွေအတွက် အလင်းရောင် တွေပဲ၊ စာမဖတ်တဲ့လူဟာ မျက်လုံးတွေ နားတွေ ကန်းနေတဲ့ လူတစ် ယောက်နဲ့ အတူတူပဲ"

"ဒါဆို ... ကျွန်မလည်း စာတွေဖတ်ချင်တယ်၊ ရှင့်အခန်းထဲက စာအုပ်တွေ ယူဖတ်လို့ရမလားဟင်"

ကျားကို အတောင်ပံနှင့် ချိတပ်ပေးလိုက်သလိုများ ဖြစ်နေမလား ဟု သူတွေးမိပေမယ့် ခွင့်ပြုပေးလိုက်ပါသည်။

"ဖတ်ပါ၊ ဒါပေမဲ့ ရိုရိုသေသေကိုင်နော်၊ မပြဲမစုတ်စေနဲ့"

"ဟုတ်"

သူမ,ပုံစံကြည့်ရတာတော့ သူ့အခန်းက ပြန်မည့်ပုံမပေါ်။

ငါ ဘာလုပ်ရမလဲ။ သူ မသိပါ။ လောလောဆယ် အခြေအနေအရ သူ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာထိုင်ပြီး သူမကို နှင်ထုတ်ဖို့ နည်းလမ်းကို အေးအေးဆေးဆေး စဉ်းစားချင်နေသည်။ သို့ဖြင့် ...

"ဒီမယ် ... ငါ အပြင်ခဏသွားဦးမယ်"

"ဘာအတွက်လဲ"

"ဟို ... အဲ ... မင်းအတွက် ကြက်ကြော်ဝယ်ထားမလို့ပါ"

"ဪ ... ကောင်းတယ်၊ မြန်မြန်တော့ ပြန်ခဲ့နော်"

"တစ်နာရီလောက်တော့ ကြာလို့ရတယ်မဟုတ်လား"

သူမက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ...

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . (၂၄) နာရီ မကျော်ရင် ပြီးတာပဲ"

"ဘယ်လို"

သူမအပြောက အထူးအဆန်းမို့ သူ ပြန်မေးမိ၏။

"ဒီလို . . . ကျွန်မက ရှင်နဲ့ ဝေးဝေးနေလို့မရဘူးဆိုပေမယ့် အချိန် (၂၄) နာရီကျော်ကျော် ခွဲခွာမနေမချင်း ကျွန်မအတွက် ပြဿနာမရှိဘူး။ (၂၄) နာရီကျော်တဲ့အထိ ရှင့်အနားမှာ ကျွန်မ မရှိဘူးဆိုရင်တော့ ကျွန်မမှာ အန္တရာယ်တွေ ကြုံရတော့မယ်"

"ဘာကိုဆိုလိုတာလဲ"

"ရှင်နဲ့ကျွန်မ (၂၄) နာရီကျော်တဲ့အထိ ခွဲခွာနေမယ်ဆိုရင် ကျွန်မ သေရလိမ့်မယ်"

"ဗျာ!"

အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တစ်ခုဆိုပေမယ့်လည်း သူ အံ့ဩ သွားမိပါသည်။

လျှောက်ပြောနေတာလား vampire မလေးရယ်။ မဟုတ်ပါ။ သူမ မျက်နှာက အေးစက်တည်ငြိမ်နေပါသည်။ နောက်တော့ သူ ခေါင်းတကုပ် ကုပ်ဖြင့် . . .

"အေးပါ . . . ငါ မကြာပါဘူး"

ဟု ဆိုကာ သူ ထွက်လာခဲ့သည်။

လမ်းပေါ်ရောက်တော့ နီးနီးနားနားက Coffee Bar တစ်ခုမှာပင် ဝင်ထိုင်ဖြစ်သည်။ နောက် . . . စာပွဲပေါ်မှာ အသင့်တွေ့ရသည့် ယနေ့ထုတ် နာမည်ကြီး သတင်းဂျာနယ်တစ်စောင်ကို ကောက်ကြည့်မိသည်။ ထူးမခြား နား သတင်းတွေမို့ ဟိုကျော် ဒီကျော် ဖတ်နေမိ၏။ တစ်နေရာအရောက်မှာ တော့ သူ အသက်ရှူရပ်မတတ် ဖြစ်သွားရသည်။

"ဟာ! . . . ဒါ တကယ်ပဲလား . . . မဖြစ်နိုင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



သတင်းခေါင်းကြီးပိုင်းကို ဖတ်မိချိန်မှာတော့ သူ ကြက်သီးတဖြန်းဖြန်းပင် ထနေမိ၏။

ခေါင်းကြီးပိုင်းသတင်းစာသားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပန်းချီကားအတွင်းမှ ထူးဆန်းစွာပျောက်ဆုံးသွားသော မိန်းကလေးတစ်ဦး (သို့) ပန်းချီကားအတွင်းမှ ရှင်သန်သက်ဝင်လွတ်မြောက်သွားသော မြေနတ်သမီး (Gaea)**

သူ စာတွေကို မဖတ်သေးခင် ပူးတွဲဖော်ပြထားသည့် ပုံတွေကို လိုက်ကြည့်မိ၏။

"ဟင်! ... ဒီပန်းချီကားပဲ"

အတော်ကလေးကို သူ ထိတ်လန့်အံ့သြသွားမိ၏။ ဂျာနယ်ပါ ပန်းချီကားပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။



(ပုံ–၁) မူရင်းပန်းချီကားပုံ



(ပုံ–၂) ယခုပန်းချီကားပုံ



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ငါကိုယ်တိုင် အနီရောင်စည်းဝိုင်းကို ဖျက်ပေးခဲ့တဲ့ ပန်းချီကားပုံပဲ၊ ဘယ်လိုတွေ ဖြစ်ကုန်တာလဲ၊ ဒါဆို ဒီကိစ္စက ငါ့ကို သရဲခြောက်တာ မဟုတ်ဘူးပေါ့၊ ဒါဆိုရင် ဟို vampire မလေးက တကယ်ပဲ မြေနတ်သမီးလေး ဂျီယာ (gaea) ပေါ့"

သူ အောက်ပါဓာတ်ပုံကို ထပ်မံကြည့်မိချိန်မှာတော့ သူ့အတွေးတို့ မမှားယွင်းကြောင်းကို အတည်ပြုပြီးဖြစ်သွားလေတော့၏။



(ပုံ-၃)

ပန်းချီကားပုံအောက်နားမှတွေ့ရှိခဲ့သော SAMSUNG အမှတ်တံဆိပ် (မီးကျွမ်းထားပုံရသော) ဖုန်းတစ်လုံး

သေချာပါသည်။ သည်ပုံထဲက phone က သူပျောက်ဆုံးနေသော ဖုန်းတစ်လုံးဆိုတာ။ သူ (၁၀) တန်းဖြေပြီးချိန်မှာ မေမေဝယ်ပေးခဲ့သော phone မို့ သူ မမေ့နိုင်ပါ။ လွဲစရာအကြောင်းလည်း မရှိ။ သို့နှင့် သူ ဂျာနယ်ပါ သတင်း/ စာ/ ဒဏ္ဍာရီအာဘော်အားလုံးတို့ကို စေ့စေ့စပ်စပ် ဆက်ဖတ်ကြည့်လိုက်သည်။ အားလုံးဆက်စပ်မိသွားချိန်မှာတော့ သူ ပါးစပ်အဟောင်းသားလေးနှင့် ငုတ်တုတ်မေ့သွားရမလို ဖြစ်သွားပါလေတော့သည်။

■

❑ ဝီရမစ်ဆုတောင်းပုံနှင့်အကျိုးကျေးဇူးများအကြောင်းကို စာအုပ်အဆုံးတွင် ဖော်ပြပေးထားပါသည်။

မင်းတာခေတ်



www.burmeseclassic.com

www.burmeseclassic.com

# (L)

လွန်ခဲ့သောနှစ်ပေါင်း (၃၀၀၀) (BC-1200) ကျော်က ကမ္ဘာမြေ၏ အလယ်ဗဟိုကျရာဒေသတွင် ဒယ်လဖီး (Delphi) အမည်ရှိ နတ်နန်းတစ်ခု ရှိ၏။ Mount Parnassus (ပါးနားဆပ်(စ်) တောင်) ၏ ဆင်ခြေလျှောနေရာ လည်းဖြစ်သည်။ ထိုနယ်မြေကို "The shrine of the Oracle of Mother Earth" (မိခင်ကမ္ဘာမြေ၏ဗျာဒိတ်တော်တည်ရာ မွန်မြတ်သန့်စင်သော နယ်မြေ) ဟု ခေါ်တွင်ပါသည်။

ထိုနယ်မြေသည် ကမ္ဘာ့မြေနတ်ဘုရား ဒယ်မီတာ၏ကျောင်းတော် တွင်းတွင် ရှိသည်။ သူမ၏သမီးတော် မြေနတ်သမီးလေး၏အမည်မှာ ဂိုင်ယာ (Gaea) ဖြစ်၏။ ကမ္ဘာ့မြေနတ်ဘုရား၏ကျောင်းဆောင်တော်တွင် အတောင် နှစ်ဖက်တပ် ရွှေရောင်အဆင်းရှိ ကျိုင်းတံကို မြွေနှစ်ကောင်ပတ်ထား အမှတ်သင်္ကေတနှင့် သတ်မှတ်ပေးထားသည်။

ထိုသင်္ကေတအမှတ်အသားကို CADUCEUS (ကဒူးဆီးယပ်(စ်)



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်သည်။ ၎င်းအမှတ်သင်္ကေတသည် ထူးခြားသောအတတ်ပညာရှိသူ များသာ ကိုင်ဆောင်ခွင့်ရှိသော အရာလည်း ဖြစ်၏။ ထိုသင်္ကေတပုံမှာ-



နတ်တားပုံ/ CADUCEUS (ကဒူးစီးယပ်(စ်)အမှတ်သင်္ကေတပုံ)

အထက်ပါ သင်္ကေတပုံအား ကမ္ဘာအနှံ့အပြားရှိ ဆေးဘက်ဆိုင်ရာ ဌာနများတွင် ယနေ့တိုင် အသုံးပြုနေသည်ကို တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံ ၏ တစ်ကျောင်းတည်းသော 'ကျန်းမာရေးတက္ကသိုလ် (မကွေး)' တွင်လည်း ထိုအမှတ်အသားကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

၎င်းအမှတ်သင်္ကေတကို ပထမဦးဆုံး ကိုင်ဆောင်ပိုင်ဆိုင်နိုင်ခဲ့သူ မှာ နေနတ်သား Apollo (အပိုလို)ပင် ဖြစ်သည်။ Appllo (အပိုလို) သည် လည်း မြေနတ်သမီး (Gaea) ဂိုင်ယာ၏အနွယ်တော်တွေထဲကပင် ဖြစ်၏။

Apollo (အပိုလို) ကိုင်ဆောင်သော Caduces (ကဒူးဆီးယပ်(စ်) သင်္ကေတကို ဆေးဘက်ဆိုင်ရာနှင့် နက္ခတ်ဗေဒပညာရှင်များ၊ လျှို့ဝှက်ဆေး ပညာအတတ်တို့ကို ထိန်းသိမ်းသည့် အမှတ်သင်္ကေတအဖြစ် (၆) ရာစု လောက်မှစ၍ ယနေ့အထိ အသုံးပြုလာခဲ့ခြင်းလည်း ဖြစ်၏။

နတ်နန်းအရှင် ဒယ်မီတာသည် အရွယ်ရောက်ပြီး သမီးတော် ဂိုင်ယာကို ထုံးတမ်းစဉ်လာအတိုင်း နတ်စစ်သေနာပတိချုပ် ယူရေးနပ်(စ်)နှင့်



www.burmeseclassic.com

www.burmeseclassic.com


သက်ဆက်စေ၏။

ဒယ်လဖီးနတ်နန်း၏အစဉ်အလာအရ မယ်တော် ဒယ်မီတာ၏ အမိန့်နှင့် ဓလေ့ထုံးတမ်းတို့ကို ဖောက်ဖျက်ခွင့် မည်သူ့မှာမှ မရှိပေ။ အကယ်၍ ဖောက်ဖျက်ခဲ့ပါက နတ်ဓားကိုင် ပိုက်သွန် (python) ၏ နတ်ဓားဖြင့် သတ်ဖြတ်အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။

ပိုက်သွန်သည် မြေနတ်သမီးလေး ဂျိုယာကို တစ်ဖက်သတ် စွဲလမ်းနှစ်ခြိုက်နေသူတစ်ဦးလည်း ဖြစ်လေ၏။ တစ်နေ့သော် ... ဂျိုယာသည် စစ်သေနာပတိချုပ် ယူရေးနပ် (စ်) ကို မနှစ်သက်သည်ကြောင့် လူ့လောကသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့၏။

အမျက်ထွက်နေသည့် နတ်နန်းအရှင် ဒယ်မီတာက နတ်ဓားကိုင် ပိုက်သွန်ကို သမီးတော် ဂျိုယာအား လူ့ပြည်သို့ သွားရောက်ဖမ်းဆီးခဲ့၏။ အနှစ် (၁၀၀၀) ကြာမှ ဂျိုယာ့ကို ဖမ်းဆီးနိုင်ခဲ့သည်။ အပြစ်ရှိသူအား ရှုတေစေရန် နတ်ဓားဖြင့် ထိုးသတ်ရမည်ဖြစ်သော်လည်း စစ်သေနာပတိချုပ်၏ကရုဏာကြောင့်တစ်ကြောင်း၊ နတ်နန်းရှင်၏သမီးတော်ဖြစ်သည်ကြောင့် တစ်ကြောင်း၊ မသတ်ဖြတ်စေဘဲ ပန်းချီကားအတွင်းသို့ စည်းပိုင်းဖြင့် ပိတ်ကာ ရာသက်ပန် ချုပ်နှောင်အပြစ်ပေးလိုက်၏။

ဒယ်မီတာ၏အပြစ်ပေးကျိန်စာအရ ပန်းချီကားအတွင်းမှ ဂျိုယာသည် လူသားတစ်ဦးဦး၏အကူအညီ/လူသားတစ်ဦးဦးက စည်းဖျက်ပေးမှသာ လွတ်မြောက်ခွင့်ရမည် ဖြစ်သည်။

[ယခုမူ ဒဏ္ဍာရီအရ ပန်းချီကားအတွင်းမှ မြေနတ်သမီးလေး ဂျိုယာမှာ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်၏။ တစ်နည်းအားဖြင့် ကျိန်စာမှ လွတ်မြောက်သွားခဲ့ရပြီ ဖြစ်လေတော့၏။]

■

ရာသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

❑ ချစ်ခြင်းမေတ္တာဆိုတာ
ရာသီမရွေး သီးနေတဲ့
သစ်သီးတစ်လုံးပါပဲ . . .။
လူတွေအားလုံးရဲ့လက်တစ်ကမ်းမှာ
သူ အမြဲရှိနေပါတယ် . . .။

(မာသာထရီဇာ)



www.burmeseclassic.com

www.burmeseclassic.com

# (M)

"ဒါဆို ... မင်းက တကယ်ပဲ ဂျီယာနတ်သမီးလေးပေါ့"

သူ့က အံ့သြတကြီးမေးတော့ သူမက သိပ်မထူးခြားဟန် ပုံမှန်လေသံနှင့် ပြန်ဖြေပါသည်။

"သြော် ထင်ရှားရယ် ... ရှင့်ကို ကျွန်မ အမှန်အတိုင်း ပြောခဲ့သားခုတော့ ကျွန်မက vampire မလေး မဟုတ်ဘဲ နတ်သမီးလေးဆိုတာကိုတက်ခံသွားပြီပေါ့"

"ဒါဆို ... မင်းပြောခဲ့တဲ့ ငါ သေသွားပြီဆိုတဲ့ စကားကရောအမှန်ပဲလား"

ထိတ်လန့်သွေးပျက်နေပုံရတဲ့ သူ့ကို သူမက သာသာယာယာပဲခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ ခု ... ရှင် အသက်ရှင်နေတာပဲ ဘာကိုထိတ်လန့်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ ဘယ်လိုဖြစ်သွားတာလဲ၊ ဘယ်လိုကြောင့်ရော ငါက အသက် ပြန်ရှင်လာရတာလဲ"

သူမက ...

"ဟုတ်ပြီလေ၊ ရှင်နားလည်အောင် ကျွန်မ ရှင်းပြမယ်၊ ရှင် အဲဒီ ညက အဖြစ်အပျက်ကို မှတ်မိသေးတယ်မဟုတ်လား"

သူ ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြမိသည်။

"အဲဒီညက ကျွန်မလွတ်မြောက်သွားတဲ့အချိန်မှာ ရှင်က ကြောက် လန့်တကြားနဲ့ ပြေးထွက်သွားတယ်၊ အဲဒီမှာပဲ အရှိန်ပြင်းပြင်းကားတစ်စီးက ရှင့်ကို တိုက်သွားခဲ့တယ်၊ ရှင်သေသွားခဲ့တယ်လေ"

စူးရှနီးကပ်လှသည့် အလင်းတန်းနှစ်ခုကို မြင်ပြီးနောက်ပိုင်းကို သူလည်း ပြန်စဉ်းစားလို့ မရတော့သဖြင့် သူမစကားကို ဆက်နားထောင် နေလိုက်၏။

"ကျွန်မတို့ နတ်သမီးတွေက ဘယ်တော့မှ မသေနိုင်ဘူး၊ ရှင်တို့ လူသားတွေထက် အစွမ်းတန်ခိုးတွေလည်း ရှိတယ်၊ ပြီးတော့ ရှင်မသိသေး တဲ့ စွမ်းအားအချို့ကို ပြောရမယ်ဆိုရင် ကျွန်မတို့မှာ ဘယ်လောက်ပင်ပင် ပန်းပန်း မောပန်းနွမ်းနယ်တယ်ဆိုတာ မရှိဘူး၊ ချွေးလုံးဝမထွက်ဘူးပေါ့ရှင် ပြီးတော့ ... ဘယ်တော့မှ မအို၊ မနာဘူး၊ နောက် လူသားသတ္တဝါတွေလို အရိပ်လည်း မထွက်ဘူးလေ၊ ဒါပေမဲ့ ... အဲဒီတန်ခိုးအစွမ်းတွေကို ကျွန်မ တို့ရင်ထဲမှာရှိတဲ့ နတ်အမြုတေက ပိုင်စိုးထားတယ်"

သူက သူမစကားကိုဖြတ်ပြီး ...

"ငါ ဘယ်လိုပြန်ရှင်လာလဲဆိုတာကိုပဲ ငါ နားလည်အောင် ပြော ပြစမ်းပါ"

"ရှင်က ကျွန်မရဲ့ပယောဂကြောင့် သေသွားခဲ့တယ်၊ တစ်နည်း အားဖြင့် ကျွန်မကို ကျိန်စာကနေ လွတ်မြောက်အောင် ကူညီခဲ့တဲ့ ကျေးဇူး


www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပါ၊ ဒါပေမဲ့ ရှင်သေသွားခဲ့တယ်၊ ကျွန်မမှာ အပြစ်မကင်းသလို ခံစားနေရတယ်၊ အဲဒါကြောင့် ရှင့်ကို ကျွန်မရင်ထဲက နတ်အမြုတေကို ရှင့်ရင်ထဲကို ထည့်ပေးပြီး အသက်ပြန်ရှင်စေခဲ့တာပါ''

သူ အနည်းငယ် သဘောပေါက်စပြုသွား၏။ သို့သော် ...

''ဒါဆို ... မင်း ငါနဲ့ ဝေးဝေးမှာ နေလို့မရဘူးဆိုတာက ...''

စကားမဆုံးခင် သူမက ဖြတ်ပြောလိုက်၏။

''ဟုတ်ပါတယ်၊ အဲဒါက ရှင့်ကိုယ်ထဲက ကျွန်မရဲ့ နတ်အမြုတေကြောင့်ပါ''

''ဩော် ... ဒါကြောင့် ငါ့နောက်ကို လိုက်လာခဲ့တာပေါ့''

အခုတော့ သူ ဇာတ်ရည်အတော်လည်သွားပြီ ဖြစ်သည်။

''ဒါပေမဲ့ ... မင်းနဲ့ငါက ဒီအတိုင်းကြီး တစ်သက်လုံး အတူနေသွားလို့မှ မရတာ''

''ကျွန်မ မရှိရင် ရှင်သေမှာပေါ့၊ ပြီးတော့ ... ရှင် မရှိရင်လည်း ကျွန်မ သေမှာပဲလေ''

''ဘယ်လို''

သူ နားရှုပ်သွား၏။ ထို့ကြောင့် သူ ထပ်မေးလိုက်သည်။

''ဟုတ်တယ်လေ၊ ရှင့်ကိုယ်ထဲက နတ်အမြုတေကိုယူပြီး ကျွန်မ ထွက်သွားရင် ရှင်သေသွားမှာပေါ့၊ ဒါမှမဟုတ် ကျွန်မနဲ့ ဝေးရာကို ရှင် ထွက်သွားရင်လည်း (၂၄) နာရီကျော်တာနဲ့ ကျွန်မ သေသွားမှာ''

''ဟင်''

ခုတော့ သူ့အဖြစ်က ဘယ်သူ့ကို အပြစ်တင်ပြီး ဘယ်သူ့ကို နားလည်သနားပေးရမည်မသိတော့။

''ရှင် ... ကျွန်မကိုယုံပါ ထင်ရှား၊ ရှင်သေသွားအောင် ကျွန်မ ဘယ်တော့မှ မလုပ်ပါဘူး၊ ရှင် ယုံကြည်သွားအောင် ကျွန်မရဲ့လျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com


ကွေ့ကို ပြောပြပါ့မယ်''

''ဘာကိုလဲ''

''ကျွန်မက မအို, မနာ, မသေဘူးဆိုပေမယ့် သေနိုင်တဲ့နည်းလမ်း (၄) ခုတော့ ရှိနေတယ်လေ''

''. . .''

သူ မဖြေဖြစ်။ သူမပြောတာကိုပဲ စိတ်ဝင်တစား နားထောင်နေမိ၏။

''ပထမတစ်နည်းကတော့ ရှင်သိပြီးပြီလေ၊ ကျွန်မ အမြုတေနဲ့ (၂၄) နာရီကြာအောင် ကွဲကွာနေလို့မရဘူး။ ဒုတိယနည်းကတော့ နတ်ဓား ကိုင် ပိုင်သွန်ရဲ့နတ်ဓားနဲ့ ကျွန်မရင်ဝကို တည့်တည့်ထိုးခံရရင် ကျွန်မ သေမယ်၊ တတိယနည်းကတော့ ရေပြင်ပဲ၊ ကျွန်မက မြေနတ်သမီးလေ''

''ဘယ်လိုရေပြင်လဲ၊ ဘာကြောင့် မင်းကို ရေက သေစေနိုင်တာလဲ''

သူမက ဆက်ရှင်းပြ၏။

''ဒီကမ္ဘာကြီးမှာ ရေပြင်နဲ့မြေပြင် ယှဉ်ရင် ဘယ်သူက ပိုအားကြီးလဲ''

''ရေပြင်ပေါ့''

''အဲဒီ့သဘောတရားပါပဲ ထင်ရှား။ ကျွန်မက မြေပြင်မှာပဲ ကျွန်မရဲ့ အစွမ်းကို ထည့်သုံးလို့ရတာ၊ ရေပြင်ပေါ်ကိုရောက်သွားရင် ကျွန်မ သာမန်လူတစ်ယောက်လို ဖြစ်သွားတယ်လေ''

''ဩော်''

သူ သဘောပေါက်သွားသည်။

''ဒါဆို နောက်ဆုံးနည်းကရော''

သူမက (သူ့အထင်) ရှက်ရွံ့သလို တစ်ချက်မော့ကြည့်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးနည်းကတော့ ကျွန်မ ... လူသားတစ်ယောက်နဲ့ လိင်ဆက်ဆံမိရင် ..."

သူမေးပြီးမှ မျက်နှာပူမိသွား၏။ သို့နှင့် သူ စကားလမ်းလွှဲပစ်လိုက်သည်။

"ဒါဆို ... ခုတလော ငါ အာရုံစိုက်ကြည့်လိုက်တဲ့ အဝေးက မြင်ကွင်းတွေ၊ သာမန် နားနဲ့ ကြားနိုင်စွမ်းမရှိတဲ့ အသံတွေကို ကြည်လင်ပြတ်သားစွာနဲ့ မြင်နေ,ကြားနေရတာတွေက မင်းကိုယ်ထဲက နတ်အမြုတေကြောင့်ပေါ့"

သူမက ခေါင်းညိတ်ပြလျက်မှ ...

"ဟုတ်တယ်၊ အဲဒါ နတ်အမြုတေကြောင့်ပဲ၊ သူ ရှင့်ကိုယ်ထဲမှာ ရှိနေသ၍ ရှင် မသေနိုင်တော့ဘူး"

"ဘာကြောင့်လဲ၊ vampire... အဲ ... Gaea (ဂိုင်ယာ)"

သူ့ပြောပုံကို သူမက သဘောကျသလို တစ်ချက်ပြုံးပြီး ...

"ရပါတယ်၊ ရှင် ခေါ်နေကျအတိုင်း vampire လို့ပဲ ခေါ်ပါ။ ကျွန်မ အဲဒီနာမည်ကို သဘောကျတယ်"

သူ ဘာပြန်ပြောရမည်မသိပဲ ဖြစ်သွားသည်။ ရင်ထဲမှာလည်း နွေးခနဲ ခံစားလိုက်ရ၏။

သူမက ...

"ရှင် ... ဘာကြောင့် မသေနိုင်တော့တာလဲဆိုတော့ ရှင်က လူသားအစစ် မဟုတ်တော့လို့ဘဲ"

"ဟင်!"

"ဟုတ်တယ်လေ၊ ရှင့်ကိုယ်ထဲမှာ ကျွန်မရဲ့နတ်အမြုတေရှိနေတဲ့အတွက် ရှင်ဟာ နတ်တစ်ပိုင်း လူတစ်ပိုင်းဖြစ်နေပြီ၊ ကျွန်မမှာလည်း နတ်အမြုတေ မရှိတော့တဲ့အတွက် နတ်သမီးအစစ် မဟုတ်တော့ဘူး၊ ရှင့်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com

နတ်တစ်ပိုင်း လူတစ်ပိုင်း ဖြစ်သွားပြီလေ''

''ဒါဆို ... မင်းနဲ့ငါနဲ့က ခွဲနေလို့ မဖြစ်နိုင်တော့ဘူးပေါ့''

သူမက ခေါင်းညိတ်ပြ၏။

သူ သက်ပြင်းချ၏။

ဘာဆက်ပြောရမည်ကို သူ မစဉ်းစားတတ်တော့။ သို့ဖြင့် ...

''ဒီမှာ နောက်ရက်ကျမှ မင်းအတွက် အင်္ကျီတွေ ငါလိုက်ဝယ်ပေးမယ်၊ အခုတော့ မင်းနဲ့တော်မယ်ထင်တဲ့ ငါ့အင်္ကျီတွေ ယူဝတ်ထား၊ ကြားလား၊ ခု ငါ အပြင်ခဏသွားဦးမယ်၊ ဖုန်းရပြီလို့ ပြောတယ်''

''ရှင် ကြာမှာလား''

''မင်း မသေစေရပါဘူး၊ ငါ ပြန်လာမှာပါ''

''ရှင် မသွားပါနဲ့လား''

''ငါ့မှာ ကိစ္စတွေ ရှိသေးတယ်၊ မင်းနဲ့ တစ်ချိန်လုံး အတူနေလို့ မရဘူး''

သူမ ဝမ်းနည်းသွားပုံရ၏။ ခေါင်းကလေး ငုံ့ပြီး ငြိမ်သက်သွားသည်။

ဘာရယ်မဟုတ်ပေမယ့် သူမကို ... သနားမိသွားပြီး ပါးစပ်ထဲရှိရာကို ပြောနေလိုက်သည်။

''ဟူး! ... ရာသီဥတုကလည်း ပြင်းလိုက်တာ၊ အပြင်ကို မဖြစ်လို့သာ သွားရမှာ၊ နေအပူရှိန်က မသေးဘူး''

ထိုစဉ် ...

တစ်စုံတစ်ယောက်က သူ့ကို အနောက်ကနေ သိုင်းဖက်ထားခြင်း ခံလိုက်ရသဖြင့် ရုတ်တရက် လန့်ဖျပ်ပြီး သူ တွန်းဖယ်ပစ်လိုက်မိ၏။

''ဟင်! မင်း ... ဒါ ဘာလုပ်တာလဲ၊ ဖယ်စမ်း''

'ဒုန်း'



www.burmeseclassic.com

www.burmeseclassic.com


"ဟာ"

ကြမ်းပြင်ပေါ်ကို သူမ လဲကျသွား၏။ ဘာစကားမှတော့ မပြောဖြစ်။ သူလည်း ကြောင်ကြည့်နေမိသည်။

"ငါ ... အပြင်သွားဦးမယ်၊ အပြန် မင်းအတွက် ကြက်ကြော်နဲ့ စပါကလင် ဝယ်ခဲ့မယ်"

ပြောပြီး သူထွက်လာခဲ့သည်။

သူမကတော့ သူ့ကျောပြင်ကို ငေးကြည့်ရင်းမှ မျက်ရည်ဝဲနေမိ၏။ ထိုစဉ် ချက်ချင်းဆိုသလို သူ ပြန်ရောက်လာခဲ့သည်။

"အရေးထဲမှ မိုးကလည်း ချက်ချင်းလက်ငင်း ကောက်သဲနေတယ်၊ အစောကတောင် နေအပူကြီးရှိနေ ... ဟင်"

ကြမ်းပြင်ပေါ်မှ မထရသေးသည့် သူမကိုမြင်ပြီး သူ အံ့သြသွား၏။

"မင်း ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ နာသွားလို့လားဟင်"

"မဟုတ်ပါဘူး၊ ကျွန်မ ဝမ်းနည်းမိလို့ပါရှင်၊ အဲလိုပဲ ကျွန်မ ဝမ်းနည်းလို့ငိုရင် မိုးတွေရွာတတ်တယ်"

"ဟင် ... မင်းငိုရင် မိုးရွာတယ်၊ ဒါ ... ဒါဆို ခုရွာနေတဲ့ မိုးက မင်း ဝမ်းနည်းနေလို့ပေါ့"

သူမ ခေါင်းညိတ်ပြတော့ သူ့ရင်ထဲ ဟာဆင်းသွား၏။

ဩော် ... ဖြစ်ရလေ၊ vampire မလေးရယ်။

သူ သူမကို အရမ်းသနားမိသွားသည်။

"မငိုပါနဲ့တော့ကွာ ... တိတ်ပါ၊ နောက်ကို မင်းဝမ်းနည်းအောင် ငါ မလုပ်တော့ပါဘူးနော်၊ တိတ်တော့"

အခုတော့လည်း သူမက ကလေးတစ်ယောက်နှင့် မခြားလှပေ။ လက်နှစ်ဖက်နှင့် မျက်ရည်တွေကို သုတ်ဖယ်နေ၏။

"ကျွန်မ ... လူဖြစ်ချင်လိုက်တာ ရှင်ရယ်"


www.burmeseclassic.com

www.burmeseclassic.com


သူမ စကားကိုသာ အခြားတစ်ယောက်ယောက် ကြားသွားခဲ့ပါက ဟားတိုက်ရယ်မောပြီး ...

"အခု နင်က ခွေးဖြစ်နေလို့လား"

ဟု ပြောသွားနိုင်ပါသည်။

သို့ပေမယ့်လည်း သူမအပြောအတွက် သူ မရယ်မောဖြစ်ပါ။ ပိုလို့ပင် သနားသွားမိသေး၏။

"လူမဖြစ်ချင်ပါနဲ့ vampire လေးရယ်၊ မင်းဘဝလေးအတိုင်းပဲ ကောင်းပါတယ်၊ မအိုဘူး၊ မနာဘူး၊ မသေဘူး၊ ဘယ်လောက်ပျော်ဖို့ကောင်း တဲ့အဖြစ်လဲ၊ ငါတို့ လူသားတွေမှာ သောက, ဒုက္ခတွေ, လောဘ, မောဟတွေ နဲ့ ပြေးလွှားရုန်းကန်နေရတာ ပင်ပန်းပါတယ်ကွာ"

"ဟင့်အင်း ... ကျွန်မ လူပဲဖြစ်ချင်တယ်၊ လူတွေလိုပဲ အိုချင်တယ်၊ နာချင်တယ်၊ သေချင်တယ်"

"မင်းက တော်တော်ထူးဆန်းတဲ့ နတ်သမီးပဲ၊ ဟုတ်ပါပြီ၊ မင်း လူတစ်ယောက်လို ပီပီပြင်ပြင်နေချင်တယ်ဆိုရင် အနည်းဆုံး ထမင်းတော့ စားမှဖြစ်မယ်လေ၊ အမြဲတမ်း ကြက်ကြော်တွေပဲ စားနေလို့မှမရတာ"

"ကျွန်မမှ ထမင်းမကြိုက်တာ၊ အင်း ... ဒါပေမဲ့ ကျွန်မ ကြိုးစား ပြီး စားကြည့်ပါ့မယ်"

သူမစကားကြောင့် သူ ပြုံးနေမိသည်။

ထိုနေ့က သူ အပြင်မသွားဖြစ်ပါ။ လက်တွေ့ဘဝဟာ မည်သို့ပင် တည်နေမှန်း ဂဃနဏ သူ မသိနိုင်ပေမယ့် လောလောဆယ်မှာတော့ အနုပညာတက္ကသိုလ်ကိုလည်း ခွင့်တင်ထားရသည်။

နောက် ... ဦးဒီကိုလည်း လူချင်းတွေ့ပြီး အကျိုးအကြောင်း တစ်စုံတစ်ရာကို ပြောပြရပါဦးမည်။ သူမကိုလည်း အင်္ကျီနှင့် အသုံးအဆောင် အချို့ ဝယ်ပေးဖို့ တစ်ခါတည်း ခေါ်သွားမည်ဟု တွေးလေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာ သဲသဲမဲမဲ ရွာသွန်းနေသည့် မိုးကတော့ ရှုတ်တရက် တိတ်သွားခဲ့ပြီ ဖြစ်သည်။ ဟုတ်သည်ပဲ။ ဟိုမှာ သူမ ပြုံးနေပြီလေ။

■



www.burmeseclassic.com

www.burmeseclassic.com

❑ အများအားဖြင့်
အချစ်သည်
ပျော်ရွှင်ခြင်းသော အစပျိုး၏ . . .။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (G)

ထိုနေ့သည် ရာသီဥတု အထူးတလည် ကြည်လင်လင်းပသော နေ့တစ်နေ့ ဖြစ်သလို သူမကို ကြည်ကြည်ဖြူဖြူ အပြင်သို့ ခေါ်ထုတ်ခဲ့သော သူ၏ပထမဆုံးနေ့တစ်နေ့လည်း ဖြစ်သည်။

သူမကို အနည်းငယ် ကျပ်နေပြီဖြစ်သော (501) တံဆိပ် Jean ဘောင်းဘီတစ်ထည်နှင့် အနီရောင် Bodyfit Levis'e T-shirt တစ်ထည်ကို တွဲဖက်ဝတ်ဆင်စေခဲ့သည်။

"အခုတော့ . . . မင်းက ဂျင်းဘောင်းဘီဝတ်တဲ့ ပထမဦးဆုံး နတ်သမီးအဖြစ် ကမ္ဘာ့ဂင်းနစ်စံချိန်မှာ မှတ်တမ်းဝင်သွားပြီ"

ဟု ပြောကာ နှစ်ယောက်သား ရယ်ဖြစ်ကြသေးသည်။

ပထမဦးဆုံးအနေဖြင့် သူငယ်ချင်းဝေဖြိုးနောင်ရှိရာ (———) ဗျာနယ်တိုက်မှာ သူ ဖုန်းဝင်ယူဖြစ်သည်။ ဝေဖြိုးနောင်က ဂျာနယ်လစ်ပီပီ . . .

"ဟာ ထင်ရှား . . . သူလေးက . . . ဘြော် ဒါ နောက် အသစ်တင်



www.burmeseclassic.com

www.burmeseclassic.com

မယ့် မင်းသမီးသစ်လေးလား၊ နာမည်က ဘာတဲ့လဲ မိတ်ဆက်ပေးဦးလေ"

"သြော် ... သူ့နာမည်က ဂျီယာ (Gaea) တဲ့"

သူ့နှုတ်က အမှတ်တမဲ့ ယောင်ထွက်သွားသော်လည်း ဝေဖြိုးနောင် တစ်ယောက် ဘာမှရိပ်မိပုံမပေါ်၍ တော်ပါသေးသည်။

ဒီကောင်က Reproter မဟုတ်လား။

"မိုက်တယ်ကွာ၊ လှလိုက်တာမှ နတ်သမီးလေးတစ်ပါးလိုပဲ၊ နာမည်လေးကလည်း ဒီအနုပညာလောကထဲမှာ ဘယ်သူမှမရှိသေးတဲ့ အလန်းစားမျိုးပဲ၊ ရဲရဲသာတင်လိုက်၊ ပေါက်မှာအသေအချာပဲ"

ဘုမသိ ဘမသိ ဝင်ပြောနေတဲ့ သူငယ်ချင်းစကားကြောင့် သူရော သူမပါ မျက်ဝန်းချင်းဆုံပြီး ပြုံးမိကြသေးသည်။

ဝေဖြိုးနောင်ဆီကအပြန် ဦးဒီဆီမသွားခင် ရှုတင် ဘယ်မှာ တည်မတည်ကို အအေးဆိုင်တစ်ဆိုင်မှာ ထိုင်ရင်း မေးဖြစ်၏။

ထုံးစံအတိုင်း သူမကတော့ စပါကလင်တစ်လုံးနှင့် နတ်ပြည်ရောက်နေ၏။

"Hello! ... ဦးဒီ ကျွန်တော်ပါ"

"..."

"နေကောင်းသွားပြီ ဦးဒီ၊ ဒါနဲ့ ရှုတင်က ဘယ်မှာလဲ"

"..."

"မြခွာညိုအိမ်ရာမှာလား၊ ကျွန်တော်က ဘောက်ထော်က ရှုတင် အိမ်မှာထင်နေတာ၊ တော်သေးတာပေါ့ phone ဆက်မိလို့၊ မဟုတ်ရင် လွဲကုန်ဦးမှာ"

"..."

"ဟုတ်ပြီ ဦးဒီ ... ခဏနေ ကျွန်တော် လာခဲ့မယ်၊ သြော် ... ဇာတ်ဝင်သီချင်းက လာဇရုန္နဲ့အပ်ထားတယ်လေ၊ ရရင် ပြောမယ်လေ၊ ဒါ


www.burmeseclassic.com

www.burmeseclassic.com


ဒါပဲနော် ဦးဒီ၊ ခဏနေမှ တွေ့မယ်"

ပြောပြီး သူမကိုကြည့်တော့ သူမက သူ့ကို လက်ညှိုးလေး တစ်ချောင်းထောင်ပြပြီး ပြောင်စပ်စပ်လုပ်နေ၏။ သဘောက စပါကလင်နောက် တစ်လုံး သောက်ချင်သေးသည်ဆိုတဲ့ ပုံစံမျိုးနဲ့ပေါ့။

သူ ပြုံးပြပြီး စပါကလင်နောက်တစ်လုံး မှာပေးလိုက်သည်။

ခဏနေတော့ သူမက စပ်စပ်စုစု မေးလာ၏။

"စောစောကလာတွေ့တဲ့ ထင်ရှားသူငယ်ချင်းက ဘာလဲ"

"လူတွေမှ စပ်စုတတ်တယ် မှတ်နေတာ နတ်တွေလည်း စပ်စပ်စုစု နိုင်တာပဲ"

"မဟုတ်ပါဘူး၊ သူ့ရဲ့ အင်္ဂါရုပ်ကိုကြည့်ရတာ စေ့စေ့စပ်စပ် နှိုက် နှိုက်ချွတ်ချွတ် စပ်စုတတ်တဲ့ ရုပ်ခံမျိုးမို့ မေးကြည့်တာပါနော်"

"စပ်စုဆို ဒီကောင်က သတင်းထောက်လေ၊ ဒါ သူ့အလုပ်ပေါ့။ ာန္တ ဂျီယာက အင်္ဂါရုပ်လည်း ကြည့်တတ်ပုံရတယ်"

သူမက ခေါင်းညိတ်ပြပြီး နောက်ရောက်လာတဲ့ စပါကလင်တစ် လုံးကို တစ်ငုံမော့သောက်နေ၏။

"လုပ်စမ်းပါဦး vampire လေးရဲ့၊ အင်္ဂါရုပ်ကို ဘယ်လိုကြည့်ရလဲ၊ ဗဟုသုတလေး,ဘာလေး ရတာပေါ့"

သူမေးတော့ သူမက စိတ်ရှည်လက်ရှည် ပြောပြရှာပါသည်။

"အင်း ... မျက်လုံးအနေအထားကနေ အရင်စပြောမယ်နော်၊ ကလေးစိတ်မကုန်သေးတဲ့ သဘောထားသေးသိမ်တဲ့ ခပ်တုံးတုံးလူတွေရဲ့ မျက်လုံးဟာ အမြဲတမ်း နီကြင့်ကြင့်အရောင် ရှိနေတတ်တယ်၊ စာနာသနား တတ်တဲ့ လူရဲ့မျက်လုံးကတော့ အညိုရောင် ခပ်မှိုင်းမှိုင်းလေးဖြစ်တယ်၊ ဒါ ... အလုပ်တစ်ခုကို စနစ်တကျလုပ်ပြီး အရည်အချင်းရှိတဲ့ သစ္စာတရား ကြီးမြတ်တဲ့ လူတွေရဲ့ မျက်လုံးပုံစံကတော့ ထင်ရှားမျက်လုံးအရောင်လိုပဲ


www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်ပြီး စိမ်းဖန့်ဖန့်လေး ရှိတယ်"

"အေသြ်"

*ဘာရယ်မဟုတ် ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ခုန်သွားမိသည်။* ဘာကိုမှ ရိပ်မိပုံမပေါ်တဲ့ သူမကတော့ ဆက်ရှင်းပြ၏။

"အဲ ... မျက်ခုံးတည်ဆောက်ပုံကို ပြောရရင် စကားအပြောအဆို ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ် ပြောတတ်တဲ့သူတွေရဲ့ မျက်ခုံးမွေးဟာ ထူထူ ကြမ်းကြမ်းကြီးတွေ ဖြစ်နေတတ်ပြီး၊ မဟုတ်မမှန် လီဆယ်ပြောဆိုတတ်တဲ့ သူရဲ့မျက်ခုံးကတော့ သေးသေးမျှင်မျှင် ဖြစ်နေတတ်တယ်၊ ပြီးတော့ ... လျှို့ဝှက်ကောက်ကျစ်တတ်တဲ့လူရဲ့ မျက်ခုံးကတော့ ထူပြီး အဖျားသွယ်သွယ် လေးရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင် ဘဝင်မြင့်နေတတ်တဲ့ လူစားမျိုး တွေမှာတော့ မျက်ခုံးဟာ အဖျားရောက်မှ ကော့တက်နေတတ်တယ်၊ အရာ ရာကို နည်းလမ်းကျကျ တွက်ဆချင့်ချိန်ပြီးမှ ပြောဆိုနေထိုင်တတ်တဲ့ မျက်ခုံးပုံကတော့ ထင်ရှားမျက်ခုံးလေးတွေလို ခပ်ကုပ်ကုပ် ခပ်ဝိုင်းဝိုင်းလေး ရှိနေတတ်တယ်လေ"

"ဒီမယ် ... လူကို ကပ်မြှောက်မနေနဲ့၊ ကြက်ကြော်လည်း ဝယ် ကျွေးပြီးပြီ၊ ဒါပဲနော်၊ ညစာကိုတော့ ထမင်းတစ်ပန်းကန် ကုန်အောင်စားရမှာ ပဲနော် vampire လေး"

"ဟုတ်ပါပြီ၊ မပြီးသေးဘူးလေ၊ နားရွက်နဲ့ပါးစပ်အကြောင်း ပြော ပြဦးမယ်"

"ပြောလေ"

သူ စကားထောက်ပေးတော့ သူမက ...

"နားရွက်အနားတွေ လန်နေတဲ့လူရဲ့စိတ်ထားက ဘယ်သူပြော တာကိုမှ လက်မခံတတ်ဘဲ ကိုယ်ထင်ရာကိုယ်လုပ်တတ်တဲ့ စရိုက်ရှိကြောင်း နားရွက်ပုံစံ ခပ်စောင်းစောင်းကို ပါးရိုးနှင့် ဆက်စပ်ထားတဲ့ နားပိုင်ရှင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်အောင်လုပ်တတ်ကြောင်း၊ လူချမ်းသာဖြစ်နေတဲ့/ဖြစ်လာမယ့်လူရဲ့နားရွက်ပုံစံက ပစောက်လို ဝိုင်းဝိုင်းကလေးနှင့် ပါးရှိုးကို တွဲခိုနေတတ်ကြောင်း၊ နားရွက်ခပ်သေးသေး ပိန်ပိန်လွှားလွှားစိတ်ကူးယဉ်ဆန်ပြီး တစ်ပါးသူကို သနားငဲ့ညှာတတ်ကြောင်း၊ အနေတော်နားရွက်ပိုင်ရှင်တွေကတော့ ဦးစီးဦးဆောင်လုပ်ရတဲ့ကိစ္စတွေမှာ ဝါသနာထုံတတ်ကြောင်းနှင့် အဆမတန် ကြီးမားနေသော နားပိုင်ရှင်တွေကတော့ဆွေမျိုးများပြားသလောက် ဘယ်ဆွေမျိုးရဲ့ ကူညီထောက်ပံ့မှုကိုမှ မရဘဲကိုယ်စွမ်းကိုယ်စနှင့် အောင်မြင်ထွန်းပေါက်သူ/ဗဟုသုတ ကြွယ်ဝသူဖြစ်ကြောင်းကို သူမက ပြောပြသည်။

တစ်ဖန် ပါးစပ်ပုံစံနှင့်ပတ်သက်ပြီး သူမက အောက်ပါအတိုင်းဆက်ပြောပြသည်။

ပါးစပ်ကျယ်တဲ့လူတွေက ပေးကမ်းစွန့်ကြဲတတ်ကြောင်း၊ ပါးစပ်ပေါက် ကျဉ်းတဲ့လူတွေဟာ ချွေတာတတ်၊ ဖွဲ့ရှိတတ်ပြီး တစ်ကိုယ်ကောင်းဆန်တတ်ကြောင်း၊ ပါးစပ်ထော်လန်နေသူတွေကတော့ ခပ်ပျော့ပျော့စရိုက်ရှိကြောင်းနှင့် သမာသမတ်ရှိသူတွေရဲ့ ပါးစပ်ကတော့ အောက်နှုတ်ခမ်းအနည်းငယ် တွဲနေတတ်ကြောင်းတို့ကို စိတ်ရှည်လက်ရှည်ရှင်းပြ၏။

အားလုံးပြီးတော့ သူက . . .

"ဒါတွေလည်း နတ်တွေက သိနေတာပဲလား"

"ဒါပေါ့၊ ဒါပေမဲ့ . . . နတ်တိုင်း မသိပါဘူး၊ ကျွန်မပဲ သိတာ"

"ဘာဖြစ်လို့"

စကားထောက်ပေးတော့ သူမက ညစ်ကျယ်ကျယ်အပြုံးဖြင့် . . .

"ဘာဖြစ်ရမလဲ . . . ကျွန်မက ရှင့်အခန်းထဲက အင်္ဂါရုပ်ဖတ်နည်းအုပ်ကို ဖတ်ထားတာကို . . . အဟဲ"

"ဟာ . . . ငါက အကောင်းမှတ်လို့ နင်က လာနောက်နေတာကိုး



www.burmeseclassic.com

www.burmeseclassic.com


အဲဒါကြောင့် ဒီအကြောင်းအရာတွေ ငါ သိနေပါတယ်လို့ ... ဟွန်း!"

သူ ရယ်ရယ်မောမောပြောဆိုရင်း 'နတ်သမီးတွေလည်း နောက်တတ်သားပဲ''ဟု မှတ်ထားလိုက်၏။

"အဟဲ ... ကျွန်မလည်း ရှင့်အခန်းထဲက တွေ့သမျှ စာအုပ်တွေ ပျင်းပျင်းနဲ့ ဖတ်ထားတာကိုး၊ တရားစာအုပ်တွေ၊ ငါးရာ့ငါးဆယ်နိပါတ်တော်တွေနဲ့ ပါဠိစာအုပ်တွေတောင် ပါသေးတယ်၊ ရှင်ပဲ ပြောတယ်လေ၊ စာအုပ်တွေက လူသားတွေအတွက် အလင်းရောင်ဆို"

"အင်းလေ ... အဲဒါ လူသားတွေအတွက်လေ"

"ကျွန်မက လူဖြစ်ချင်တာကိုး"

"ဟုတ်ပါပြီ၊ စာတွေဖတ်ပြီး ဘာထူးခြားမှုတွေများ ခံစားရလဲ"

"အင်း"

သူမက စဉ်းစားသလို ခဏလုပ်ပြီး ...

"ပါဠိစာအုပ်တွေမှာ ဟို ... ဝဇ္ဇ (ဝဇ္ဇ) နှစ်လုံးပေါက် (း) လုံးဝ မပါတာကို ကျွန်မ သတိထားမိတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင် ထင်ရှား"

ပေါက်ပေါက်ရှာရှာ စေ့စေ့စပ်စပ်တွေးတောမှတ်သားမိသည့် သူမကို သူ တကယ်ပဲ ချီးကျူးမိပါသည်။ လူသားအတော်များများပင် သတိမထားမိသည့် အချက်ကို သူမက သတိထားမိသည်ပဲ။

"ဟုတ်တယ်၊ ပါဠိစာမှာ ပါဠိစစ်ရင် ဝတ်ဆံနှစ်လုံးပေါက် (း) လုံးဝမပါဘူးလေ၊ vampire လေးက တကယ်တော်တာပဲ၊ ဒါဆိုရင် မေးခွန်း တစ်ခုလောက် မေးကြည့်ချင်တယ်၊ ဖြေမလား"

"မေးလေ"

သူက တမင် ပညာဆန်ချင်သလို ပြောတော့ သူမက အလွယ် တကူပင် ခွင့်ပြုပါ၏။


www.burmeseclassic.com

www.burmeseclassic.com


"အင်း ‥ ဒီမေးခွန်းက လူအယောက် (၂၀) ကျော်ရှိတဲ့ စီမံခန့်ခွဲသင်တန်းကျောင်းမှာ မေးဖူးခဲ့တဲ့ ပြဿနာမေးခွန်းဟောင်းလေးတစ်ခုပါ။ ဒါပေမဲ့ … အဲဒီမေးခွန်းကို အဲဒီတုန်းက ဘယ်သူမှ မဖြေနိုင်ခဲ့ဘူးလေ။ မေးခွန်းက ဘယ်လိုလဲဆိုတော့ စာရွက်တစ်ရွက်ပေါ်မှာ အမှတ် (၉) ခု ရှိတယ် ဆိုပါစို့"

သူက စားပွဲပေါ်ရှိ Tissue ကို အကူအညီယူပြီး အောက်ပါအတိုင်း ချပြ၏။ သူမကတော့ ထင်ရှားလုပ်သမျှကို အာရုံစိုက် လိုက်ကြည့်နေပါသည်။



မှတ်ချက် ။ ။ ဤဉာဏ်စမ်းပုစ္ဆာသည် လူအတော်များများ သိထားပြီးဖြစ်သော်လည်း မသိသေးသောပရိသတ်များအတွက် ဗဟုသုတအလို့ငှာ ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထင်ရှားက …


"vampire လေး တွေ့တယ်နော်၊ အဲ မေးခွန်းကတော့ အဲဒီအမှတ် (၉) ခုကို မျဉ်း (၄) ကြောင်းနဲ့ အားလုံးဆက်မိအောင် ဘယ်လိုဆွဲမလဲတဲ့၊ ဒါပေမဲ့ အဲဒီမျဉ်းတွေကို တစ်ခါတည်း ဆက်ဆွဲရမှာနော်၊ ခွဲဆွဲလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းအဆုံးမှာတော့ သူမက ရေသန့်ဘူးထဲမှ ရေစက်တို့ အသုံးပြုပြီး အောက်ပါအတိုင်း ဆွဲပြလိုက်၏။ သူမပုံကိုကြည့်ပြီး သူ တကယ်ပဲ အံ့သြလေးစားမိသွားသည်။ ပုံမှာ . . .




"မင်း အရမ်းတော်တယ် vampire၊ ဒါပေမဲ့ . . . ငါ မကျေနပ် သေးဘူး၊ မင်းရဲ့ တီထွင်ကြံဆမှုအတွေး ဒါမှမဟုတ် တားစည်းထားတဲ့ ဘောင်တစ်ခုကနေ ဘယ်လောက်အထိ ဖောက်ထွက်စဉ်းစားတွေးခေါ်နိုင် မလဲဆိုတာကို စမ်းသပ်ကြည့်နေချင်သေးတယ်"

သူမက စပါကလင်ပုလင်းကို ကိစ္စတုံးပစ်လိုက်ပြီး မျက်စပစ်ပြ သဘောက လာထားဆိုသည့်ပုံမျိုး။ သို့ဖြင့် သူလည်း ကျောပိုးလွယ်အိတ် အတွင်းမှ စာအုပ်နှင့်ဘောလ်ပင်ကို ထုတ်ပြီး ပုံအချို့ဆွဲပြ၏။



(1) (2) (3)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ပုံစံမတူတဲ့ ပုံ (၃) ခုရှိတယ်၊ အဲဒီပုံမတူတဲ့ ပုံ (၃) ခုကို ပေါင်းစပ်ပြီး ပုံစံညီညွတ်မျှတတဲ့ ပုံတစ်ခုဖြစ်အောင် ဖန်တီးပေးနိုင်မလား"

သူမက ပုံတွေကို အချိန် (၁) မိနစ်ခန့် စိုက်ကြည့်စဉ်းစားနေ၏။ ပြီးမှ ...

"ဒီပုံတွေကို ကြိုက်သလို အသုံးပြုပြီး ပေါင်းစပ်လို့ရလား"

သူ ခေါင်းညိတ်ပြတော့ သူမက ပြုံးလိုက်ပြီး စာရွက်နှင့်ဘောလ်ပင်ကို ယူလိုက်၏။ နောက် ...


"စတုရန်းပုံအကြီးကို ကျွန်မ အညီအမျှ နှစ်ပိုင်းခွဲလိုက်မယ်ရှင်၊ ဒီလိုမျိုးပေါ့"

"အင်း"

သူမက ပြောပြောဆိုဆို ပုံစံဆွဲပြ၏။



"ရှင်ပေးထားတဲ့ ပုံ (၃) ခုကို ကျွန်မက ဒီလိုမျိုး ပေါင်းလိုက်မယ်လေ"



သူမ ဆွဲပြတဲ့ ပုံကိုကြည့်ပြီးချိန်မှာတော့ သူ့မှာ ပြောစရာစကားသိပ်များများစားစား မရှိတော့ပါ။ သူမရဲ့ IQ အဆင့် ဘယ်လောက်ရှိတယ်

www.burmeseclassic.com



ဆိုတာကိုလည်း သူ မစမ်းသပ်ချင်တော့ပါ။

သူမအဖြေက သိပ်ကို ပြည့်စုံနေခဲ့သည်ပဲ။

"ကဲ ... ငါတို့ စိန်ဂေဟာကိုသွားရအောင်၊ မင်းအတွက် အကျီ နဲ့ အသုံးအဆောင်တွေ အရင်ဝယ်ကြမယ်၊ ပြီးမှ ဦးဒီတို့ဆီကို သွားကြတာ ပေါ့"

သူတို့ ထထွက်သွားကြ၏။

သို့သော် ...

သူတို့ အအေးဆိုင်စထိုင်စဉ်ကတည်းက သူနှင့် သူမတို့ကို အကဲ ခတ်စုံစမ်းသလို ပါပါရာဇီဆန်ဆန် လိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံကို တော့ သူရော သူမပါ သတိမထားမိခဲ့သလို တစ်လောကလုံးရှိ မည်သူမျှ လည်း သတိမပြုမိလိုက်ပါချေ။

ထို ... တိတ်တဆိတ် မျက်ဝန်းပိုင်ရှင်က မည်သူနည်း ...။

■



www.burmeseclassic.com

www.burmeseclassic.com

# (O)

အနည်းငယ်ထက် ပိုမိုစူးရှတောက်ပလှသော မျက်ဝန်းပိုင်ရှင် လူငယ်တစ်ဦးသည် Supermarket ထဲတွင် အဝတ်အစား အသုံးအဆောင် အချို့ကို လိုက်လံရှာဖွေဝယ်ယူနေသော မင်းထင်ရှားနှင့် vampire မလေး တို့နှစ်ယောက်ကို မျက်တောင်မခတ်စတမ်း လိုက်လံကြည့်ရှုနေ၏။

ထိုလူငယ်လေး၏ပုံသဏ္ဌာန်သည် ခေတ်၏သားဖျိုတစ်ယောက်ပီပီ အဝတ်အစား၊ ဆံပင်ပုံ ခပ်လန်းလန်းထဲကပင် ဖြစ်၏။

ထိုလူငယ်လေး၏ပခုံးပေါ်မှာတော့ အနက်ရောင် (adidas) တံဆိပ်ဘေးလွယ်အိတ်တစ်လုံးကို လွယ်ထားပါသည်။

အသေအချာ ဂရုပြုကြည့်မည်ဆိုပါက ထိုလူငယ်လေး၏ဘေးလွယ် အိတ်အတွင်းမှ တစ်စုံတစ်ခုသည် ပြင်းပြင်းရှရှ လှုပ်ခတ်နေသည်ကို တွေ့ ရမည်ဖြစ်သည်။

ထိုလူငယ်လေးက သည်အဖြစ်ကို တခြားသူတွေ မတွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

အောင် ညာဘက်လက်တစ်ဖက်ဖြင့် ဘေးလွယ်အိတ်ကို ထိန်းချုပ်ထားဏ်။

မျက်လုံးအကြည့်ကိုတော့ သူနှင့်သူမတို့အပေါ်က မခွာပါ။

အချိန်တစ်နာရီခန့် ကုန်ဆုံးသွားချိန်မှာတော့ ထင်ရှားနှင့်ဂျိုယာ
တို့နှစ်ယောက်၏ shopping ကိစ္စပြီးဆုံးသွား၏။ နောက်တော့ . . .

Taxi တစ်စီးကိုငှားပြီး ရွှတင်တည်ရာ "မြခွာညိုအိမ်ရာ" ဘက်သို့
မောင်းထွက်သွားသည်။ မျက်ခြည်အပြတ်မခံလိုသော ထိုလူငယ်လေးက
လည်း ချက်ချင်းဆိုသလို Taxi တစ်စီးပေါ်ကို တက်ပြီး နောက်က လိုက်သွား
လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

ထိုလူငယ်လေးက ဘာကြောင့်လိုက်ပါကြည့်ရှုနေရပါသလဲ။
ထိုလူငယ်လေး၏ အိတ်အတွင်းမှ တစ်စုံတစ်ခုသည်
ဘာကြောင့် ရုတ်တရက် လှုပ်ခတ်လာရသလဲ ...။
မည်သို့နည်း ...။

www.burmeseclassic.com

ရသစာအုပ်တိုက်

www.burmeseclassic.com

❑ တချို့ကိစ္စများတွင်
ချော်လဲ ရောထိုင်လုပ်မှ
အဆင်ပြေနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

# (၈)

ရှုတင်ကိုရောက်တော့ အုံ့ဩမှုတစ်ခုက သူ့ကို ဆီးကြိုနေ၏။ ဘယ်လိုကနေ ဘယ်လိုရောက်လာခဲ့သည် မသိပါ။

ဦးဒီက သူ့ဖေဖေ, မေမေတို့နှင့် စကားလက်ဆုံကျနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

“ဟောဟိုမှာ ... ထင်ရှား လာပါပြီဗျာ”

ဖေဖေနှင့်မေမေတို့က သူ့ကိုလှည့်ကြည့်၏။ ဦးဒီကတော့ ပြုံးနေ၏။ အားလုံး၏အကြည့်နှင့် မျက်ဝန်းအဓိပ္ပာယ်ကို သူ ချက်ချင်း အကဲခတ်မိသွားသည်။

နှုတ်က ဖွင့်ထွက်မလာသေးသည့် မေးခွန်းများစွာကိုလည်း သူ ကြိုတင်တွေးဆမိပါ၏။

ထင်ရှားဘေးက ကောင်မလေးက ဘယ်သူလဲ။

သူ အရင်ဆုံး အားလုံးကို နှုတ်ဆက်စကား အရင်ပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူမကတော့ အဝတ်အစားအထုပ်အချို့ကို ကိုင်ဆွဲရင်း မြင်ကွင်းစိမ်းတစ်ခုကို ငြိမ်သက်စွာ အကဲခတ်နေ၏။

"ကဲ ထင်ရှား ... ဒါက ဘယ်လိုဖြစ်တာလဲ၊ ငါ ကြားထားတဲ့ သတင်းနဲ့ ကွက်တိပါလား"

"ဖေဖေက ဘာကို ကြားထားလို့လဲ၊ ဆိုလိုရင်းက ..."

"ဒီမှာ ... ငါ မင်းကို အိမ်ပေါ်က နှင်ချထားတယ်ဆိုပေမယ့် ဒီအတိုင်း လွှတ်ထားတာ မဟုတ်ဘူး၊ ငါ့မှာ မျက်စိတွေ, နားတွေ အများကြီးရှိတယ်၊ မင်း မိန်းကလေးတစ်ယောက်နဲ့ အတူတူနေနေတယ်ဆို"

IT ခေတ်ဆိုတဲ့ ဝေါဟာရရဲ့အစွမ်းကို ယုံကြည်ထားသူမို့ ဖေဖေ့အဆိုကို မအံ့သြတော့ပါ။ မေမေကတော့ သူမကို ပြုံးစိစိနှင့် ကြည့်နေ၏။

"ဟော့ကောင် ... မင်းအဖေ ငါ မေးနေတယ်လေ၊ အဲဒါ ... ဘယ်သူလဲ၊ ဘယ်သူ့သမီးလဲ"

အတွေးလွန်နေသည့် သူ့ကိုယ်စား သူမက ဝင်ဖြေပါသည်။

"သမီးပါ ဖေဖေ၊ ထင်ရှားနဲ့ အတူတူနေနေတာ သမီးပါ"

"ဟေ!"

"ဟာ ... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ ဘာမှမသိဘဲနဲ့ အဖြစ်က ဒီလိုပါ ဖေဖေ"

"ဟိတ်ကောင်! ... ခွေးလိုအကောင်၊ ဘာမှ ငါ့ကို ငြင်းဆန်ဖို့ မကြိုးစားနဲ့"

သွားပြီ။ vampire လုပ်ပုံကြောင့် အားလုံး အမိဖမ်းခံလိုက်ရသည့်ကောက်လွဲချော်ကုန်ကြ၏။ လက်ရှိအခြေအနေကို ကောင်းကောင်းသဘောပေါက်သည့် ဦးဒီကတော့ ...

"ထင်ရှားရေ ... နောက်မှတွေ့မယ်၊ ဦးဒီ ရှုတင် ပြန်စလိုက်ဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုပြီး ရှောင်ထွက်သွား၏။

မေမေကတော့ ထုံးစံအတိုင်း လေပြေထိုးပါသည်။

"သမီးလေး နာမည်က ဘယ်လိုခေါ်ပါလဲဟင်"

"မေမေ"

သူ ဝင်တားပေမယ့်လည်း သူမကတော့ ပြုံးရွှရွှနှင့် ပျူပျူငှာငှာ ကြီးကို ဖြေနေပါသည်။

"သမီးနာမည်က ဂျီယာပါ မေမေ"

"ဟယ် ... လှလိုက်တဲ့ နာမည်လေး၊ လူကလည်း နတ်သမီးလေး ကျနေတာပဲကွယ်၊ မေမေ့နာမည်လည်း မှတ်ထားဦးနော်၊ ပုံရိပ်ထင်တဲ့"

"ဟုတ်"

ထိုစဉ် ...

ဦးရှားလူဟု အမည်ပေါက်သော ဖခင်ဟု တော်စပ်ထားရသော ဖေဖေက သူ့လက်ကိုဆွဲခေါ်ပြီး မေမေနှင့် သူမတို့နဲ့ ဝေးရာ ခပ်လှမ်းလှမ်း ထစ်နေရာမှာ တိုးတိုးကျိတ်ကျိတ်မေးပါသည်။

သူမနှင့်မေမေတို့ကတော့ လေဘေးသင့်ရင်း ကျန်နေခဲ့၏။

ဖေဖေက ...

"ထင်ရှား ... မင်း ဒါ ဘာအချိုး ချိုးနေတာလဲ"

"မဟုတ်သေးဘူး၊ ဖေဖေတို့ ထင်သလို မဟုတ်သေးဘူး၊ အခြေ အထားက သားနဲ့ အတူတူနေမှာကိုဖြစ်မှာမို့ နေနေရတာပါဗျာ"

"အဲဒါ ...မင်းသဘော မင်းဆောင်နေရသလား၊ မိဘတွေမှ မသေသေတာ ပြောပါ့လားကွ၊ အခု ကောင်မလေးက ကိုယ်ဝန် ဘယ် လောက်ရှိနေပြီလဲ"

"ဗျာ!"

သူ ရှင်းမှ ပိုရှုပ်ကုန်ပြီဖြစ်ကြောင်း သဘောပေါက်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မဗျာနဲ့ ထင်ရှား၊ မင်းဟာ အမျိုးကောင်းသားယောက်ျား၊ ငြိုးတော့ ငါ့သား"

'ဟင် ... ဘာမှလည်း မဆိုင်ဘူး' ဟု သူ မပြောရဲပါ။ အသာ နားထောင်နေ၏။

"မင်း ... မိကောင်းဖခင်သားသမီးတစ်ယောက်အနေနဲ့ ဘာမှ ပုန်းလျှိုးလုပ်နေစရာမလိုဘူး၊ ကိုယ့်တာဝန်ကိုယ် ရဲရဲယူရဲရမယ်"

"မဟုတ်ဘူး၊ သားနဲ့သူနဲ့က ဘာမှမဘာပါဘူး၊ တစ်ခါလောက်ပဲ ဖြစ်ဖြစ် ဘောင်ထဲကနေ ဖောက်ထွက်ပြီး တွေးကြည့်စမ်းပါ ဖေဖေရယ်"

"ယောက်ျားပျိုတစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် တိုက်ခန်းတစ်ခန်းထဲမှာ အတူနေပြီး ဘာမှမဖြစ်ပါဘူးလို့ မင်းငြင်းချင်တာလား ထင်ရှား၊ လူတွေထဲမှာနေတဲ့အတွက် လူ့ဘောင်လူ့စည်းအတိုင်းတော့ ကျင့်ကြံရမှာပဲ"

"ဒါကတော့ ... ဖေဖေ့စိတ်နဲ့နှိုင်းပြီး"

"ဘာကွ!"

"အဲ ... ဖေဖေတို့ ထင်နေသလို မဟုတ်ဘူးလို့ ပြောချင်တာပါ"

"တော်ပြီ ထင်ရှား၊ ကောင်မလေးကိုခေါ်ပြီး မင်း ငါ့အိမ်မှာ ပြန်လာနေတော့၊ မင်္ဂလာကိစ္စကို ငါ အမြန်ဆုံးလုပ်ပေးမယ်၊ ဒါပဲ"

မတတ်နိုင်တော့။ ဇာတ်က ရှင်းလေ ရှုပ်လေမို့ ... အခုအချိန်မှာ အသင့်တော်ဆုံးက ချောလဲရောထိုင်လိုက်တာ အကောင်းဆုံးပဲဟု ဦးနှောက်က message ပို့သည်မို့ သူ ဖေဖေ့ကို ခပ်တည်တည်နှင့် ဖောလိုက်၏။

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါပေမဲ့ ... ခုချက်ချင်းကြီးတော့ သား ပြန်မလာနိုင်သေးဘူး၊ လုပ်လက်စ, အလုပ်တွေ ပစ္စည်းတွေကို ဖြည်းဖြည်း ချင်း ဖြတ်ပြီးမှပဲ လာခဲ့မယ်နော်"

"အေး ... ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



သူ သေသာ သေလိုက်ချင်ပါတော့သည်။

အားလုံးကိစ္စပြီးတော့ သူ အားလုံးကို နှုတ်ဆက်ပြီး Taxi ဖြင့် ပြန်လာခဲ့၏။ ပုံစံကြည့်ရတာတော့ ဖေဖေရော မေမေပါ သူမကို သဘောကျနေကြပုံရပါသည်။

သူ ... Taxi ပေါ်မှာ တစ်ယောက်တည်း အတွေးခေါင် ငြိမ်နေသလောက် ဘာကြောင့်မှန်းမသိ သူမကတော့ အထူးရွှင်လန်းပြုံးရွှင်နေပါသည်။

သူ သူမကို တီးခေါက်ကြည့်တော့ ...

"မေမေနဲ့ ဘာတွေ ပြောဖြစ်သေးလဲ"

"အင်း ... မေမေက သမီးနဲ့သားက ချစ်သူတွေလားတဲ့"

"မင်း ... ဘယ်လိုပြောလိုက်လဲဟင်"

"ဟုတ်တယ်လို့ ဖြေလိုက်တယ်လေ"

"အေး ... ကောင်းတယ်"

သူက တမင်ပဲ ရွဲ့ပြောတော့ သူမက ...

'ကောင်းပါတယ်၊ မေမေကလည်း ကောင်းတယ်, ကောင်းတယ်လို့ ပြောတယ်လေ' ဟု အလိုက်ကမ်းဆိုးမသိ ပြန်ဖြေပါသည်။

ထိုနောက်တော့ သူတို့ထိုင်နေရာ တိုက်ခန်းကို ပြန်ရောက်၏။ ရောက်လျှင်ရောက်ချင်း သူမက ...

"ထင်ရှား ... ကျွန်မ ရေချိုးပြီး ရှင်ဝယ်ပေးတဲ့ အင်္ကျီအဝတ်အစားတွေနဲ့ အလှပြင်ပစ္စည်းတွေကို တော်,မတော် ဝတ်ကြည့်မယ်နော်"

"ဟွန်း ... နတ်သမီးပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် မိန်းမမှန်ရင် ဝတ်ချင်စားချင် လှချင်ပချင်တာပါပဲလား" ဟု တွေးမိပြီး သူ ခေါင်းညိတ်ပြလိုက်၏။

"ဒီမယ် ... ငါ အောက်ခဏသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com


သူမကလည်း ထုံးစံမပြတ် ပြန်မေးပါသည်။

"ကြာမှာလား"

"မကြာဘူး၊ အလွန်ဆုံး တစ်နာရီပဲ"

ပြောပြီး . . . သူ ထွက်လာခဲ့သည်။ သူ စိတ်ညစ်နေသည် မဟုတ် လား။ မိန်းကလေးတစ်ယောက်ရှိရာကို ပြန်အိပ်ရမှာ မသင့်တော်ဘူးဆို မယ့် ဒီအချိန်မှာတော့ သူ အရက် သိပ်ကိုသောက်ချင်နေမိ၏။

ကိုယ့်စိတ်ကိုယ် အစိုးရသူတစ်ယောက်မို့ သူ့ဆုံးဖြတ်ချက်ကို မယ ဖျက်တော့ဘဲ Resurtant တစ်ခုရှိရာကို ခြေဦးလှည့်လိုက်လေ၏။

စူးရှတောက်ပသော မျက်လုံးပိုင်ရှင်လူငယ်လေးတစ်ဦးကတော့ ထူးဆန်းသော အိတ်တစ်လုံးကို လွယ်ပြီး သူတို့ကို စ,လယ်,ဆုံး လိုက် အကဲခတ်ကြည့်ရှုနေခဲ့သည်ကိုတော့ မည်သူမျှ မရိပ်မိသေးပါချေ။

■


www.burmeseclassic.com

www.burmeseclassic.com

❑ အချစ်သည်
အခွင့်အတန်း အားလုံးတို့ ဆုံမိရာ
ပလက်ဖောင်းတည်း။
(ဒဗလျူအက်စ်ဂီလီဘတ်)



www.burmeseclassic.com

www.burmeseclassic.com

# (Q)

သူ အရက်သောက်ရင်း သူမအကြောင်း တော်တော်များများကို တွေးတောနေမိသည်။ သူ့ကိုယ်သူလည်း ပြန်လည်သုံးသပ်နေမိ၏။

အခုရက်တွေမှာ သူမ သူ့အနားမှာရှိရင် ရင်ခုန်ချင်သလိုလို၊ ဘာလိုလိုလေး ဖြစ်နေတတ်တာကိုလည်း သူသိပါသည်။ အဲဒါ . . . အချစ်စိတ်ရဲ့အခြေခံအချက်တစ်ချက်များလား။

တစ်ယောက်တည်း တွေးပြီး သူမများ သူ့အတွေးစိတ်ကို သိနေမလားဟု တွေးမိပြီး မျက်နှာပူနေသေး၏။ ဟိုက နတ်သမီးမဟုတ်လား။

နောက် . . . သူမနှင့်ပတ်သက်သည့် ရာဇဝင်၊ ဒဏ္ဍာရီ စသည့် ရှေးဟောင်းစာအုပ်တွေကိုလည်း သူ ရှာဖွေဖတ်မိပါသေးသည်။ သူမကိုတော့ ပြောမပြမိသေး။

သို့နှင့် သူ အိမ်ပြန်လာခဲ့၏။ အိပ်ခန်းကိုရောက်တော့ အချိန်က ည (၉) နာရီ ထိုးတော့မည်။ သူ တံခါးခေါက်တော့ သူမက ချက်ချင်းဆို



www.burmeseclassic.com

www.burmeseclassic.com



သလို တံခါးလာဖွင့်ပေး၏။

သူမကိုတွေ့ပြီး သူ အရမ်းအံ့ဩသွားမိသည်။ လှလိုက်တဲ့ vampire မလေး။

လတ်လတ်ဆတ်ဆတ် သူဝယ်ပေးထားခဲ့သော အဝတ်အစား သစ်သစ်လွှင်လွှင်တွေကို အံချိုးကျကျဝတ်ထားပြီး လှချင်တိုင်း လှပြနေပါသည်။

ငါ . . . အရမ်းမူးသွားလို့ အာရုံထွေပြားသွားတာများလားဆိုပြီး သူ လက်နှစ်ဖက်နှင့် မျက်စိကိုပွတ်ပြီး နောက်တစ်ကြိမ် ထပ်ကြည့်မိသည်။ သူ့အာရုံတွေ မမှားပါ။ သူမက တကယ်ကို လှပနေပါ၏။

"ဝင်လေ ထင်ရှား၊ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ၊ ကျွန်မက ရှင့်ကို စောင့်နေတာ"

"ဩော် . . . အေး . . . ဒါနဲ့ ငါ့ကို ဘာလို့စောင့်နေတာလဲ"

"ရှင်ကလည်း မေ့တတ်လိုက်တာ၊ ရှင်ပဲ ရှင်နဲ့ အတူတူ ကျွန်မကို ထမင်းတစ်ပန်းကန် စားခိုင်းမယ်ဆို"

သူမ,ပြောပြမှ သူ့ကိုယ်သူ သတိထားမိသွားသည်။ ဟုတ်ပါရဲ့။ ငါ ဘာဖြစ်နေတာလဲ။ မရိုးသားသူမို့ထင် သူ့စိတ်မလုံဖြစ်နေမိ၏။ ထိုစဉ် သူမက နှာခေါင်းတရှုပ်ရှုပ်နှင့် လုပ်ပြီး . . .

"အဲဒါကြောင့် ကျွန်မ အနံ့ရပါတယ်လို့၊ ရှင်က ဆေးတွေသောက်လာတာကိုး"

"ဘယ်လို . . . ဘယ်လို"

သူမစကားကို ကြားပြီး သူပင် အမူးပြေချင်သွား၏။ သူ နားလည်အောင်လည်း ထပ်မေးလိုက်မိသည်။

"ငါ ဘာဆေးမှ သောက်မလာပါဘူး၊ အရက်ကလေး နည်းနည်း သောက်လာတာပါ"

"အင်းလေ . . . ကျွန်မကလည်း အဲဒါကိုပဲ ပြောတာလေ"



www.burmeseclassic.com

www.burmeseclassic.com


"မူးရတဲ့အထဲ မင်းက တစ်မျိုး၊ ငါ နားလည်အောင် ပြောစမ်းပါ"

သူမက စကားအသုံးမှာ 'ဝေါ့း' ဆိုတဲ့အထားနဲ့ မျက်စပစ်ပြီး ပြော၏။

"ရှင်ကလည်း စာတွေ ဖတ်တယ် ဖတ်တယ်နဲ့ ဒီဗဟုသုတလေး တောင် မသိဘူး၊ အရက်ဆိုတာ လူသားတွေအတွက် ဆေးဝါးတစ်မျိုးပဲ လေ"

"ဟင်!"

သူ ခေါင်းအတော်ကလေး ရှုပ်သွားပါသည်။ သို့ဖြင့် . . .

"ဟာ . . . vampire ကတော့ လုပ်ပြီ၊ အရက်သောက်လို့ မြန်မြန် သေတာပဲ ကြားဖူးတယ်၊ လူကို ဘာကောင်းကျိုးမှ ပေးတဲ့ဟာ မဟုတ်ဘူး စာဆိုတောင် ရှိသေးတယ်"

"ဘယ်လိုလဲ"

သို့နှင့် သူက 'သေရည်သေရက်သောက်စား၍ ရရှိတတ်သော အပြစ်ခြောက်ပါး' ကို ရွတ်ပြလိုက်၏။

"ဥစ္စာထုတ်ခြင်း . . . ငြင်းခုံများစွာ
ရောဂါထူပြော . . . ကျော်စောမဲ့တုံ
မလုံအင်္ဂါ . . . ပညာနည်းရှား
ဤခြောက်ပါးတဲ့ . . ."

"အဲဒါက တန်ဆေးလွန်ဘေးဆိုတဲ့ စကားပုံလိုပေါ့၊ သူတို့က ချွေးလိုဝက်လို အမြဲတမ်းစားသောက်နေကြတာကိုး၊ ရှင်က သူတို့ကို အမြဲ တမ်း သောက်နေတဲ့ အရက်သမားမှ မဟုတ်ဘဲ၊ တစ်ခါတစ်ရံ သောက် တာမဟုတ်လား၊ လွန်လွန်ကျွံကျွံမဟုတ်တဲ့အတွက် ဆေးလို့ ပြောလိုက်တယ် ဒီမှာ မြန်မာစာဆိုတွေအရ အရက်မှာ အပြစ် (၆) ပါးရှိတယ်၊ အဲ . . . ဂျပန်စာဆိုတွေအရတော့ အရက်မှာ အကျိုး (၁၀) ပါးတောင် ရှိတယ်"


www.burmeseclassic.com

www.burmeseclassic.com


ဘုရား ... ဘုရား။ သူမနှင့်တော့ သူ ရှုံးချင်ပါသည်။ သို့ပေမယ့် သူ စကားထောက်ပေးလိုက်ပါ၏။

"ဟာ ... လုပ်စမ်းပါဦး"

"အင်း ... ရှင့်အခန်းထဲက ဂျာနယ်အဟောင်းတစ်ခုထဲမှာပါတယ်၊ ခေါင်းစဥ်က 'အရက်နှင့်ကျန်းမာရေး' တဲ့။ ကမ္ဘာပေါ်မှာ နိုင်ငံတွေအလိုက် အသက်ရှည်ဆုံးသော နိုင်ငံတွေကို စစ်တမ်းကောက်ကြည့်တော့ ဂျပန်နိုင်ငံက အသက်အရှည်ဆုံးပဲတဲ့၊ အဲ ... အရက်အသောက်ဆုံးနိုင်ငံကလည်း ဂျပန်ပဲတဲ့"

"အင်း"

သူ နည်းနည်းစိတ်ဝင်စားသွားသည်။ အမူးလည်း ပြေချင်ချင် ဖြစ်သွားသည်။

"အမေရိကန်နိုင်ငံက တစ်နှစ်မှာ အရက်ကို ကီလိုမီတာ (၂) သန်းလောက် သောက်နိုင်တဲ့အချိန်မှာ ဂျပန်နိုင်ငံက (၇) သန်းအထိ သောက်နေကြတယ်လို့ ဖတ်လိုက်ရတယ်" ဟု အစချီကာ သူမက အရက်အကျိုး (၁၀) မျိုးကို အောက်ပါအတိုင်း ရွတ်ပြ၏။

(1) A friend for those who live alone (အထီးကျန်နေသူအတွက် သူချင်းကောင်း)

(2) Adisperser of sorrow (ပူဆွေးဝမ်းနည်းခြင်းကို လျော့ပါးစေတဲ့ အရာ)

(3) A social leveler (လူနေမှုအဆင့်တန်းကို ညီမျှစေသူ)

(4) A meal for traveler (ခရီးပန်းသူများအတွက် အကောင်းဆုံး ဟင်းတစ်ခွက်)

(5) A harmanizer of all men (လူအားလုံးကို မျှတညီညွတ်စေသူ)

(6) A relief from work (အလုပ်ပင်ပန်းမှုကို ပြေပျောက်စေသူ)



www.burmeseclassic.com

www.burmeseclassic.com



(7) A convenient excuse to visit without invitation (ခွင့်မတောင်းဘဲ လည်ပတ်နိုင်ခွင့်)

(8) An overcoat against the cold (အအေးဓာတ်ကို ကာကွယ်ပေးတဲ့ အနွေးထည်)

(9) A prolonger of life (လူ့အသက်ကို ရှည်စေနိုင်သူ)

(10) The Best Medicine (အကောင်းဆုံး ဆေးဝါး)

"ဒါပေမဲ့ ရှင် ဒီစကားပုံလေးကိုလည်း မှတ်ထားပေပါ၊ မဟုတ်ရင် ရှင် အရက်သမားကြီးဖြစ်သွားလိမ့်မယ်၊ အစရှိ နောက်နောင် ဆိုသလိုပေါ့"

One should drink sake, not be drunk by it.

(အရက်ကို သောက်သင့်သည်။ သို့သော် လူကို အရက်က ပြန်သောက်မသွားပါစေနှင့်)။

သူ အတော်ကလေး ဖြုံသွားသည်။ သို့ပေမယ့် ယောကျ်ားပီပီ အလွယ်တကူတော့ အညံ့မခံချင်ပါ။

"မင်း သိပ်သိ၊ သိပ်တတ်နေတာလား။ ကိုယ့်ကိုယ်ကိုယ်ရော ဘယ်က လာတယ်ဆိုတာကို သိရဲ့လား"

သူမ မျက်ခုံးလေးနှစ်ခု ထိလုလု အနေအထားအထိ တွန့်ကွေးသွားသည်။ ပြီးမှ ...

"အို ... ကျွန်မက မြေနုတ်သမီးလေး ဂျီယာလေ၊ နတ်နန်းက လာတာပေါ့"

သူ ပြုံးလိုက်ပြီး အောင်နိုင်သူတစ်ယောက်လို ပိုင်ပိုင်ကြီး ပြောပြလိုက်၏။

"မင်းနာမည်၊ မင်းပြောပြတဲ့ ဒဏ္ဍာရီနဲ့ ပတ်သက်ပြီး စာအုပ်တွေ ငါ ရှာဖတ်တယ်၊ Internet မှာလည်း ရှာတယ်၊ နောက်ဆုံးတော့ မင်းဟာ ဘယ်ဒဏ္ဍာရီက ဆင်းသက်လာတယ်ဆိုတာကို ငါ သိပြီးပြီ"

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


"တကယ် . . . ဒါဆို ပြောပြလေ ထင်ရှား"

သူ ခပ်ညစ်ညစ် ပြုံးလိုက်သေးသည်။ ပြီးမှ . . .

"ဟွန်း! . . . ပြောတော့ လူက အသက်ဖြင့် (၃၀၀၀) ကျော်နေပြီ ကိုယ်က ဘယ်ရာဇဝင်က နတ်ဆိုတာတောင် မသိဘူး"

သူမက သူ့ကို နှုတ်ခမ်းစူပြသည်။ မျက်စောင်းထိုးကြည့်သည်။ စိတ်ကောက်ပုံကို ပြ၏။ သို့သော် သူမ လှနေပါသည်။ နှုတ်ခမ်းစူနေလည်း လှသည်။ မျက်စောင်းထိုးလည်း လှ၏။

စိတ်ကောက်နေသော နတ်သမီးလေးကို သူ ပြုံးပြလိုက်ပြီး . . .

"တကယ်တော့ မင်းက ဂရိဒဏ္ဍာရီက လာတာပဲ"

"ဂရိ . . . ဘာလဲဟင် ဂရိ"

"ဂရိဆိုတာ ဂရိလူမျိုးတွေ နေထိုင်တဲ့ ဂရိနိုင်ငံပေါ့၊ အခု ငါတို့တွေ ရေးဖတ်အသုံးပြုနေတဲ့ စကားလုံးတွေကို ပထမဆုံး ရှာဖွေတီထွင်နိုင်ခဲ့သူတွေပေါ့ဟာ၊ ဒါပေမဲ့ vampire လေး"

သူမက သူ့စကားကို ငုံ့လင့်နားစွင့်နေ၏။

သူ ပြောသင့်,မပြောသင့် စဉ်းစားနေ၏။ နောက်တော့ သူ ပြောဖြစ်လိုက်ပါသည်။

"vampire မလေး"

"ဟင် . . . ပြောလေ"

"မင်း ငါ့ကို တစ်ခုခုလိမ်ညာထားတာရှိလား"

"ဘာကိုလဲ"

သူမ နားမလည်သလို ပြန်မေး၏။

"မင်းဘဝ အကြောင်းအရာတွေမှာပေါ့"

"ဟင့်အင်း မရှိပါဘူး။ ထင်ရှားကို ကျွန်မ ဘာတစ်ခုမှ ညာမထားပါဘူး။ ဒါနဲ့ ဘာဖြစ်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


သူ သက်ပြင်းချလိုက်သည်။ သည်စကားပြောဖို့အတွက်လည်း သူ့ရင်ထဲမှာ ဝမ်းနည်းလစ်ဟာသွားသလို ခံစားလိုက်ရ၏။

"ဘာမှတော့ မဖြစ်ပါဘူး၊ Internet က ဂရိရာဇဝင်မှာ မင်းပြော ပြတာနဲ့ အကြောင်းအရာက ကွဲလွဲနေလို့၊ ဒီမှာ ငါ ပြမယ်"

သူ စားပွဲပေါ်က ပန်းသီးတစ်လုံးကို ကြွက်ကိုက်သွားပုံရသော အမှတ်တံဆိပ် Laptop ကို ဖွင့်လိုက်သည်။

"Internet က ဂရိဒဏ္ဍာရီထဲမှာ မင်းက ယူရေးနပ်စ်နဲ့ လက်ထ တယ်လို့ ရေးထားတာ တွေ့လို့ပါ"

သူမ Screen ပေါ်က ဒဏ္ဍာရီကို အပြေးအလွှားဖတ်လိုက်၏ နောက် ...

"မဟုတ်ဘူး၊ ရှင်တို့ လူသားတွေအထင်နဲ့ ရမ်းရေးထားကြတာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဒဏ္ဍာရီက အဲလိုမဟုတ်ဘူး၊ ကျွန်မစကားကို ယုံ အကြောင်းအရာ အတော်များများ မှန်နေပေမယ့် အဲဒီ့အချက်ကတော့ လုံး မှားနေတယ်၊ အကယ်၍ ကျွန်မသာ သူ့ကို အသာတကြည်နဲ့ လက်ထ ခဲ့လိုက်ရင် ပန်းချီကားထဲမှာ ကျိန်စာမိခံနေစရာ မလိုအပ်သလို၊ အခု ရှင်နဲ့ အတူ ရှိနေစရာလည်း မလိုဘူးလေ၊ ပြီးတော့ ကျွန်မ သူ့ကိုလည် မချစ်ဘူး"

သူမ ပြောပြတာကို သူလက်ခံပါသည်။ ဒဏ္ဍာရီ/ပုံပြင်/ရာဇဝင်/ သမိုင်းတွေတိုင်းဟာ အရာရာ အမှန်တရား မဖြစ်နိုင်တာကို သူ ယုံကြည် ထားသည်။ ဒဏ္ဍာရီတွေ သမိုင်းတွေရဲ့ နောက်ကွယ်မှာ ဘယ်သူမှ မသိ လိုက် သတိမပြုမိလိုက်တဲ့ ခြွင်းချက်တွေ၊ မြှုပ်ကွက်တွေ ရှိကောင်းရှိ နိုင်သည်ပဲ။

သို့သော် သူ နားမလည်နိုင်သည်က သည်ဘာမဟုတ်တဲ့ ပြဿနာ လေးကို သူမက ဘာကြောင့် ဤမျှ ရှင်းပြဖြေရှင်းနေရပါသနည်း။ သူလည်း


www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်း၏အဓိပ္ပာယ်ကို ဘာသာမပြန်တတ်ခဲ့ပါ။

ထို့ညက သူမ ထမင်းတစ်ပန်းကို ပထမဆုံး ကုန်စင်အောင် စားခဲ့၏။ အတင်းကြိတ်မှိတ် မျိုချနေရရှာသည်။ သူမကိုကြည့်ပြီး သူ စိတ်မကောင်းလည်း ဖြစ်နေမိသည်။

ဘာလို့များ ဒီလောက် ဒုက္ခခံပြီး လူတစ်ယောက်ဖြစ်ချင်နေရတာလဲ vampire မလေးရယ်။

သူ အိပ်လို့မပျော်နိုင်ပါ။ မျက်လုံးနှစ်ဖက်ကို ပိတ်ထားမိပေမယ့် ထူးဆန်းသော အတွေးရိုင်းတို့က သူ့အာရုံကို ဆွဲခေါ်နေ၏။ ထိုစဉ် ထူးဆန်းလှသော ဆန့်ကျင်ဘက်လိင်တစ်ယောက်၏ အထိအတွေ့အစိမ်းကြောင့် သူ အသက်ရှူမှားသွားရသည်။

ဟုတ်ပါသည်။ သူမ ... ဂိုင်ယာ (gaea) (ခေါ်) vampire မလေးပင် ဖြစ်၏။ ထင်ရှား အိပ်ပျော်နေပြီအထင်နှင့် ထင်ရှားရင်ဘတ်ပေါ်ကို သူမပါးကလေးအပ်ကာ အသာမှေးစက်နေ၏။

သူ အံ့သြစိတ်နှင့်အတူ တုတ်တုတ်မျှပင် မလှုပ်ရဲပါ။ ဆူညံပွက်လောရိုက်နေသည့် ရင်ခုန်သံကိုတော့ သူ့မှာ တားဆီးနိုင်ခွင့်မရှိခဲ့။

"ထင်ရှားရယ် ... ရှင်တို့လို လူသားတစ်ယောက် ကျွန်မ သိပ်ဖြစ်ချင်တာပဲ၊ ပြီးတော့ ကျွန်မလေ ရှင်နဲ့အတူတူနေရတာကို ပျော်တယ်၊ ကျွန်မ ရှင် စိတ်ဆင်းရဲမှာစိုးလို့ ပြောမပြခဲ့တာပါ၊ တကယ်တော့ ရှင့်ကိုယ်ထဲက ကျွန်မရဲ့ နတ်အမြုတေနဲ့ ဝေးနေရင်လေ ကျွန်မမှာ ပင်ပန်းတယ်၊ ဘာကိုပဲလုပ်လုပ် ချွေးတွေထွက်တယ်၊ အသက်ရှူရတာ ကျပ်တယ်၊ ဒါတွေ ရှင် မသိပါဘူး ထင်ရှားရယ်"

သူ အသာနားထောင်နေမိသည်။ သူမ သူ့ကို သိုင်းဖက်ခဲ့စဉ်က သူ တွန်းဖယ်ပစ်ခဲ့မိတာကိုလည်း နောင်တရနေမိ၏။

"ရှင်ကတော့ ကျွန်မကို အထင်သေးချင် သေးနေလိမ့်မယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်အနားကို ကပ်ကပ်နေခဲ့တာကိုပေါ့၊ တကယ်တော့ ရှင် အပြင်သွားရင် ကျွန်မ နေသာထိုင်သာ ရှိအောင်လို့ ရှင့်ကိုယ်ထဲက အမြုတေနဲ့ နီးကပ်အောင် ကျွန်မ ရှင့်ကို ဖက်တွယ်နေမိတာပါ၊ အခုလည်း ရှင်မသိအောင် ရှင့်ရင်ခွင်ထဲကိုဝင်ပြီး အမြုတေနဲ့ တစ်သားတည်းဖြစ်အောင် ဒီလိုပြုမူနေမိတာပါ၊ ကျွန်မကို နားလည်ခွင့်လွှတ်ပေးပါ ထင်ရှားရယ်''

သူ ... သူမကို သနားသွားမိ၏။ သို့ကြောင့် ...

''မင်း ... တော်တော်ဆိုးတာပဲကွာ''

''ဟင် ... ရှင် ... ရှင် ... မအိပ်သေးဘူးလား''

သူ ခေါင်းယမ်းပြတော့ သူမ ရှက်အားပိုသွား၏။ မျက်နှာကလေး ရဲတင်းသွား၏။

''ဒါ ... ဒါဆို ကျွန်မပြောတာတွေ ရှင် အကုန်ကြားတယ်ပေါ့''

''အင်း''

''...''

သူမ နှုတ်ဆိတ်သွား၏။ ထိုစဉ် ထင်ရှားက သူမကို တင်းတင်းကျပ်ကျပ်ကလေး ဆွဲပွေ့ထားလိုက်သည်။

''အို ... ရှင် ... ရှင် ဒါဘာလုပ်တာလဲ၊ ဖယ်ပါ''

''စေတနာနဲ့ပါ vampire လေးရယ်၊ အမြုတေနဲ့ ပိုနီးကပ်သွားတာပေါ့''

မချိုမချဉ်လေသံနှင့် သူကပြောတော့ သူမက မျက်စောင်းတစ်ချက်ထိုးပြီး ...

''ရှင် ... မယုတ်မာနဲ့နော်''

''အမယ်လေး မလုပ်ရဲပါဘူးဗျာ၊ ကိုယ်က ပျားအထီးတွေလောက်လည်း သတ္တိမရှိပါဘူး''

''ရှင် ဘာတွေပြောနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com


နားလည်ပုံမရတဲ့ သူမကို စိတ်ရှည်လက်ရှည် ပြောပြလိုက်၏။

"ဒီလိုလေကွာ၊ ပျားအုံတစ်အုံမှာ ပျားဘုရင်မတစ်ကောင်နဲ့ (လုပ်သားပျား) ပျားအထီးတွေ အများကြီး ရှိတယ်လေ၊ အဲ ... ပျားအထီးတစ်ကောင်က ပျားဘုရင်မနဲ့ ချစ်ကြိုက်ပြီး ချစ်ပွဲဝင်ကြတယ်ဆိုရင် ပြီးတာနဲ့ ပျားထီးက သေပေးရတယ်လေ၊ အဓိပ္ပာယ်က အခု ကိုယ်လည်း မင်းကို ချစ် ... ချစ်"

"ဟာ ထင်ရှား ... ဘာတွေ လာပြောနေတာလဲ"

နတ်သမီးလေး ရှက်ရွံ့နေပုံကို သူ တစိမ့်စိမ့်ကြည့်နေမိသည်။

မင်း သိပ်လှတယ်ကွာ။

"ကိုယ်ပြောရင် မင်း ယုံမလားတော့ မသိဘူး။ ကိုယ်လေ ... မင်းကို မဖြစ်နိုင်မှန်း သိသိလျက်နဲ့ အရမ်းချစ်နေမိပြီ vampire မလေးရယ်"

"..."

သူမ ခေါင်းငုံ့သွား၏။

"ကိုယ့်ကိုရော ... ချစ်နိုင်မလား၊ ဖြေပေးပါကွာ"

"ကျွန်မ ရှင့်မိဘတွေရဲ့ထင်မြင်ချက်ကို ဘာကြောင့် မငြင်းဆန်ခဲ့တယ်ဆိုတာကို ရှင် တကယ်ပဲ မရိပ်မခဲ့ဘူးလားဟင်၊ ကျွန်မလေ ရှင့်ကို ချစ်လွန်းလို့ ကျွန်မအသက်ကိုတောင် မငဲ့ဘဲ ယုံယုံကြည်ကြည်နဲ့ ရှင့်ကိုယ်ထဲကို နတ်အမြုတေ ထည့်ပေးခဲ့တာပါ၊ ကျွန်မ အခု ဘာလို့ဒုက္ခခံပြီး လူဖြစ်ချင်တာလဲ ရှင်သိလား"

"..."

"ရှင့်ကို သိပ်ချစ်မိလို့ပါ"

"ဩော် ... ကောင်မလေးရယ်"

သူမကို ပိုမိုတင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။

"ကျွန်မကို ဘယ်တော့မှ ခွဲမသွားပါနဲ့နော်၊ ရှင်တို့မိန်းမရောဗင်


www.burmeseclassic.com

www.burmeseclassic.com



တွေထဲက ဒွေးမယ်နော် နတ်သမီးလေးနဲ့ သုစနုမင်းသားလေးတို့ကို သိပ် အားကျတာပဲ၊ သူတို့လည်း လူသားနဲ့ နတ်သမီးလေးတို့ ချစ်ဇာတ်လမ်းပဲ လေ''

''အင်း ... ဟုတ်တယ်နော်၊ ကိုယ်လည်း ခုမှ တွေးလိုက်မိတယ်၊ စိတ်ချစမ်းပါ vampire လေးရယ်၊ ကိုယ့်အချစ်ကလည်း သူတို့ထက် မနိမ့်ကျပါဘူးကွာ၊ တကယ်လို့ မင်း ကိုယ့်ကို ငြီးငွေ့သွားလို့ မင်း ဌာနေကို ပြန်ချင်တယ်ဆိုရင်တောင် မင်း စိတ်ချမ်းသာဖို့အတွက် ကိုယ့်အသက် အသေခံပြီး အမြဲတေ ပေးလိုက်ဖို့ ဆုံးဖြတ်ထားခဲ့သူပါကွာ''

သူမက သူ့မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကိုင်တွယ်ရင်း နူးညံ့စွာ ငေးကြည့်နေ၏။

''ရှင့်ကို ကျွန်မ ဘယ်တော့မှ ထားမသွားပါဘူး၊ ကျွန်မက ရှင့်ကို လူသားတွေလို ပျော်ရွှင်တဲ့မိသားစုလေးတစ်ခု ပိုင်ဆိုင်ချင်ခဲ့တာလေ၊ ဒါပေမဲ့ ... ကျွန်မက လူသားတစ်ယောက်နဲ့ ပေါင်းဖက်လို့မှ မရတာ၊ တစ်နေ့နေ့မှာ ... ရှင် စိတ်ပျက်ပြီး ကျွန်မကို စွန့်ခွာသွားမှာကိုပဲ ကျွန်မ အကြောက်ဆုံးပဲ''

''ဒီမယ် ... အချစ်ဆိုတာ ကာမ,ပါမှ အရာမြောက်တာ မဟုတ်ပါဘူး၊ ကိုယ် မင်းကိုချစ်တယ်ဆိုတာ အညှီအဟောက်တွေမပါတဲ့ အဖြူရောင်ဆန္ဒတစ်ခုတည်းနဲ့ပါ၊ စိတ်ချ ... ကိုယ် မင်းကို ဘယ်တော့မှ ထားမသွားဘူး''

''ကျေးဇူးတင်လိုက်တာ ထင်ရှားရယ်၊ ကျွန်မ ရှင့်ကို အရမ်းချစ်တာပဲရှင်''

ထိုညက ချစ်သူနှစ်ဦး အတူအိပ်ဖြစ်ကြ၏။

ဝမ်းနည်း၍လား ပျော်ရွှင်၍လား မသိပါ။ ထိုညက သူမပယောဂဖြင့် မိုးတွေ ရွာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် လူသားတစ်ဦးနှင့် နတ်သမီးလေးတစ်ပါးတို့သည် အလွန်တရာ မွန်မြတ်သန့်စင်လှသော ချစ်ခြင်းများစွာဖြင့် ညတစ်ညကို အတူတကွ အိပ်စက်ဖြတ်သန်းခဲ့ဖူးလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

❑ အချစ်သည်
ဆင်းရဲလေလေ ထက်သန်လေလေ ဖြစ်နေသည်မှာ
မှတ်တာဖြစ်လေသည်။

(ပီမိုးနင်း)



www.burmeseclassic.com

www.burmeseclassic.com

# (R)

သည်ကနေ့သည် ထင်ရှား ပထမဆုံး အလုပ်ပြန်ဝင်သောနေ့ ဖြစ်သည်။

ရိုက်ကွင်းပေါ်တွင် ဦးဒီနှင့်အတူ ထင်ရှား အလုပ်ရှုပ်နေပါသည်။ သို့သော် စိတ်က မဖြောင့်။ သူမကို တစ်ယောက်တည်း ထားပစ်ခဲ့ရသည်ကို စိတ်က မချ။ သူမကတော့ ပြောပါသည်။

လူသားစစ်စစ်တစ်ယောက်ဖြစ်လာအောင် မည်သို့ကျင့်ကြံရမည်ကို သူမ မသိပေမယ့် ကြိုးစားလုပ်ယူသွားမည်ဖြစ်ကြောင်းနှင့် ထင်ရှားကိုလည်း စိတ်ချလက်ချ အလုပ်ကိုသွားဖို့ အားပေးထား၏။

သူလည်း အလုပ်သွားကာနီး သူမ တစ်ယောက်တည်း နေလို့ အဆင်ပြေအောင် အချိန်နာရီဝက်ခန့် သူမကို ပူးကပ်ပွဲ့ဖက်ထားခဲ့ပါသည်။ နောက် . . . သူမ တစ်ယောက်တည်း မပျင်းရအောင် Internet အသုံးပြုပုံကို လည်း သင်ပြပေးထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမက သင်လွယ် တတ်လွယ်သူမို့ ခဏချင်း သုံးတတ်သွားသည်။ ယခုတော့ သူ့အလုပ်ကို မနည်းကြိုး အာရုံစူးစိုက်လုပ်နေရ၏။

●

သူမတစ်ယောက်တည်း ရှိနေသည့် တိုက်ခန်းအဝတွင်ကား ...

လူငယ်တစ်ယောက် မတ်တတ်ရပ်နေ၏။ လှုပ်ခတ်ရုန်းကြွနေသည့် Adidas တံဆိပ် ဘေးလွယ်အိတ်ကိုလည်း လက်တစ်ဖက်ဖြင့် ဖိထား၏။

လူငယ်လေးက သူမတို့ တိုက်ခန်းတံခါးကို ခေါက်လိုက်သည်။

'ဒေါက် .. ဒေါက် .. ဒေါက်'

Internet အသုံးပြုနေသည့် သူမက ထင်ရှား ပြန်လာတာ စော လှချည်လားဟု တွေးကာ တံခါးဖွင့်ပေးလိုက်၏။

စူးရှတောက်ပလှသော မျက်ဝန်းပိုင်ရှင် လူငယ်လေးကို သူမ မြင်တွေ့သွားချိန်မှာတော့ ...

"ဟင် ... ပိုက်သွန် ... ရှင် ... ရှင် ပိုက်သွန်"

"ငါ ... မင်းကို ဒုတိယအကြိမ် ပြန်ရှာတွေ့ပြီ ဂျီယာ"

"သွား ... သွား ... ရှင်မလာနဲ့၊ အထဲကို မဝင်ခဲ့နဲ့"

သူမ သွေးပျက်ချောက်ချားစွာ အော်ဟစ်တားဆီးနေခဲ့ပေမယ့် လူငယ်လေးကတော့ အခန်းတံခါးကို 'ဂျိမ်း' ခနဲနေအောင် ပိတ်ပစ်လိုက်ကာ ဝင်ရောက်နေပြီ ဖြစ်နေလေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ‥ ဖြော ဖြော ‥ ဂျိမ်း'

ရိုက်ကွင်းပြန်မစခင် မိုးသံလေသံတို့ကို သူ ကြားနေရ၏။ ဦးဒီက …

"အံကိုက်ပဲ ထင်ရှားရေ၊ ကင်မရာမင်းနဲ့ အက်တာတွေကို အဆင်သင့်လုပ်နိုင်းလိုက်တော့၊ ဒီ scene မှာ မိုးအတုရွာရိုက်ဖို့ လုပ်ထားတာ၊ ပုံစံက မိုးသဲမယ့်ပုံပဲ၊ ပိုကောင်းတာပေါ့ကွာ"

"ဗျာ"

သူ ကောင်းကင်ကို မော့ကြည့်မိတော့ ချက်ချင်းဆိုသလို မိုးသားတွေနဲ့ မည်းမှောင်လာနေ၏။

"ဗျာမနေနဲ့၊ ဒီ scene က အရေးကြီးတယ်၊ မိုးစက်တွေထဲမှာ ဘယ်လောက်လှမလဲ၊ ဟာ … ဟော့ကောင် ထင်ရှား၊ ဒါ … ဘယ်လဲ … ဟာ"

သူ ဦးဒီကိုပင် ဘာမှမပြောဖြစ်ဘဲ ရိုက်ကွင်းပေါ်မှ ပြေးထွက်ခဲ့၏။ နောက် … Taxi တစ်စီးကို ငှားပြီး တိုက်ခန်းကို အမြန်မောင်းနိုင်းလိုက်၏။

မိုးတွေကလည်း သဲထန်လာသည်။ အရေးထဲ အရာတွေ့ဆိုသလို မြို့ပြတို့ ဓမ္မသတ်အတိုင်း ယာဉ်ကြောခပ်ရှုပ်ရှုပ်မှာ မီးပွိုင့်မိနေပြန်၏။

သူမ ဘာဖြစ်လို့လဲ။

သူမ ငိုနေတာလား။

'ဂျိမ်း!'

မိုးက အငြိုးတကြီးပင် ရွာသွန်းပြနေ၏။

ဘာများဖြစ်နေလဲ vampire လေး။ ကိုယ် မင်းဆီကို လာနေပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရယ် တိတ်ပါတော့။

လမ်းမကြီးတစ်ခုလုံးမှာတော့ မီးစက်တွေ ဖွေးဖွေးလှုပ်နေလေတော့ ၏။

■



www.burmeseclassic.com

www.burmeseclassic.com

❑ Love is the beauty of the soul.

(စိန့်ဩဂတ်စတင်း)



www.burmeseclassic.com

www.burmeseclassic.com

# (၆)

သူ ... တိုက်ခန်းလှေကားထစ်တွေကို ပြေးလွှားတက်လိုက်ပြီး အခန်းတံခါးကို အလျင်စလိုပင် ဆွဲဖွင့်လိုက်၏။ မြင်ကွင်းက မလှပ။

သူမက ခုံတစ်လုံးပေါ်မှာ ဝမ်းနည်းပက်လက် ငိုကြွေးနေ၏။ ဘေး နားမှာတော့ သူ တစ်ကြိမ်တစ်ခါမှ မသိကျွမ်းခဲ့ဖူးသည့် လူငယ်တစ်ယော

အနေအထားအရ သူ အခြေအနေကို သဘောပေါက်ပြီး ဒေါ ထွက်လာခဲ့သည်။

"မင်း ... ဘယ်ကကောင်လဲ၊ ငါ့အခန်းထဲကို ဘာလာလုပ် လဲ"

"ဟင် ... ထင်ရှား ... အဟင့်ဟင့်"

သူမ မျက်ရည်စက်က သူ့ဒေါသကို မြှောက်ပင့်ပေးသလိုဖြစ် ခဲ့၏။ သူ ... ထိုလူငယ်လေးကို ပြေးထိုးလိုက်သည်။

"မင်း ... လူယုတ်မာကောင်၊ ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...။

သူ့လက်သီး မမြှောက်တက်မီမှာပင် ... ထိုလူငယ်က စူးရှတဲ့ အကြည့်တစ်ခုနှင့် ပစ်ပေါက်လိုက်၏။ အရုပ်ကြိုးပြတ် သူ ပစ်ကျသွားသည်။

"ပိုက်သွန် ... နင် သူ့ကို မလုပ်နဲ့"

သူမ သူ့ကို ပွေ့ထူလိုက်ပြီး ...

"ထင်ရှား ... ရှင် သူ့ကို မယှဉ်နိုင်ဘူးလေ ... သူက"

လူငယ်လေးက သူ့ကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး ...

"ဩော် ... ဒီကောင်က မင်း အမြုတေ ထည့်ပေးထားတယ်ဆို တဲ့ ထင်ရှားကိုး၊ မင်းရောက်လာတာ အတော်ပဲ၊ ကဲ ဂျီယာ ... မင်း အမြုတေကို မင်း ပြန်ယူပြီး ငါနဲ့ ပြန်လိုက်ခဲ့တော့၊ မယ်တော်ကြီး မင်းကို မျှော်နေပြီ"

"ဟင့်အင်း ... ကျွန်မ ပြန်မလိုက်နိုင်ဘူး၊ အမြုတေ ပြန်ယူ လိုက်ရင် သူ သေသွားမှာပေါ့"

"သူက သေပြီးသားပဲ ဂျီယာရယ်၊ မထူးဆန်းတော့ပါဘူး"

သူမ ဒဏ္ဍာရီကို သူ သတိရမိသွား၏။ အခြေအနေကိုလည်း သူ နားလည်သွားမိသည်။

"ဒါ ... ဒါဆိုးသူ... သူက မင်းကို လိုက်ရှာနေတဲ့ နတ်ဓားကိုင် ပိုက်သွန်ပေါ့"

သူမ ခေါင်းညိတ်ပြတော့ သူ့နှလုံးသားကို စုံညှပ်ကိုင်ဆုပ်ပစ် လိုက်သလို ဆို့ဆို့နစ်နစ်ကြီး ခံစားလိုက်ရသည်။ ပိုက်သွန်ကတော့ adidas ဒီဆိုင်လွယ်အိတ်ထဲမှ လှုပ်ခတ်နေသည့် နတ်ဓားကို ထုတ်ကိုင်လိုက်၏။

ဒဏ္ဍာရီအလို ... ကံကြမ္မာအလိုက ဘယ်လိုတဲ့လဲ ...။

"ငါ ... သူ့ကို အရမ်းချစ်တယ် ပိုက်သွန်၊ ငါ မလိုက်ခဲ့ပါရစေနဲ့ တောင်းပန်ပါတယ် ပိုက်သွန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com


"မယ်တော်ကြီးအမိန့်ကို ဘယ်သူမှ မလွန်ဆန်ဝံ့ဘူး ဂျီယာ"

"နင်မှ အချစ်ကို နားမလည်တာ၊ မခံစားတတ်တာ၊ ငါ ယူဒေး နပ်(စ်) ကို လက်မထပ်နိုင်ဘူး၊ ငါ ထင်ရှားကိုပဲ ချစ်တယ် ပိုက်သွန် အေး ... နင်က အမိန့်အတိုင်း ငါ့ကို အတင်းခေါ်မယ်ဆိုရင်တော့ နင့်အိတ် ထဲက နတ်စားနဲ့ ငါ့ရင်ဝကို တည့်တည့်သာ ထိုးသတ်လိုက်တော့၊ ငါ အသက်ရှင်နေသ၍ ထင်ရှားအနားက ဘယ်မှမသွားဘူး ပိုက်သွန်"

"ဂျီယာ ... မင်းမေ့သွားပြီလား၊ ငါတို့တွေက လူသားတွေနဲ့ ပေါင်းဖက်လို့ မရဘူးဆိုတာလေ"

"ငါတို့နှစ်ယောက်အချစ်က နင်တို့ထင်သလို မဟုတ်ဘူး ပိုက်သွန် ငါတို့နှစ်ယောက်က တစ်ယောက်အနားမှာ တစ်ယောက်ရှိနေပေးပြီး တစ် ယောက်မျက်နှာကို တစ်ယောက်မြင်နေရရင် ပြီးပြည့်စုံနေတဲ့ အချစ်မျိုးပါ"

သူမ စကားတွေအရမှာပင် သူ သေပျော်သွား၏။ သို့ဖြင့် ...

"ဂျီယာ ... မင်း ဒုက္ခတွေ့နေလိမ့်မယ်၊ ငါ့ဆီက အမြဲတော်ကိုယူ ပြီး မင်း ပြန်လိုက်သွားပါ။ ကိုယ် ကျေနပ်ပါတယ်ကွာ၊ ကိုယ်တို့တွေ သိ ချစ်ခဲ့ပါတယ်ဆိုတဲ့ အကြောင်းကို ဘဝဆက်တိုင်း ကိုယ် မှတ်သားထားမှာပါ ကိုယ် နောက်ဆုံး ပြောခဲ့ပါရစေ၊ ကိုယ် မင်းကို သေမတတ်ချစ်တယ်"

"ဟင့်အင်း ... ရှင် မသေရဘူး ထင်ရှား၊ ရှင် မသေရဘူး"

မိုးကလည်း နှစ်ဆပြင်းထန်လာ၏။

ပိုက်သွန်ဆိုသူမှာလည်း သူတို့နှစ်ယောက်အဖြစ်ကိုကြည့်ပြီး စိတ် မကောင်းဖြစ်နေမိသည်။ အထူးသဖြင့် သူမကိုကြည့်ပြီး ပြင်းရှနာကျင်စွာ ခံစားနေရ၏။

ဘယ်ပုဂ္ဂိုလ်မှ မိမိချစ်နှစ်သက်ရသူကို စိတ်မဆင်းရဲ မခံစားစေချင် ပါ။

တကယ်ဆို ... ပိုက်သွန်ကလည်း (ဂျီယာ) သူမကို ဟိုးနှစ်ပေါင်း


www.burmeseclassic.com

www.burmeseclassic.com



(၃၀၀၀) ကျော်ကတည်းက တစ်ဖက်သတ် မြတ်နိုးစွဲလမ်းခဲ့ရသူ မဟုတ်ပါ လား။

ပိုက်သွန်စိတ်တွေ ထွေပြားနေ၏။ မည်သို့ ဆုံးဖြတ်ရမည်မသိတော့။

"ပိုက်သွန် ... ငါတို့နှစ်ယောက်လုံးကိုသာ နှတ်ဓားနဲ့ ထိုးသတ် လိုက်ပါတော့ဟာ"

သူ ... သူမကို တင်းကျပ်သိပ်သည်းစွာ ပွေ့ဖက်ထားမိ၏။ အချိန် (၅) မိနစ်ခန့်ကြာမှ ပိုက်သွန်က စကားစလာခဲ့၏။

"ငါ ... မင်းတို့နှစ်ယောက်လုံးအတွက် နောက်ဆုံးအခွင့်အရေး တစ်ခုပေးမယ်"

သူရော သူမပါ ပိုက်သွန်ကို မော့ကြည့်မိသည်။ ပိုက်သွန်က-

"ဟုတ်တယ်၊ ဒါကလည်း နင်သိပါတယ် ဂျီယာ၊ ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာကိုပေါ့။ အဲဒါကြောင့်လည်း ငါ အခွင့်အရေး ပေးတာပါ"

"ဘယ်လိုမျိုးလဲ"

သူ အလောတကော မေးလိုက်မိ၏။

"အဲဒါကတော့ ဂျီယာ လူဖြစ်စေမယ့် အခွင့်အရေးပဲ"

"တကယ်"

သူမ အတော် အားတက်သွားပုံရ၏။

"ဟုတ်တယ်"

"ဒါဆို ပြောပြလေ၊ ငါ လူအစစ်တစ်ယောက်ဖြစ်အောင် ဘယ်လို သုပ်ရမှာလဲ"

သူ အာရုံစိုက် နားထောင်နေမိသည်။ ပိုက်သွန်ကလည်း ဆုံးဖြတ် ချက် ချပြီးပုံဖြင့် ...

"လူသားတစ်ယောက်ယောက်ဆီက မျက်ရည် (၇) စက်တိတိ



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုယ်ခန္ဓာနဲ့ ထိတွေ့ခဲ့ရင် နင် လူသားဖြစ်ခွင့်ရသွားလိမ့်မယ်''

''တကယ်''

''ကျန်သေးတယ်၊ အဲဒီ့မျက်ရည် (၇) စက်က နင့်အတွက် တကယ် ဝမ်းနည်းခံစားသွားရလို့ ကျလာတဲ့ ခံစားချက်မျက်ရည် ဖြစ်ရမယ်၊ လုပ်ယူလို့ ရလာတဲ့ မျက်ရည်တွေဆိုရင်တော့ ဘာမှအသုံးတည့်မှာ မဟုတ်ဘူး ကျီယာ''

''ဟင်''

သူနှင့်သူမ တွေးတောနေချိန်မှာ ပိုက်သွန်က ဆက်ပြောပြ၏။

''မနက်ဖြန်ကစပြီး နင်တို့ ကြိုးစားတော့၊ ဒီအတွက် (၂) ယောက် စလုံးကို ငါ (၇) ရက် အချိန်ပေးမယ်၊ အဲဒီ (၇) ရက်အတွင်းမှာမှ ကျီယာ လူဖြစ်ခွင့်မရဘူး၊ မအောင်မြင်ခဲ့ဘူးဆိုရင်တော့ ငါ အမိန့်ကို ဆက်လုပ်ရ လိမ့်မယ်၊ ဘာကိုမှလည်း ငါ ဂရုစိုက်မှာမဟုတ်တော့ဘူး ကျီယာ၊ ကဲ ငါ ပြန်တော့မယ်။ နောက် (၇) ရက်ပြည့်တဲ့နေ့မှာ ငါ ပြန်လာခဲ့မယ်''

နှစ်ယောက်တည်း ကျန်ခဲ့သည့် အခန်းလေးကတော့ ချောက်ချား ဖွယ် တိတ်ဆိတ်ငြိမ်သက်နေခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

- သင့် အကျိုးစီးပွားကိုလည်းကောင်း
သင့် အကြံအစည်ကိုလည်းကောင်း
သင့် အောင်မြင်ပျော်ရွှင်မှုကိုလည်းကောင်း
ဖျက်ဆီးနှောင့်ယှက်သောသူသည်
(အများအားဖြင့်)
သင် အယုံအကြည်ရခဲ့သော
သင့် ရင်းနှီးကျွမ်းဝင်လွန်းသော
သင့် အားကိုးတိုင်ပင်ရသော
သူသာ ဖြစ်နေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com

# (T)

(၃) ရက်မြောက်နေ့ ...။

"ကျွန်မအတွက် ဆို့နင့်ဝမ်းနည်းပြီး ကျတဲ့မျက်ရည် (၇) စက်ကို ကျွန်မ ဘယ်မှာသွားရှာရမလဲ ထင်ရှားရယ်၊ ရှင့်နေရာမှာ ကျွန်မဆိုရင်လည်း အကောင်းသား"

"ဘာဖြစ်လို့လဲဟင်"

သူ နားမလည်နိုင်စွာ ပြန်မေးမိသည်။

"ဘာဖြစ်ရမှာလဲ၊ ရှင့်မှာက အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်း တွေ အများကြီးရှိတယ်လေ၊ ကျွန်မမှာက ရှင်ကလွဲပြီး ဘယ်သူမှ မရှိဘူး လေ"

"ဒါက ဒီလိုရှိတယ် vampire လေး၊ အများအမြင်မှာတော့ အပေါင်းအသင်းသူငယ်ချင်းတွေ အများကြီးရှိတယ်ပေါ့၊ ဒါကယ်တော့ အပေါင်းအသင်းနဲ့ သူငယ်ချင်းက မတူဘူးလေ၊ ဟုတ်တယ်၊ ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com


အပေါင်းအသင်းတွေ အများကြီးရှိတယ်၊ ဒါပေမဲ့ သူငယ်ချင်းတော့ ရှားတယ်''

''ကျွန်မ နားမလည်ဘူး''

သို့ဖြင့် သူ သေသေချာချာ ပြောပြမိ၏။

''ဒီလိုကွာ၊ လုပ်ငန်းသဘော၊ လူမှုရေးသဘောအရ ပေါင်းသင်းဆက်ဆံနေရတဲ့ လူတွေ အများကြီး ကိုယ့်မှာရှိတယ်၊ ဒါပေမဲ့ . . . အဲဒီလူတွေက ကိုယ့်ရှေ့ကမှာသာ မြှောက်ပင့်အကောင်းပြော ဆက်ဆံကြတာ၊ ကွယ်ရာရောက်သွားရင်တော့ ကိုယ့်အကြောင်းကို ကဲ့ရဲ့အပုပ်ချတော့တာပဲ၊ တကယ့်တကယ် ဒုက္ခရောက်ပြီဟော့ဆိုရင် သူတို့က အားကိုးလို့ မရတော့တဲ့အပြင် ဝမ်းသာနေကြလိမ့်မယ်၊ စာဆိုတစ်ခုလိုပေါ့''

သူက စာဆိုအချို့ကို ရွတ်ပြလိုက်၏။

**နှုတ်ဖြင့်ပေါင်းသင်းဆက်ဆံကြသော မိတ်ဆွေတု(၄)မျိုး**

ရှေ့ဖြစ်စေ့စပ်၊ တစ်ထပ်နောက်မှီး၊ ချည်နှီးသဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်ညွန်ပျက်ပြား၊ ဤ(၄)ပါး။

**မြှောက်ပင့်ဆက်ဆံ သာပေါင်းညာစား မိတ်ဆွေများ**

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည့် ဤ (၄) အင်း။

''အဲဒါ . . . လူသားတွေရဲ့ အတ္တတချို့ပဲ၊ မယုံမရှိနဲ့နော်၊ ကိုယ်က လက်တွေ့ခံစားခဲ့ရတာ အရေထူနေပြီ၊ ဒါကြောင့်လည်း လူ့သတ်လို့သော


www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပုလိပ်နဲ့တွေ့မှ လက်ထိပ်ခတ်ခံရ၊ မြွေပွေးခါးပိုက်ပိုက်၊ နောက်ကျောကို ဓားနဲ့ထိုး၊ သူခိုး ဓားရိုးကမ်း ... ဆိုတဲ့ စကားပုံတွေ ပေါ်လာခဲ့တာပေါ့၊ အဲ ... တကယ့်သူငယ်ချင်း မိတ်ဆွေဆိုတာ ..."

သူ စာဆိုအချို့ကို ထပ်မံရွတ်ပြပြန်၏။

သူမကတော့ လူသားတွေ၏ ကောက်ကျစ်မှု၊ လောဘ၊ ဒေါသ၊ အတ္တတို့အကြောင်းကို အံ့သြတကြီးနှင့် နားထောင်နေရှာ၏။ ဒါကြောင့် ကြောက်စရာအကောင်းဆုံးက "လူ" ဟု သူမ ကြားဖူးခဲ့တာဖြစ်သည်။

| |
|---|
| <u>သူငယ်ချင်းကောင်း မိတ်ဆွေစစ်များ</u><br>မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရန်ကာကွယ်၊<br>ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်။<br>လျှို့ဝှက်စကား ကြားစေတုံလျက်၊ သူ့လျှို့ဝှက်၍<br>ဘေးတွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညာလျက်<br>ကိုယ်သာစွန့်မြောက်၊ ဤလေးချက်ကား၊<br>မျှလောက်ချမ်းသာ ဆင်းရဲတည်း။ |

သူမက ထူးထူးဆန်းဆန်း မေးခွန်းအချို့ကို သူ ရွတ်ဆိုမှုအဆုံး မေးလာပြန်၏။

"ထင်ရှားက အနုပညာသမားဆို"

"အင်းလေ"

"စာအုပ်တွေထဲမှာ ဖတ်ရတယ်၊ အနုပညာသမားတွေက နုလုံးသားလှတယ်ဆို"

"အင်း ... အများစုကတော့ ဟုတ်မှာပါ"

"အနုပညာဆိုတာ ဘာလဲဟင်၊ စိတ်ပြေလက်ပျောက် ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com


ပြောပြပါလားဟင်''

တကယ်တော့ ထင်ရှား စိတ်မကောင်းဖြစ်နေမှာကို တွေးမိပြီး သူမ တမင် ရောက်တတ်ရာရာတွေကို လျှောက်မေးနေခြင်း ဖြစ်၏။

ထင်ရှားကလည်း သူမ ခံစားရ သက်သာလို သက်သာငြား ဆို သည့်အတွေးဖြင့် ကြိတ်မှိတ်ပြောပြနေရခြင်း ဖြစ်သည်။

နှစ်ယောက်စလုံး၏ရင်ထဲမှာတော့ ...

''အင်း ... အနုပညာဆိုတာက အမျိုးမျိုးရှိတယ်လေ၊ အနုပညာ ဆိုတဲ့ ခေါင်းစဉ်တစ်ခုတည်းအောက်မှာ အားကစားလိုပဲ အများကြီး ပါဝင်နေ တယ်၊ ဥပမာ ... စာရေး ကဗျာရေး, ပန်းချီ, ရုပ်ရှင် ... စသဖြင့်တွေပေါ့၊ အင်း ... ဘာတွေနဲ့ အလားသဏ္ဍာန်တူလဲဆိုတော့ စာရေးဆရာတစ် ယောက်က (Golf) ဂေါ့ဖ်ရိုက်သူနဲ့ တူတယ်၊ သူ့ဇာတ်ကို သူတစ်ယောက် တည်း စိတ်ကူးရှိသလို ပုံဖော်နိုင်တယ်လေ၊ အဲ ... ကိုယ်တို့အလုပ် ရုပ်ရှင် ကျတော့ ဘောလုံးအသင်းနဲ့ တူတယ်၊ တစ်ဦးတစ်ယောက်တည်း စွမ်းအား နဲ့ မရတော့ဘူး၊ အားလုံး အချိုးတကျ ပေါင်းစည်းလုပ်ကိုင်မှ အောင်မြင် တယ်''

''လူတွေကို ကျွန်မ အားကျတာတစ်ခုရှိတယ်''

''ဘာကိုလဲ''

''လူသားတွေက သူတို့လုပ်ချင်တာကို ကြိုက်သလိုရွေးချယ် ကြိုးစားလုပ်ကိုင်ခွင့် ရကြတယ်လေ''

''လူ့လောကကြီးက ပင်ပန်းလွန်းပါတယ်၊ တစ်ခါတစ်ခါ သိပ် စိတ်ပျက်ဖို့ကောင်းတယ်၊ ကိုယ်တို့ အနုပညာလောကမှာပဲကြည့်၊ အသစ် တစ်ယောက် တက်လာရင် ဝိုင်းမြှောက်စားအားပေးမယ့်လူတွေထက် ဝိုင်း ဝန်းချိုးဖဲ့တိုက်ခိုက်မယ့်လူတွေကိုပဲ တွေ့ရတယ်၊ အမြီးကြက် အမြီးစား ခေါင်းကြက် ခေါင်းစားမယ့် လူ့ဘီလူးတွေကလည်း အများကြီးပဲ''


www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကြိုးစားရမှာပေါ့"

"အင်း ... ကိုယ်လည်း မကြာခဏ ပြုတ်ကျနေတဲ့ စိတ်ဓာတ်ကို ပြန်ကောက်ကောက်တင်ပြီး ကြိုးစားနေတာပဲလေ၊ အနုပညာလောကမှာ နာမည်တစ်လုံးက သိပ်အရေးကြီးတယ်၊ အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်နဲ့ မအောင်မြင်သေးတဲ့ လူတစ်ယောက်ကို ဆက်ဆံရာမှာ အများကြီး ကွာခြားတယ်၊ ငွေကြေးအတိုင်းအတာအရရောပေါ့၊ တကယ်တော့ အောင်မြင်ခြင်းနဲ့ မအောင်မြင်ခြင်းကြားမှာ စည်းလေးတစ်ခုပဲ ခြားထားတာပါ၊ ကြိုးစားနေရိုးသာမှန်ရင် အဲဒီစည်းလေးကို ကျော်လွှားနိုင်မှာပါ"

သူ ... သူမကို ပြောပြနေရပေမယ့် ရင်ထဲမှာတော့ မီးလိုပူနေ၏။ ရင်တွင်းက မိုးတွေ ပြိုနေသလောက် "ငါ သူ့ကို ဆုံးရှုံးရတော့မယ်" ဆိုတဲ့ အတွေးကို အတင်းထိုးသိပ်ပြီး ငိုကြွေးကြည့်ပေမယ့် မျက်ရည်စက်က ထွက်ကျမလာခဲ့။

သူ ... သူမအပေါ် တကယ်မချစ်ခဲ့လို့လား။ မဟုတ်ပြန်။ သူ သူမကို သိပ်ချစ်ပါသည်။ သို့ကြောင့်လည်း သူ မျက်ရည်ကျအောင် အမျိုးမျိုး အားထုတ်ကြိုးစားခဲ့တာ ဖြစ်သည်။ သို့ပေမယ့် ထူးဆန်းသည်က ရင်ထဲမှာ ဆို့နင့်နာကျင် ဝမ်းနည်းခံစားနေရသလောက် ပြယုဂ်တစ်ခုဖြစ်တဲ့ မျက်ရည်စက်တို့က ထွက်ကျမလာခဲ့ခြင်းပင် ဖြစ်၏။

နာရီ၊ စက္ကန့်၊ မိနစ်တံတို့က စည်းချက်မှန်မှန် ရွေ့လျားနေ၏။ အတော်ကြာကြာ တိတ်ဆိတ်နေသည့် သူမက စကားစလိုက်သည်။

"လူဖြစ်ဖို့ သိပ်ခက်ခဲတာပဲနော်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်ပါတယ်၊ ရှင်က ကျွန်မကို သိပ်ချစ်တယ်လေ၊ ကျွန်မတို့ရဲ့ ကံကြမ္မာက ဘယ်လိုဆိုတာကို ကြိုမသိရပေမယ့်လည်း လက်ရှိပိုင်ဆိုင်နေတဲ့အချိန် (၄) ရက်ကို ကျွန်မ ရှင်နဲ့အတူ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသွားချင်တယ်၊ ကျေးဇူးပြုပြီး ရှင် ကျွန်မအတွက်နဲ့ စိတ်ညစ်ခံစားမနေပါနဲ့နော်"

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်လျှော့သွားတာလား။

မျက်ဝန်းချင်းဆုံပြီး အပြုံးတို့ လဲလှယ်ဖြစ်ကြ၏။ စကားလုံးတို့ လေထဲမှာ ပျောက်ဆုံးကုန်၏။ သူ ... သူ့အခန်းနံရံထဲမှာ တပ်ထားမိသည့် ကဗျာတစ်ပုဒ်ရဲ့အဓိပ္ပာယ်ကို သူ ဖျတ်ခနဲ ရှာတွေ့မိသွားသည်။

**ကိန်းရောပုံပြင်မှ မက်သမက်သစ် လိမ္မော်ရောင်**

$$= \text{ရုပ်ပုံ}\,\frac{\text{စကားနု}}{\text{အချစ်}} + \text{ပန်းသီး}\,\frac{\text{အနမ်း}}{\text{ရင်ခွင်}} - \text{အလွမ်း}\,\frac{\text{နွေ}}{\text{ခြေရာ}}$$

$$= \frac{\text{ကောင်းကင်ဘုံ}}{\text{အချစ်}} + \frac{\text{မေတ္တာ}}{\text{ရင်ခွင်}} - \frac{\text{မျက်ရည်}}{\text{ခြေရာ}}$$

$$= \frac{\text{မျက်လုံး} + \text{အရိပ်} - \text{ဝေဒနာ}}{\text{ရသ}}$$

$$= \frac{\cancel{\text{ဥပေက္ခာ}}}{\cancel{\text{ရသ}}}\,\text{အိပ်မက်}$$

$$= \text{အိပ်မက်}$$

တကယ်တော့ ကံကြမ္မာက မင်းနဲ့ကိုယ့်ကို အိပ်မက်လှလှတစ်ပုဒ် မက်စေခဲ့တာပါပဲ။ ငါတို့တွေ မတွေ့ခဲ့ရရင် သိပ်ကောင်းမှာပဲ။ အခုတော့ အနားသတ် မလှပတဲ့ အိပ်မက်တစ်ခုအောက်မှာ မင်းနဲ့ ငါ ...။

■

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

❑ ဖြူစင်သန့်ရှင်း၍ စစ်မှန်သော ချစ်ခြင်းကို
လောက႑က ထာဝရ စောင့်ရှောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# (U)

(၇) ရက်မြောက်သောနေ့ ...။

"ထင်ရှား ... ဘယ်ကိုသွားနေတာလဲ"

"ဆိပ်ကမ်းကိုလေ"

"ဘာလုပ်ဖို့လဲ၊ ကျွန်မ ရေကြောက်တယ်"

သူ အပြုံးတစ်ခုကို စိတ်မပါလက်မပါ ဖန်တီးမိသည်။ သို့ကြောင့် ထင် သူ့အပြုံးက မပီပြင်လှ။

"မင်း ... ကိုယ့်ကို ယုံကြည်တယ်မဟုတ်လား vampire လေး"

"အင်း"

"ကိုယ် အခု အပျော်စီးသင်္ဘောပေါ်ကို သွားမလို့၊ အဲဒီမှာ ကိုယ်တို့နှစ်ယောက် သင်္ဘောအတူတူ စီးကြမယ်၊ သင်္ဘောပေါ်မှာ ကိုယ်က ဆေးတွေသောက်မယ်၊ vampire လေးက ကြက်ကြော်နဲ့စပါတလင် သောက်ပေါ့၊ ပြီးတော့ လတ်ဆတ်တဲ့လေကို ရှူရှိုက်ရင်း ဒီညကို ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ကြမယ်"

သူမက သူ့မျက်နှာလေးကို ငေးကြည့်နေ၏။ နောက် . . . အား ယူပြုံးလိုက်ပြီး . . .

"အင်း . . . ရေပေါ်မှာဆိုပေမယ့် အနားမှာ ရှင်တစ်ယောက်လုံး ရှိနေတဲ့အတွက် ကျွန်မ ဘာကိုမှ ကြောက်မနေတော့ပါဘူး၊ ရှင့်အစီအစဉ် ကို ကျွန်မ ကြိုက်ပါတယ်"

"vampire လေး၊ ဒီညက ကိုယ်တို့နှစ်ယောက်အတွက် နောက် ဆုံးညပဲ ထင်တယ်နော်"

"အင်း!"

ဒီထက်ပိုပြီး သူတို့ ဘာစကားမျှ ထပ်မဆိုဖြစ်တော့ပါ။ စကားလုံး တွေက ရင်ထဲမှာ မွန်းကျပ်တစ်ဆို့နေကြ၏။

လေတဖြူးဖြူးတိုက်ခတ်နေပုံက အခြားအချိန်တွေမှာဆို သိပ်ခံစား လို့ကောင်းမယ့်အနေအထားမျိုးပေါ့။

အခုတော့ . . .

သူ သူမလက်ကို ဆုပ်ကိုင်လိုက်ပြီး သင်္ဘောပေါ်ကို တက်ရန် အားယူလိုက်သည်။ အပေါ်ကိုရောက်တော့ အသင့်ဖြစ်နေသည့် ဧည့်ကြို ဝန်ထမ်းတစ်ယောက်က . . .

"အစ်ကိုတို့က စားပွဲနံပါတ် ဘယ်လောက်ပါလဲ"

သူ လက်မှတ်တစ်ခု ထုတ်ပေးလိုက်တော့ ဝန်ထမ်းတစ်ယောက်က

"ဩော် . . . အစ်ကိုတို့အတွဲက နောက်ဆုံးကျန်နေတဲ့ အတွဲပဲ၊ ဒီဘက်ကို ကြွပါ၊ ကျွန်တော် လိုက်ပြပါရစေ"

ဟုဆိုကာ ဦးဆောင်သွား၏။

ထိုစဉ် . . .

"ဟို . . . အစ်ကိုလေး ဒီမှာ ပိုက်ဆံအိတ် ကျကျန်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေါ်မှ လူငယ်တစ်ဦးက လှမ်းအော်ပြောနေခြင်းဖြစ်၏။ သူ ဘောင်းဘီနောက်အိတ်ကပ်ကို စမ်းကြည့်တော့ ပိုက်ဆံအိတ်ရှိမနေတော့။

"အရင်သွားနှင့်လေ၊ ကိုယ် ပိုက်ဆံအိတ် ဒီပေါ်အတက်မှာ ပြုတ်ကျခဲ့လို့ သွားပြန်ယူလိုက်ဦးမယ်"

သူမက ဝန်ထမ်းလေးနောက်ကို ပါသွား၏။ သူက ကမ်းပေါ်ကို ပြန်တက်သွားပြီး ပိုက်ဆံအိတ်ကို ယူလိုက်၏။

"ကျေးဇူးပဲ ညီလေး"

"ရပါတယ် အစ်ကိုရာ"

♬ ရင်ခွင်ထဲက လမင်းလေး xxx ငါ့ဘဝ အလင်းတန်းလေး ♬

ဖုန်းမြည်သံကြောင့် သူ ဖုန်းကိုထုတ်ပြီး ကြည့်လိုက်၏။ မေမေ့ဆီက ဖုန်းဖြစ်၏။ သူ ကိုင်လိုက်သည်။

"မေမေ ... ပြော"

"..."

"သားလား ... ကျိုယာ့ကို ခေါ်ဖြစ်မယ် မထင်ဘူး"

"..."

"ဟုတ်တယ်၊ သားတို့ လမ်းခွဲလိုက်ပြီ"

"..."

"နောက်မှပဲ သား ရှင်းပြပါရစေ၊ အခု သားတစ်ယောက်တည်း နေပါရစေ"

"..."

"ဒါပဲနော် မေမေ"

သူ ဖုန်းချလိုက်သည်။ အနောက်ကို ပြန်လှည့်ကြည့်မိတော့ ...

"ဟာ!"

သူ ဘာလုပ်ရမည်မသိ။ ဆောက်တည်ရာမရ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com


အပျော်စီးသင်္ဘောက ကမ်းက ခွာသွားပြီးဖြစ်သောကြောင့် ဖြစ်၏။ သူ လှမ်းအော်ကြည့်မိသည်။

"ကျိယာ ... ကျိယာ"

လူအချို့က သူ့ကို အရူးတစ်ယောက်လို ဝိုင်းကြည့်နေကြ၏။ သူ ဂရုမစိုက်နိုင်အားပါ။ သူမ သိပ်ကြောက်သည့် ရေလမ်းခရီးမှာ သူမ တစ်ယောက်တည်း ပါသွားခဲ့ပြီ မဟုတ်လား။

"ငါ ... ဘာလုပ်ရမလဲ"

သူ အနားမှာတွေ့သည့် Taxi တစ်စီးကို တားလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



သဘော်ာစထွက်နေပြီဆိုတဲ့အသိက သူမကို ချောက်ချားသွားစေသည်။ အနားမှာ သူ မရှိလို့ မဖြစ်ပါ။

"ထင်ရှား ... ရှင် ဘယ်မှာလဲ၊ ရှင် လိုက်မလာဘူးလား"

သဘော်ာတစ်စီးလုံးပေါ်မှာ သူမ သိကျွမ်းဖူးသူ မရှိပါ။ အားလုံး ဈက်နှာစိမ်းတွေချည်း။ သူမ ဘာလုပ်ရမလဲ။

သူမ ကြောက်ရွံ့ထိတ်လန့်နေမိ၏။ သို့ဖြင့် သူမ ထလိုက်ပြီး သဘော်ာဦးပိုင်းကို တက်သွားလိုက်ပြီး ကမ်းစပ်ကို လှမ်းကြည့်မိ၏။ မတွေ့ချ။ ထင်ရှားကို မတွေ့ရပါ။ သူ ဘယ်မှာလဲ။

တွေးရင်းတွေးရင်း သူမ အားငယ်လာ၏။ ထိုစဉ် အစောက ညီ့ ကြိုဝန်ထမ်းတစ်ယောက် ရောက်လာ၏။

"အမယ်လေး ... ကြက်ကြော်နဲ့ စပါကလင် ရောက်ပါပြီ"

"ဟို ... ကျွန်မနဲ့အတူလာတဲ့ လူကို တွေ့မိလားဟင်"



www.burmeseclassic.com

www.burmeseclassic.com


"သူ့ကို မတွေ့မိဘူး၊ ကမ်းပေါ်ကို ပြန်သွားတာမဟုတ်လား၊ သူ ကျန်ခဲ့တာဖြစ်မယ်"

"ဟင်"

သူမ အရုပ်ကြိုးပြတ်သလို ဖြစ်သွားရသည်။

နားလည်ပုံမရသည့် ညှော်ကြိုဝန်ထမ်းကတော့ ခေါင်းတကုတ်ကုတ်နှင့် ပြန်ထွက်သွား၏။

သူမ ဘာဆက်လုပ်ရမည်နည်း။ နောက်တော့ ••• သူမ မျက်ဝန်းတို့ ငွေ့ရည်ဖွဲ့လာလေ၏။

■


www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ‥ ဗြော ‥ ဗြော ‥ ဂျိမ်း'

ရုတ်တရက် သည်းထန်လာပြီဖြစ်တဲ့ မိုးသဲထဲမှာ အဖြူရောင် Taxi ကားလေးတစ်စီး တရိပ်ရိပ်ပြေးလွှားနေ၏။

"ညီလေး … အစ်ကိုက ဘယ်အထိမောင်းရမှာလဲ"

"ဟိုမှာတွေ့လား၊ အဲဒီ့သင်္ဘောသွားရာတစ်လျှောက်လိုက်မှာ၊ မြန်မြန်လေးသာမောင်း၊ ကျသလောက်ပေးမယ်"

"ဘာဖြစ်လို့လဲ၊ သင်္ဘောပေါ်မှာ လူကျွဲပါသွားလို့လား"

သူ ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြလိုက်၏။

"ဒါများ ညီလေးရာ ပိုက်ဆံအကုန်ခံလို့ ဆိပ်ကမ်းက ထိုင်စောင့်နေရင် ပြီးရော၊ ဒီအပျော်စီးသင်္ဘောက တစ်ပတ်ပတ်ပြီး ည (၉) နာရီလောက်မှာ ပြန်လာမှာပဲဟာကို"

"မောင်းမှာသာ မောင်းစမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ညီလေးကို စေတနာနဲ့ ပြောတာပါ၊ ဒီသဘော်က ဘယ်မှာမှ ရပ်မှာမဟုတ်ဘူးနော်"

သူ့အပူနှင့်သူမို့ ကားဆရာကြီးကို သူ ပြန်မဖြေဖြစ်တော့ မြစ်ထဲက သဘော်မီးရောင်ပျပျကလေးကိုသာ အာရုံစိုက်ကြည့်နေမိ၏။

မြင်ကွင်းက သူ့အာရုံစူးစိုက်မှုကြောင့် အနားကိုနီးကပ်လာပြီး အားလုံးကို သဲသဲကွဲကွဲ သူ မြင်နေရသည်။ သဘော်ပေါ်မှာ ဆိုးဝါးလာသည့် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘော်ဝန်ထမ်းတွေ ပြေးလွှားအလုပ်ရှုပ်နေကြ၏။ စားသုံးသူတွေလည်း မပျော်ရဘဲ ရင်ထိတ်ထိတ် ဖြစ်နေကြပုံရ၏။

သူမကိုတော့ ခုထိ သူ မတွေ့ရသေး။ သဘော်ဦးပိုင်းကို သူ ကြည့်မိချိန်မှာတော့ . . .

"ဟာ . . . vampire လေး"

မိုးသဲသဲမဲမဲကြီးထဲမှာ ငုတ်တုတ်ထိုင်ပြီး တုန်လှုပ်ကြောက်ရွံ့နေသည့် သူမကို တွေ့လိုက်ရသည်။ ကြောက်စိတ်ကြောင့်လား၊ မိုးဓာတ် လေဓာတ်ကြောင့်လား မပြောတတ်ပါ။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။ နတ်အမြုတေအစွမ်းကြောင့်ထင်။ တစ်ချက်တစ်ချက် သူ့ နာမည်ကို ကြုံးအော်ဟစ်နေသည့် သူမအသံလေး တိုးပျပျကို သူ့နားထဲ မှာ ဗုံတစ်လုံးကွဲသလို ကြားနေရ၏။

"ထင်ရှားရေ . . . ထင်ရှား၊ ရှင် ဘယ်မှာလဲ၊ ကျွန်မ အရမ်းကြောက် တယ် ထင်ရှားရေ၊ ကျွန်မကို လာခေါ်ပါတော့ရှင် . . . အဟင့် ဟင့်"

သူမ ဘယ်လောက်တောင် ကြောက်ရွံ့လိုက်မလဲ။ အတွေးက သူ့ရင်ကို မီးစနှင့်ထိုးသလို ခံစားနေရ၏။ ငါ့အပြစ်တွေပါ vampire လေး ရယ်။

နောက်ဆုံး နေ့ရက်ကလေးမှာတောင် သူမနှင့်အတူ ရှိနေမပေးနိုင် သည့်/ ပျော်ရွှင်အောင် မစွမ်းဆောင်နိုင်ခဲ့သည့် သူ့ကိုယ်သူလည်း အပြစ်


www.burmeseclassic.com

www.burmeseclassic.com



ဘင်လို့ မဆိုးတော့။

ကားဆရာကြီးကတော့ စိုးရိမ်ပူပန်မှုအားကြီးနေသည့်သူ့ကိုကြည့်ပြီး နားမလည်နိုင် ဖြစ်နေ၏။

ထိုစဉ် . . .

"ဟာ ညီလေး . . . ဟိုးရှေ့က ဆိပ်ကမ်းမှာ သင်္ဘောကပ်မယ်ဆင်တယ်၊ ရာသီဥတုကြောင့် ခဏဝင်နားတာဖြစ်မယ်၊ ငါ့ညီကံပဲ ထင်တယ်"

"အဲဒီဆိပ်ကမ်းကို အမြန်သာ မောင်းပေးပါဗျာ"

"ဘူ . . . ဘော်!"

ရာသီဥတုအခြေအနေကြောင့် အပျော်စီးသင်္ဘောကြီးသည် နီးစပ်ရာ ဆိပ်ကမ်းတစ်ခုမှာ ဝင်ကပ်လိုက်၏။ Taxi ကားလေးတစ်စီးလည်း ချက်ချင်းဆိုသလို ထိုးရပ်လာ၏။

သူ ကားပေါ်မှ အလျင်အမြန်ပြေးဆင်းပြီး သင်္ဘောပေါ်ကို အားကုန်ပြေးတက်လိုက်သည်။ လူအချို့က သူ့ကို နားမလည်နိုင်စွာ ငေးကြည့်နေကြ၏။

မိုးကလည်း သဲလို့ကောင်းနေစဲ။

သင်္ဘောဦးပိုင်းကိုရောက်တော့ မေ့မြောလဲကျနေသည့် သူမကို တွေ့ရ၏။ ရာသီဥတုဒဏ်၊ အားငယ်ကြောက်ရွံ့မှုဒဏ်၊ အမြုတေနှင့် ဝေးကွာနေသည့် ဒဏ်တွေကြောင့် သူမ သတိလစ်လဲကျသွားပုံရ၏။

သူ . . . ပြေးပွေ့ထူလိုက်၏။ သူမတစ်ကိုယ်လုံး အေးစက်နေ၏။

"vampire လေး . . . ကိုယ်ရောက်လာပြီလေ"

သူမ မလှုပ်ပါ။

"ကိုယ့်အပြစ်ပါကွာ၊ ဒါ . . . ကိုယ့်ကြောင့်ပါ"

သူ့အတွက်နှင့် သူမ သေဆုံးသွားပြီဆိုသည့် အတွေးစိတ်က သူ့



www.burmeseclassic.com

www.burmeseclassic.com


ရင်ကို ဟာဆင်းသွားစေသည်။ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသည့် ဝမ်းနည်း ကြေကွဲမှုတို့က သူ့ကို မီးကုန်ယမ်းကုန် ဝိုင်းဝန်းနှိပ်စက်နေကြ၏။

"ကိုယ့်ကို တစ်ခုခု ထပြောပါဦးကွာ၊ မင်းပြောတော့ ဘယ်တော့မှ မအို၊ မနာ၊ မသေနိုင်ဘူးဆို၊ အခု ... ဘာဖြစ်ရတာလဲကွာ"

နောက်တော့ သူ ဆောက်တည်ရာမရ အော်ဟစ်ပစ်လိုက်မိသည်။

"အား"

ဟင့်အင်း ... မင်းမသေရဘူး။ မင်း ငါ့ကို ဒီအတိုင်းထားသွားမှု ကို ငါ ခွင့်မပြုနိုင်ဘူး။ ငါတို့နှစ်ယောက် ဘယ်တော့မှ မခွဲခွာရပါဘူး။

သူ အရူးတစ်ယောက်လို သူမကို ဖြည့်ကျပ်တင်းကျပ်စွာ ပွေ့ဖက် ထားပြီး တတွတ်တွတ် ပြောနေမိ၏။

"ထင်ရှား ... ကျွန်မ ကြောက်တယ်"

"ဟင်"

သူမ မသေသေးဘူး။ သူမအသံ တိုးလျလျကို သူ ကြားလိုက် မိသည်။

"ဟာ ... vampire လေး၊ ကိုယ့်အမှားပါကွာ၊ ကိုယ့်အမှားပါ"

"ကျွန်မ ရှင်မရှိရင် သိပ်ကြောက်တာပဲ"

"ဘာကိုမှ မကြောက်နဲ့တော့နော်၊ အခု ကိုယ်ရောက်လာပြီပဲကွယ်"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စေးစေးပိုင်ပိုင် ပွေ့ဖက်နေမိကြ၏။ နှစ်ဦးစလုံး၏မျက်ဝန်းအိမ်တွေမှာတော့ အဖြူရင့်ရောင် ငွေရည်ဥတို့ ရစ်သိုင်းစီးကျနေ၏။

သူ ... သူမကို ပွေ့ဖက်ထားရင်းမှ ..

"ကိုယ် မင်းကို အရမ်းချစ်တယ်"

သူမက သူ့မျက်နှာကို ငေးမောကြည့်လိုက်၏။

မျက်ရည်စက်ကလေးတစ်စက်။


www.burmeseclassic.com

www.burmeseclassic.com


'တောက်!'

သူမ နဖူးအစပ်တွင် နွေးထွေးလှသော နူးညံ့သာယာလှသော အထိအတွေ့လေးတစ်ခု။

နောက်တော့ သူမမျက်နှာပေါ်သို့ ထင်ရှားမျက်ဝန်းအိမ်မှာ နွေးထွေးလှသော မျက်ရည်စက်တို့ တစ်စက်ပြီးတစ်စက် ဆင်းသက်ကျဆင်းလာ၏။

"ဟင် ... ထင်ရှား"

သူ ငုံ့ကြည့်လိုက်၏။ သူမက ဆို့နင့်လှိုက်လှဲစွာ ပြန်ပြုံးပြပြီး ...

"ထင်ရှား ... ရှင် ကျွန်မအတွက် တကယ်ဝမ်းနည်းခံစားပြီး ငိုနေတယ်နော်၊ ဟုတ်တယ် ... ရှင် ငိုနေတာ"

သူ့ကိုယ်သူပင် သတိမထားမိခဲ့။

ဟုတ်ပါသည်။ သူ သည်းထန်စွာ ငိုကြွေးနေပါ၏။

"ဟုတ်တယ်၊ ကိုယ် ငိုနေတယ်၊ မင်းအတွက် ခံစားခဲ့ရတဲ့ မျက်ရည်စက်တွေနဲ့ပေါ့"

သူမ ... သူ့ကို ပြုံးရီစွာ ငေးစိုက်ကြည့်နေ၏။ ထိုစဉ် ...

'ကျွမ်း!'

မီးထစ်ချွန်းသံတစ်ခုနှင့်အတူ စူးရှတောက်ပလှသော အလင်းတန်းတစ်ခု 'ပြုး' ခနဲ၊ 'ပြက်'ခနဲ လင်းလဲ့သွား၏။

■



www.burmeseclassic.com

www.burmeseclassic.com

❑ ချစ်လွန်းလို့ ရူးပါစေ . . .
ရူးလွန်းလို့ ကြေပျက်သွားပါစေ . . .
မြတ်နိုးတတ်သူ နှလုံးသားမှာ . . .
ရာဇဝင်တွင်မယ့် ပေးဆပ်ခြင်းတွေနဲ့
ဘဝဆက်တိုင်း သစ္စာခံနေပါရစေ . . .။

ခေတ်သွေး
(ပိုးဟပ်ဖြူ စာအုပ်မှ)

www.burmeseclassic.com

www.burmeseclassic.com

# (V)

တိုက်ခန်းလေးတစ်ခု၏အိပ်ခန်းတစ်ခန်းအတွင်းတွင် တစ်ယောက်အိပ်ခုတင်လေးတစ်လုံး ရှိ၏။ ထိုတစ်ယောက်အိပ်ခုတင်လေးတစ်လုံးပေါ်တွင် လူနှစ်ယောက် လဲလျောင်းပွေ့ဖက် တီးတိုးဆိုနေကြ၏။

ထိုလူနှစ်ဦးသည် မင်္ဂလာပွဲမကျင်းပရသေးသည့် ဖနီးမောင်နှံနှစ်ဦးလည်း ဖြစ်၏။

သိပ်ချစ်ကြသည့် ဖနီးမောင်နှံတို့ ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် ကြည့်မဝ, ရှုမဝကြ။ စကားတွေလည်း ဖောင်ဖွဲ့နေ၏။

"ကိုယ်တို့အဖြစ်က အိပ်မက်တစ်ခုလိုပဲနော်"

"ဟုတ်တယ်နော်၊ ထင်ရှားနဲ့ တစ်သက်လုံး မဝေးရတော့ဘူး"

"ကိုယ်တို့ ဘယ်တော့မှ မခွဲဘူးနော်"

"အင်းပါ ... ကိုယ်သာ နောက်မှ ဟိုမင်းသမီး ဒီမင်းသမီးတွေနဲ့တွေ့ပြီး လူကိုမေ့မသွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ... လက်စသတ်တော့ နတ်သမီးက သဝန်တိုနေတာကိုး"

"နတ်သမီး မဟုတ်ပါဘူးနော်၊ လူပါ၊ လူစစ်စစ်ကြီးပါ၊ သူသာ လူတစ်ပိုင်း, နတ်တစ်ပိုင်းကြီး"

"ဘာလဲ ... ကိုယ့်ကို မနာလိုနေတာလား"

သူမက သူ့ကို မျက်စောင်းတစ်ချက်ဝင့်ပြီး ...

"ဟုတ်တယ်၊ ဒီက တစ်နှစ်ပြီးတစ်နှစ် အိုမင်းရင့်ရော်လာတဲ့အချိန်မှာ ကိုယ်ကတော့ နုပျိုပြီး ထာဝရ အသက်ရှင်နေရမှာမဟုတ်လား၊ ဒီလူကို စိတ်ပျက်သွားရင် ဘယ်လိုလုပ်မလဲ"

သူ သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ကိုယ့်အချစ်ကို အကြွင်းမဲ့ ယုံကြည်စိတ်ချထားစမ်းပါ၊ ဒီကမ္ဘာလောကကြီးထဲမှာ ဟောဒီက vampire လေး မရှိတော့တဲ့နေ့ဟာ ကိုယ့်ဝမ်းထဲက နတ်အမြုတေကိုထုတ်ပြီး အဆုံးသတ်ပစ်မယ့်နေ့ပါပဲ"

"အို! မဟုတ်တာ၊ ဒီက ကိုယ့်ကို နောက်လိုက်တာပါ၊ ရှင်ရယ် ... ကိုယ့်ကို သိပ်ယုံကြည်တာပေါ့၊ မသိဘူးလား ကိုယ်ရယ်"

စကားအဆုံးမှာ သူမကို သူ နူးညံ့စွာ အကြင်နာပေးပစ်လိုက်ၿပီးနောက် ...

"ကိုယ့်ကို vampire လေး တစ်ခါပြောခဲ့ဖူးပါတယ်"

"ဘာလဲဟင်"

သူ ခပ်ညစ်ညစ်ကလေး ကျိတ်ပြုံးလိုက်ပြီး ...

"မိသားစုလေးတစ်စုကို ပိုင်ဆိုင်ချင်တယ်ဆိုတာလေ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

သူမက နားမလည်နိုင်ဖြစ်နေပုံရ၏။

"မိသားစုဆိုတာ ... ကိုယ်ရယ်၊ vampire လေးရယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



. . . သားတွေ, သမီး . . .''

''ဟာ . . . ဘာတွေလာပြောတာလဲ၊ ထင်ရှားနော် . . . မညစ်ပတ်နဲ့''

''ဟား ဟား ဟား''

''ရှင်နော်''

အပြာရောင်ဆန်သော အချစ်ညတစ်ညသည် တိတ်ဆိတ်တိုးတိတ်စွာ ကျရောက်လာခဲ့ပြီဖြစ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (W)

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်နှင့်အမျှ ...

ထူးဆန်းသော ပန်းချီကားချပ်အကြောင်းသည်လည်းကောင်း ..၊

ပျောက်ဆုံးသွားသော မိန်းကလေးအကြောင်းသည်လည်းကောင်း၊

ဒဏ္ဍာရီဆန်သော အဖြစ်အပျက်တစ်ခုသည်လည်းကောင်း ...၊

အရာအားလုံးသည် လောကဓမ္မသတ် ထုံးတမ်းအစဉ်အလာ တစ်ခု

အဝ ; သိမ်မွေ့ညင်သာစွာ မေ့ပျောက်သွားကြပြီ ဖြစ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## ပိရမစ်ပုံဆုတောင်းနှင့်အကျိုးကျေးဇူးများ

ABRACADABRA (အာဘာရာကာဒါဘာရာ) ဟူသော ဆုတောင်းဂါထာတော်သည် (၃) ရာစုမတိုင်မီကပင် Celtic (ဆဲလ်တစ်) လူမျိုးများဆီမှ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။

ထိုဆုတောင်းဂါထာ၏အနက်အဓိပ္ပာယ်ကို Celtic ဘာသာစကားအရ Abra = God, Cad = Holy ဟု အနက်ရ၏။ 'ဘုရားသခင်၏မြင့်မြတ်မှုအထွတ်အမြတ်' ဟု ဆိုကြသည်။

Lyber Medicinalis ကျမ်းတွင်မှု စကားလုံး (၁၁) လုံး၊ စာကြောင်း (၁၁) ကြောင်းနှင့် ဖွဲ့စည်းထားသော ဂါထာတော်သည် ဘုရားသခင်၏ အမှတ်စဉ် (၁၁) ဂဏန်း၏ထူးကဲမှုကြောင့် လူသားများကို အကျိုးထူးပေးသည်ဟု ဆိုထားခဲ့၏။

ရှေးအခါက celtic (ဆဲလ်တစ်) လူမျိုးများသည် ပီယကာ်ကောင်းမှု လာဘ်လာဘ ပွင့်လန်းမှု၊ ဘေးအန္တရာယ် မကောင်းဆိုးဝါး နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကွယ်မှုတို့အတွက် ဤဂါထာတော်ကို ပိရမစ်ပုံ ဆုတောင်းစာရေး၍ ဆောင်ယူကုန်ကြသည်။

သတ္တုပြား၊ သံပြား၊ ငွေပြား၊ ရွှေပြား၊ ကြေးနီပြားတို့ပေါ်တွင် သံချွန်နှင့်ဖြစ်စေ စက္ကူပေါ်တွင် မှင်နှင့်ဖြစ်စေ၊ ရေးထိုးဆောင်ယူ၍ ရ၏။ မကျန်းမာသူများအား ဤဂါထာကို ရွတ်ဆိုပေး၍ လေနှင့်မှုတ်ခြင်း၊ ရေမန်းတိုက်ကျွေးခြင်းကို ယုံယုံကြည်ကြည်ပြုလုပ်ပါက ထူးခြားလာစေကြောင်းကို ကျမ်းဂန်အချို့တွင် အခိုင်အမာဖော်ပြထားခဲ့၏။

သို့ကြောင့် လူအချို့က အောက်ပါပိရမစ်ဆုတောင်းဂါထာကို ဆွဲသီး ဆွဲပြားအဖြစ်/ အဆောင်အဖြစ် ကိုယ်နှင့်မကွာ ယူဆောင်ထားကြသည်။

ထိုအဆောင်ကို မည်သူမဆို တနင်္ဂနွေနေ့ အလင်းရောင်အကောင်းဆုံး အခြေအနေအောက်တွင် ရေးထိုးဆောင်ယူရမည်ဖြစ်ပါသည်။

O
A
AB
ABR
ABRA
ABRAC
ABRACA
ABRACAD
ABRACADA
ABRACADAB
ABRACADABR
ABRACADABRA

(ပိရမစ်ဆုတောင်းစာပါ ဆွဲပြားအဆောင်တစ်ခုပုံ)

■



www.burmeseclassic.com

www.burmeseclassic.com

# (X)




ပုခက်အတွင်းမှာ အိပ်ပျော်နေသော ကလေးငယ်တစ်ဦးသည် ရုတ်တရက် နိုးထလာပြီး အထက်ပါအတိုင်း စူးရှကျယ်လောင်စွာ အော်ဟစ်ငိုယိုနေလေ၏။

လူငယ်တစ်ဦးသည် 'vampire'အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းအတွက် အသေးစိတ်ဇာတ်ညွှန်းတစ်ပုဒ်ကို အားသွန်ခွန်စိုက် ရေးသားနေချိန်လည်း ဖြစ်၏။

ကလေးငိုသံကို ကြားပေမယ့်လည်း အနုပညာစျာန်ဝင်စားနေချိန်မို့ ထိုင်ရာမှမထချင်။ သို့ဖြင့် ...

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ ... ကလေးငိုနေတယ်လေ၊ ခဏ ထချော့လိုက်ပါဦးဟ၊ ဒီ scene က အရေးကြီးနေလို့ပါ"

ပန်းသီးတစ်လုံးကို ကြွက်ကိုက်ထားပုံရသော အမှတ်တံဆိပ်ပါ Laptop တစ်လုံးရှေ့တွင်မှ နားကျပ်တပ်ထားပြီး keyboad ပေါ်ရှိ ခလုတ်များကို တဖြောင်းဖြောင်းရိုက်ပြီး အလုပ်ရှုပ်နေသော ကလေးအမေဖြစ်ဟန်တူသော သက်လတ်ပိုင်းအရွယ်ရှိ မိန်းမတစ်ဦးသည် ယောကျ်ားဖြစ်သူ အော်သံကို မကြားပါ။

ထို့အတူ ကလေးငိုသံကိုလည်း ကြားလိမ့်မည် မထင်ပါ။ အဘယ်ကြောင့်ဆိုသော် သူမသည် online ပေါ်တွင် လောကကြီးကို တဒင်္ဂမေ့လျော့ကာ အပေါင်းအဖော်များနှင့် Facebook ပေါ်တွင်လည်းကောင်း၊ G.Talk ပေါ်တွင်လည်းကောင်း ပယ်ပယ်နယ်နယ် chat နေသောကြောင့်ပင် ဖြစ်လေတော့၏။

■


www.burmeseclassic.com

www.burmeseclassic.com

- ♡Line ပေါ်တွင် . . .

နတ်သမီးတစ်ပါး Chatting ထိုင်နေပါသည်။

(The End)

ဇာတ်လမ်းတစ်ပုဒ်ပြီးဆုံးသွားတဲ့အခါ
နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက်
အဆင်သင့်ဖြစ်နေစမြဲပါပဲ . . .။ ။

လေးစားကြိုးစားလျက်မှ . . .

မင်းတခေတ်
(22.7.2012 - PM: 9:47:00)
E-Mail - mintakhi[illegible]@gmail.com

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## Second Cupid (ဒုတိယ မြားနတ်မောင်) နှင့်ပတ်သက်၍

BURMESE CLASSIC

စာဖတ်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော့်ရဲ့ပထမဆုံး လုံးချင်းဖြစ်တဲ့ Tattoo (တက်တူး) စာအုပ်ထဲတွင် အချစ်ရေး/အိမ်ထောင်ရေး ပြဿနာများကိုသာ (သီးသန့်) မေးမြန်းအကြံပြုဆွေးနွေးနိုင်သော 'secondcupidsecondcupid @gmail.com' အကောင့်ကို စေတနာသက်သက်နဲ့ ထည့်သွင်းဖော်ပြပေး သွားခဲ့ပါတယ်။

Online ပေါ်မှာ ပရိသတ်အတော်များများက အသိအမှတ်ပြု စိတ်ဝင်တစား လာရောက်မေးမြန်းကြတဲ့အတွက်လည်း ကျွန်တော် ပီတိဖြစ်ရ တယ်။ ကျွန်တော့်အနေနဲ့ စာဖတ်ပရိသတ်များကို ရှင်းရှင်းလင်းလင်း သိနားလည်စေချင်တာက စာရေးသူ ကျွန်တော် 'မင်းတခေတ်' နဲ့အကြံပြု ဆွေးနွေးသူ 'secondcupid' က တစ်ဦးတစ်ယောက်တည်း မဟုတ်တဲ့ အကြောင်းပါ။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ဟာ စာရေးသူသက်သက် စာရေးဆရာတစ်ယောက်ဖြစ်သလို ချစ်မှုရေးရာများကို အကြံပြုဆွေးနွေး ဖြေကြားပေးသူ ဒုတိယမြားနတ်မောင်ဟာလည်း သီးသန့်တစ်ယောက်ပါ။ Second ဟာ လူငယ်တွေရဲ့ အချစ်ရေး ပြဿနာများ၊ အိမ်ထောင်တစ်ခုရဲ့ အဓိကဖြစ်တတ်တဲ့ ပြဿနာများနှင့် ဆန့်ကျင်ဘက်လိင်နှစ်ဦးရဲ့ (အချစ်ဆိုသည့် ခေါင်းစဉ်တစ်ခုအောက်မှ) ထူးခြားသော ဆက်ဆံရေးများကို လူတွေ့/စာတွေ့ လေ့လာသုံးသပ်သုတေသနပြုနေသောသူ တစ်ယောက်ပါ။

သူလေ့လာတွေ့ရှိထားသော အချက်အလက်များကို အများသူငါအောင်မြင်ပျော်ရွှင်အသုံးပြုနိုင်ရေးအတွက် သူ့ကို အကျိုးအကြောင်းပြောပြအကူအညီတောင်းခံခဲ့ပါတယ်။ သူကလည်း ဝမ်းပန်းတသာ လက်ခံကြိုဆိုခဲ့ပါတယ်။ ဒါနဲ့ပဲ နှစ်ဦးသားရဲ့မေတ္တာစေတနာတို့ ပူပေါင်းပြီး Tattoo (တက်တူး) စာအုပ်ထဲမှာ အသုံးပြုဖော်ပြပေးကာ လူငယ်များ/အိမ်ထောင်ရှင်များကို ကျွန်တော်တို့ တတ်စွမ်းသမျှ အကူအညီပေးခြင်းသက်သက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပရိသတ်များ နားလည်မှုမလွဲစေရန်အတွက် ဝန်ခံဖြေကြားပေးရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်ကလည်း စာဖတ်သူများအတွက် လုံးချင်းဝတ္ထုကောင်းများကို အကောင်းဆုံးကြိုးစားရေးသားပြီး ဆက်လက်ထုတ်ဝေသွားမှာဖြစ်သလို online ပေါ်က secondcupidsecondcupid@gmail.com ကိုလည်း ပရိသတ်များ ယုံယုံကြည်ကြည် ဆွေးနွေး/အကြံပြုတောင်းခံပြီး ဆက်လက်မေးမြန်းနိုင်ပါတယ်။

ကျွန်တော် Idea ထုတ်ပြီး ဆောင်ရွက်ခဲ့တဲ့ Account လေးက ပရိသတ်များကို ထိထိရောက်ရောက် အကူအညီပေးနိုင်တာကို မြင်သိခွင့်ရခဲ့တဲ့အတွက်လည်း သူ့ကို ကျေးဇူးတင်မိပါတယ်။ ပြီးတော့ ... ကျွန်တော့်ကို online ပေါ်မှာရော၊ စာအုပ်တိုက်ကိုပါ စာရေး/ဖုန်းဆက်

www.burmeseclassic.com

www.burmeseclassic.com



အားပေးကြသော ပရိသတ်များနဲ့ အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များကိုလည်း အထူးကျေးဇူးတင်ရှိနေပါကြောင်းကို ဒီစာမျက်နှာလေးကနေ တစ်ဆင့် ဖော်ပြမှတ်တမ်းတင်အပ်ပါတယ်။

လေးစားကြိုးစားလျက်မှ • • •

မင်းဗါနေခေတ်

(24.7.2012)

ရသစာအုပ်တိုက်

www.burmeseclassic.com